L593

ဂုန်ကုန်မြို့

ကျေးဇူးရှင်မိုးညိုဆရာတော်

ရေးသားတော်မူသော

ဝိပဿနာ

ဒဿနသုံးလ

ကျမ်း

စတုတ္ထတွဲ

ရန်ကုန်မြို့

ကျေးဇူးရှင် ဘိုးညီဆရာတော်ဘုရား

ရေးသားတော်မူသော

ဒီပသန္ဒာ

စမ္မတက္ကသိုလ်ကျမ်း

(စတုတ္ထတွဲ)

စာကြည့်တိုက်
ပိဋ္ဌကတာဝသာပြန်စာပေ
ပြန်ချိရေးအဖွဲ့

သာသနာတော်ပြန့်ပွားကြီးကြောရေးငါးပါးစေတနာဖြင့်

ဤစာအုပ်ကို ကုသိုလ်ယူဆောင်ရွက်ပြီး
ဒါယကာမ ဒေါ်ခင်ဆိုး - ရဲ့ဆွေမျိုးများ

ဤစာအုပ်သည် ပိဋ္ဌကတ်စာပေပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။
မှ ပုံနှိပ်ထုတ်ဝေသည်။

သာသနာ-၂၅၁၀။ ၁၄၆၈။ ကောဇာ-၁၀၃၀၀။

ဘာသာရေး ခွင့်ပြုချက် (၂၂၀၃)

ထုတ်ဝေသူ — ဦးအောင်ဇေယျ၊ (ဝ၆၀၁) အမှတ် (၇)
ပြည်သာယာလမ်း၊ ဘောက်ထော်။

ပုံနှိပ်သူ — ဦးသန်းမောင် (ဝ၇၉၄) အမှတ် (၁၁၃)
၂၄-လမ်း၊ ရန်ကုန်မြို့။

ဝိပဿနာဓမ္မတက္ကသိုလ်ကျမ်း

စတုတ္ထတဲ့

ပထမအကြိမ် အုပ်ရေ-၄၀၀၀။

အဖုံးရိုက်-ဣန္ဒာသယ။

၁၃၄၄-ခု၊ ဝါခေါင်လ။ ၁၉၇၄-ခု၊ စက်တင်ဘာလ။



ကျေးဇူးရှင်

မိုးညိုဆရာတော်ဘုရားဇာပုံ

နိုင်ငံတော်သြဝါဒါစရိယ

မန္တလေး ဦးပဝရ ဆရာတော်၏ ထောက်ခံချက်

မိုးညိုဆရာတော်ကလေး၏ ယခု-ရေးသားစီရင်အပ်သော ဝိပဿနာ ဓမ္မတက္ကသိုလ်ကျမ်းသည် ဘုရားဟော နိကာယ် ပါဠိတော်ကြီးများနှင့် ကိုက်ညီလှပါသည်။

အထူးထုတ်ဖော်ညွှန်ပြရသော်-

၁။ မဟာဝဂ္ဂသံယုတ်၊ ခန္ဓသုတ်၊ ဗီဇခန္ဓသုတ်။

၂။ ပဏ္ဏာသပါဠိတော်၊ မက္ကုသာတိသုတ်။

၃။ ပုဏ္ဏောဝါဒသုတ်နှင့် အထူးကိုက်ညီပါသည်။

(ပုံ) ဦးပဝရ

မြန်မာပြည် ဗုဒ္ဓသာသနာပြု-အစိုးရ ဝိနိစ္ဆယဌာန၊
နိုင်ငံတော်သြဝါဒါစရိယ မူလဂါးရိုတိုက်၊
(ဘီ-ဘီ-အိုကေ)မိဘမဲ့ကျောင်း၊ မန္တလေးမြို့။

ကျွဲနွားပဋိညာဉ်

ဤသို့ကြားဘူးပါ၏။

ဤကျမ်းစာကို ဖတ်ရှုလေ့လာကြသော ဓမ္မမိတ်ဆွေ အပေါင်းတို့-

ရှေးအခါက အားလုံးသော ပုဂ္ဂိုလ်တို့ မြင်သင့်မြင်အပ် သိသင့်သိအပ်သော ဗုဒ္ဓ၏တရားတော်များကို မြင်တတ် သိတတ်သောဉာဏ်အမြင် ပညာသိများ ရရှိကြရန် မေတ္တာ တရား ရွှေထား၍ ကျမ်းဘစောင် တဖွဲ့အနေနှင့် ရေးသား ပြုစုတော်မူကြသော ရဟန်းပညာရှိ လူပညာ ရှိပုဂ္ဂိုလ် ဆရာကြီးများသည် မိမိတို့ကျမ်း၏အရသာ လေးနက်ခိုင်ခံ့ စေခြင်းငှာ ဉာဏ်စွမ်းအား ရှိသမျှလောက် ပါဠိတော် အဋ္ဌကထာ ဋီကာစသော ကျမ်းများနှင့် အခြားသော ပုဂ္ဂိုလ်များ ရေးသားပြုစုထားသော ကျမ်းစာအုပ်များ ကိုပါ အဖန်ဖန် လှန်ပြန်မွှေနှောက်ပြီး ကြည့်ရှုရေးသား ခြင်းဖြင့် ကျမ်းရေး ပြုစုတော်မူကြဒါကိုသာ မြင်ကြားရ ဘူးပါသည်။

ဤဝိပဿနာ ဓမ္မတက္ကသိုလ်ကျမ်းကို ပြုစုရေးသားတော် မူသော မိုးညိုဆရာတော်ကား အခြားသော ကျမ်းပြု ဆရာများနည်းတူ ပါဠိတော်အရပ်ရပ် အဋ္ဌကထာ ဋီကာ ကြားညှပ်၍ အထပ်ထပ်ရှာဖွေကြည့်ရှု၍ ကျမ်းစုအနေ ကျမ်းညှိသဘောမျိုးနှင့် ရေးသားခြင်းမဟုတ်ပါ။

(၁) ကျမ်းဦးပလ္လင်

အဘယ်ကြောင့်ဆိုသော် စာပေပရိယတ်ကို တတ်အပ်သေချာ ကိုယ်တော်တိုင် မသင်ကြားခဲ့ရ ခြင်းကြောင့် ဖြစ်ပါသည်။

ဤသို့ကားမြင်ဘူးပါ၏။

သို့သော် ဤစာပေ ပရိယတ်ကို မသင်ကြားခဲ့ရပါသော်လည်း မျှားသောအားဖြင့် စကြိုလျောက်ယင်း တခါတလေ ထိုင်နေယင်း အိပ်နေယင်းနှင့် အမြဲတမ်း မိမိကိုယ် ခန္ဓာတွင်းကို အာရုံစိုက်ပြီး မိမိတရားအလုပ် အားထုတ်ခဲ့စဉ်က ဉာဏ်အမြင် ပညာအသိဖြင့် မြင်တွေ့ ရသည့် သဘောမျှားကိုယူ၍ပြောဆိုခြင်းဖြင့် ပြောပြသွားပါသည်။

ထိုသို့ ပြောပြသည်မျှားကိုသာ တလုံးမကျန် နောက်ကလိုက်၍ တပည့်လုပ်သူက ရေးသားရပေသည်၊ ဤသို့သော ကျမ်းရေးပြုစုပုံကိုကား တွေ့မြင်ဘူးရပြန်ပါသည်။

ထို့ကြောင့် ခန္ဓာကျမ်းသာ ကိုးကားခါ ရေးသားရပေ၏၊ မိုးညိုဆရာတော်က ဓမ္မရသ အနက္ဌကျမ်းမှာ အမိန့်ရှိတော်မူထားပါသည်။

ဤသို့လဲတိုက်တွန်းပါ၏။

အို-ဓမ္မမိတ်ဆွေ အပေါင်းတို့ ဤသို့ ယခု ရေးသားလိုက်သော ကျမ်းမှာလည်း ဇာရိယာပုထ် လေးပါးရဲ့ အပေါ်မှာ သတိပဋ္ဌာန်နှင့် နုပဿနာရှုပွားပုံ မြင် ကြားနံ လျက် ထိ သိမှုတို့အပေါ်မှာ သတိပဋ္ဌာန်နှင့် နုပဿနာရှုပွားပုံနှင့် အာနာပါန တည်းဟူသော ထွက်လေ ဝင်လေ

ကျမ်းဦးပလွင် (၈)

တို့အပေါ် သတိပဋ္ဌာန်နှင့် နုပသာနာ ရှုပွားခြင်းများဖြင့် မဂ်ဆိုက်ပုံများကို ရေးသားထားပါသည်။

ဒါ့ကြောင့် မမွေမိတ်ဆွေတို့ မိမိတို့အိမ်မှာ ကမ္မဋ္ဌာန်းပြဆရာတယောက် ကြွရောက်ပြီး ကမ္မဋ္ဌာန်းပေးနေသလို ခန္ဓာရဲ့ဖြစ်စဉ် ရုပ်နာမရဲ့ဖြစ်စဉ် အာယတနတို့ရဲ့ ဆက်စပ်မှု အာသဝ ဆိုဒါ ဘယ်လိုသဘော ခန္ဓာက ဘယ်ဒင်း အာသဝခန္ဓာကဘယ်ဟာ ပဋိစ္စသမုပ္ပါဒ်ထိုက်တဲ့သဘော လွတ်တဲ့အနေအထား အနိစ္စက ဘယ်ပုံ ဒုက္ခက ဘယ်နည်း အနတ္တကဘယ်ဟာ အာရုံကို သိမ်းမှုကြောင့် အငြိမ်းခံတံပေါ်ပုံများကို အပြည့်အစုံ ပေါ်လွင် ထင်ရှားအောင် ရထားခြင်းဖြင့် မိမိတို့အိမ်မှာ ကျောင်းမှာ ထိုင်ပြီး စာအုပ်ကို ဖတ်ကာမျှနှင့် သဘောပေါက် နားလည်ပြီး တရားရည် ပြည့်ဝကြလိမ့်မည်ဖြစ်ခြင်းကြောင့် ဖတ်ကြား၍ မှတ်သားအားထုတ်တော်မူကြရန်ကိုသာ တိုက်တွန်းစကား ရေးသားလိုက်ရပါကြောင်း။

မောင်ရွှေ (ဓမ္မာစရိယ)
၂-ရပ်ကွက်၊ ဇီဇဝါဒ-လမ်း၊
မြောက်ဥက္ကလာ။

ကျမ်းပြုဆရာတော်၏ မှာကြားချက်

———

ယောဂီ အပေါင်းတို့-ယခု ရေးသား ပြုဆိုထားသော ဤကျမ်းစာများသည် ပညတ် အဲ့ဒါရုံ နိမိတ်တို့ ထင်မြင်သော ပညတ်သမထကို ပဌမပိုင်းမှာ ရေးသား ထား၍ ဒုတိယ ပိုင်းမှာ ထိုင်မှု ရပ်မှု သွားမှု လျောင်းမှု တည်းဟူသော ဣရိယာပုထ်လေးပါးတို့ကို အကြောင်းပြု၍ သတိပဋ္ဌာန်နှင့် နုပဿနာ အလုပ် တို့ကြောင့် သီလ- သမာဓိ- ပညာ- သုံးသိက္ခာဖြင့် မဂ်ဖိုလ်သို့ ဆိုက်ရောက်ပြီး နိဗ္ဗာန်ကို မျက် မှောက်ပြုရခြင်း။

တတိယပိုင်းမှာဆိုလျှင် မြင်မှု ကြားမှု နံမှု လျက်မှု ထိမှု သိမှုတို့ကို အကြောင်း ပြု၍ သတိပဋ္ဌာန်နှင့် နုပဿနာ အလုပ်တို့ကြောင့် သီလ- သမာဓိ- ပညာ- သုံးသိက္ခာဖြင့် မဂ်ဖိုလ်သို့ ဆိုက်ရောက်ပြီး နိဗ္ဗာန်ကို မျက်မှောက် ပြုရခြင်း။

စတုတ္ထပိုင်းမှာဆိုလျှင်လည်း အာနာပါနကိုအကြောင်း ပြု၍ သတိပဋ္ဌာန်နှင့် နုပဿနာ အလုပ်တို့ကြောင့် သီလ- သမာဓိ-ပညာ-သုံးသိက္ခာဖြင့် မဂ်ဖိုလ်သို့ ဆိုက်ရောက်ပြီး နိဗ္ဗာန်ကို မျက်မှောက် ပြုရခြင်း စသည်တို့ကို မြန်မာလို အက္ခရာစာလုံးတို့ဖြင့် မြန်မာစကားအရ ရေးသား ပြုထားခြင်း ဖြစ်ပေ၏။

(စ) ကျမ်းပြုဆရာတော်၏ မှာကြားချက်

ထိုသို့ရေးသား ပြသထားသည့် ဤကျမ်းစာကို လေ့လာ ဖတ်ရှုကြသော ယောဂီတို့က ထိုအကျဉ်းစာလုံးတွေ ထဲမှ အဓိပ္ပါယ် သံဝေဂတို့ကို ပေါ်လွင် ထင်ရှားစေ ခြင်းငှာ ဖတ်ရှု သွားသော စာအပိုဒ်တို့၌ ဉာဏ်ဖြင့်နှိုက်၍ စဉ်းစား ဝေဖန်ပြီး ဖတ်ရှုကြပါရန် လေးလေး နက်နက် တိုက်တွန်း၍ နှုံးဆော်လိုက်ရပေတော့ သတည်း။

မိုးညိုဆရာတော်
မိုးညိုကမ္မဋ္ဌာန်းတိုက်
ရန်ကုန်။

ပဏာဒမနှင့် ကျမ်းပြုရခြင်း၏
အဓိပ္ပာယ်ပြ

ရတနာတြိ၊ နမာမိ၊ အာဒိဝန္ဒနာ။
မိုးညိဳဇာတိ၊ ဖွားရာရှိ၊ ကဝိမြတ်ဆရာ။
တပည့်အပေါင်း၊ခဝပ်ညောင်း၊ညွတ်ပျောင်းရိုသေစွာ။
အရှင်ဘုရား၊ ဟောတရား၊ ရေးသားပြုစုပါ။
ကြိမ်ဖန်မလပ်၊ အထပ်ထပ်၊ မပြတ်တောင်းပန်ရှာ။
မနားမနေ၊ တရားတွေ့၊ ဟောနေပြတုန်းခါ။
ဆရာ့မေတ္တာ၊ ကြီးသည်မှာ၊ ပမာမြေထုသာ။
တပည့်အများ၊ ငဲ့သနား၊ ရေးသားဤကျမ်းစာ။
ရေးသားပြီးလတ်၊ ဤကျမ်းမြတ်၊နောက်ထပ်တဖန်သာ။
မောင်ရွှေမည်ရှိ၊ ခေါ်တွင်ဘို၊ ပါဠိအာစေရာ။
ပုဒ်,ပါဠ်,အက္ခရာ၊ မှားမပါ၊ များစွာကင်းစေရာ။
ကြီးကြပ်ပြင်ဆင်၊ အဟုတ်ပင်၊ သုဓ်သင်လိုက်၍သာ။
အများအကျိုး၊ လွန်သည်ဝိုး၊ တမျိုးဖြန့်ဝေရှာ။
ဖြန့်ဝေးသည့်တိုင်း၊ ဆုတ်မဆိုင်း၊ ပုဒ်တိုင်းဖတ်ကြပါ။
ကြည့်, ဖတ်, မှတ်သား၊ ထပ်မနားဖြင့်၊ မြတ်ဖျားသာသနာ၊ ရောင်အဝါသည်၊ ပြောင်စွာနေသို့ လင်းစေသော်-။

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ပဏာမနှင့်ကျမ်းပြုရခြင်း၏အကြောင်းပြ သမထအလုပ်ကိုပြဆိုခြင်း ဗဟုသုတ မပြည့်စုံသော လူပြိုန်းဘဝက သံဝေဂဖြစ်ပုံ	(ဆ) ၁ ၂
ဗဟုသုတ မပြည့်စုံဘဲ လူပြိုန်းဘဝမှ ယော်ယမ်းအားထုတ်ပုံ	၄
ရှစ်နာရီခန့်ကြာကြောင်းသိရပုံ	၁၅
အားမထုတ်လျှင်မနေနိုင်	၁၇
စဉ့်အိုးလုံးကြီးပမာဏ	၁၇
အပုပ်အပွကောင်ကြီး	၁၈
တဆွေသူရဲပမာ	၂၁
သမာမိ အားကောင်းလာပုံ	၂၃
အကြောနှင့်အရိုးစုများ ထင်ပုံ	၂၄
မိမိကိုယ်ကောင်ကြီးပျောက်ပုံ	၂၆
အမှုန့်တွေကိုထင်မြင်ပုံ	၂၈
ရဟန်းကိစ္စပြီးသည်ဟုထင်ပုံ	၂၉
ဖြတ္မာပြည်နတ်ပြည်ထင်မြင်ပုံ	၃၁
နန္ဒဝန်ဥယျာဉ်နှင့် နတ်ရောက်မြင်ပုံ	၃၂

အကြောင်းအရာ	စာမျက်နှာ
နတ်သဘင်ပွဲနှင့် ငရဲမြည်မြင်ပုံ	၃၄
ရက်ပေါင်းခြောက်ဆယ်သောင်တင်ခဲ့ပုံ	၃၇
အများကိုမေး၍ အမှန်တရားရှာရပုံ	၃၈
သမထအမြင်အသိတွေ	၄၀
သမုတိနယ်မှ ယူပုံ	၄၄
ပရမတ္ထနယ်မှယူပုံ	၄၄
ဘုတ်နှင့် ဓာတ်ခွဲမြင်ပုံ	၄၆
အကြောင်းဓာတ်နှင့် အကျိုးမဟာဘုတ်ခွဲပုံ	၄၉
သမုတိနယ်က အယူနှင့် ပရမတ်နယ်ကအယူ	၅၀
ခန္ဓာနှစ်မျိုးကိုခွဲခြားယူပုံ	၅၁
ယခုခန္ဓာနှင့် ဓမ္မခန္ဓာခွဲခြားယူပုံ	၅၂
သက်ရှိခန္ဓာနှင့် သက်မဲ့ခန္ဓာကိုခွဲခြားယူပုံ	၅၂
သမုတိရုပ်နှင့် ပရမတ္ထရုပ်ခွဲခြားယူပုံ	၅၂
ယခုရုပ်နှင့် ဓမ္မရုပ်ခွဲခြားယူပုံ	၅၃
သက်ရှိရုပ်နှင့်သက်မဲ့ရုပ်ခွဲခြားယူပုံ	၅၄
သမုတိနာမ်နှင့် ပရမတ္ထနာမ်ခွဲခြားယူပုံ	၅၄
သမ္မာဒိဋ္ဌိဉာဏ်ကို အထင်မသေးနှင့်	၅၆
သတိပဋ္ဌာန်အလုပ် အားထုတ်ပုံ	၅၇
နုပဿနာအလုပ်ဖြစ်ပုံ	၅၉
နုပဿနာရှုပွားပုံ	၆၀
ပရိညာသုံးပါးဖြင့် မဂ်ဆိုက်ပုံ	၆၄

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
အတွင်းနှင့်အပြင်	၆၉
ခေတ်ပစ္စည်း ဆက်စပ်၍ အာယတနဖြစ်ပုံ	၆၉
ကြားရပ်နှင့် ဝိညာဏ်ပေါ်ပုံ	၇၀
ရုပ်နှင့်ဝိညာဏ်ပေါ်ပုံ	၇၂
နာမ်ရုပ်နှင့်ဝိညာဏ်ပေါ်ပုံ	၇၄
ရသာရုံနှင့်ဝိညာဏ်ပေါ်ပုံ	၇၆
ထိရုပ်နှင့် ဝိညာဏ်ပေါ်ပုံ	၇၈
အာယတန ဖြစ်ပုံ	၇၉
ကြောင်းကျိုးဓမ္မဖြစ်ပုံ	၈၀
အာယတနဖြစ်ပုံ	၈၃
ပဋိစ္စသမုပ္ပါဒ်ထိုက်သော နာမ်ရုပ်ပြခြင်း	၈၅
ခန္ဓာငါးပါးနှင့် ရုပ်နာမ်သဘော ဖြစ်ပုံ	၈၉
အကြောင်းခန္ဓာငါးပါးနှင့် အကျိုးရုပ်ဝိညာဏ် ဖြစ်ပုံ	၉၀
နာမ်ရုပ်ကိုပြခြင်း	၉၃
သတိပဋ္ဌာန်အားထုတ်နည်း	၉၇
နုပဿနာအားထုတ်နည်း	၉၉
အာနာပါနပြဆိုခန်း	၁၀၃
ပရိကံယူနည်း	၁၀၄
တရားထိုင်နည်း	၁၀၆
ခဏိကသမာဓိရှုနည်း	၁၁၄

အကြောင်းအရာ	စာမျက်နှာ
သတိပဋ္ဌာန်နှင့်နုပသဿနာတွဲ၍ရှုနည်း	၁၁၆
မဟာဘုတ်လေးပါးကိုပိုင်းခြား၍ရှုနည်း	၁၁၇
ဓာတ်ကြီးလေးပါးကိုပိုင်းခြား၍ရှုနည်း	၁၁၈
ခန္ဓာကိုရှုနည်း	၁၂၀
ရုပ်တို့ကိုပိုင်းခြား၍ရှုနည်း	၁၂၁
နာမ်ကိုပိုင်းခြား၍ရှုနည်း	၁၂၃
နိဂုံး	၁၂၉
ဆုပေး	၁၃၁

ဒီပသီနာ

ဓမ္မတက္ကသိုလ်ကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

သမထအလုပ်ကို ပြဆိုခြင်း

သမထအလုပ် လုပ်နည်း လုပ်ဟန်မည်သည်မှာ နှစ်မျိုးနှစ်စားရှိပြီး တမျိုးနှင့် တမျိုး ခွဲခြားသိဘို့ရန် ခက်ခဲပြန်ပေသည်၊ အဘယ်ကြောင့်ဟု ဆိုရပါ၏သော် ပညတ် နိမိတ်ပေါ်မှာ သောင်တင်ပြီး အားထုတ်သော သမထနှင့် ထိုပညတ်နိမိတ်မှ ကင်းစင်လွတ်လပ်ပြီး ပရမတ် သဘောသက်သက်ကိုမျှ ဆိုက်ရောက်အောင် အားထုတ် ရသော သမထဟူ၍ နှစ်မျိုးနှစ်စားရှိရာတွင် ကမ္မဋ္ဌာန်း လေးဆယ်ထဲမှ မည်သည့် သမထကမ္မဋ္ဌာန်းကို အားထုတ် စေကာမူ

ပြဟ္မာဘုံနှစ်ဆယ်၊ နတ်ပြည်ခြောက်ထပ်၊ လူတို့၏ ပုံပန်းသဏ္ဌာန်၊ အပါယ် လေးဘုံသူ လေးဘုံသား တို့၏ ပုံပန်းသဏ္ဌာန်၊ ရေမြေ ဓာတ် တောင် ပုံပန်းသဏ္ဌာန်အစရှိသော သဏ္ဌာန် ခြင်္ဂတွေကို ထင်မြင်ခြင်းများဖြစ်မှု နှိမိတ်မသုဉ်း မဆိတ်သည့်ပညတ် အာရုံပေါ်မှာ သောင်တင်၍ နေသောကြောင့်ပညတ်နိမိတ်မှ မလွတ်ကင်း မစင်ကြယ်သည့် ပညတ်သမထ ဟူ၍ ခေါ်ဆိုရပေသည်၊ ဝိပဿနာ အာရုံနှင့် ဝိပဿနာဉာဏ်တို့ ဖြစ်နိုင်ဘို့ရာ သမထမျိုး အလွန်ပင် ဝေးပေသေးသည်။

အဘယ်ကြောင့် ဆိုရသော် ယခု ရေးသား ပြသော ဦးပဋ္ဌင်းသည်ပင်လျှင် ယခုပြဆိုခဲ့ပြီးသော နိမိတ် မသုဉ်းဆိတ်ဘဲ နိမိတ်မလွတ်သည့် ပညတ်သမထ ပေါ်မှာ နှစ်လတိတိ သောင်တင်၍နေခဲ့ဘူးပေ၏။

အဘယ်ကဲ့သို့ အားထုတ်လို့ အဘယ်လို သောင်တင်ခဲ့ဘူးပါသလဲဟု ဆိုရပါလျှင် ဗဟုသုတ မပြည့်စုံဘဲလျက် လူပြိန်းဘဝမှနေပြီး အားထုတ်လာခဲ့ရတဲ့အစဉ်ကို အကျဉ်းအားဖြင့် အမြွက်လောက် ရေးသားထုတ်ဖော်၍ ပြဆိုပေဦးအံ့။

ဗဟုသုတ မပြည့်စုံသော လူပြိန်းဘဝက သံဝေဂဖြစ်ပုံ

ဗဟုသုတ မပြည့်စုံသော လူပြိန်း ဘဝက တရားအားထုတ်၍ ဖြစ်ပေါ်လာပုံမှာ ဘဝတခုသို့ ဖြစ်နေကြသည့် သတ္တဝါတွေဘဲဖြစ်ဖြစ် တနေ့ကျလျှင် အကုန်လုံး မသေခင်

ကလေးမှာဘဲ ငြိမငြိမ်ကလေး ဇိမ်ခံပြီး မနေနိုင်ကြဘဲနှင့် သူ့ပစ္စည်းကိုငါလိုချင်၊ ငါ့ပစ္စည်းကိုလည်း သူကလိုချင်ပြီး စားမှ ဝတ်မှ နေမှနှင့် နေထွက်က နေဝင်ထိ ငြိမငြိမ်ကလေး ထိုင်မနေနိုင်ဘဲ ချာလပတ် လည်အောင် ပြေးလွှား၍ နေ့စဉ်နှင့်အမျှ အပင်ပန်း အနှမ်းအရိ ဒုက္ခခံပြီး ရှာဖွေနေကြပါတကား၊ ရှာဖွေစုဆောင်း၍ ရရှိပြန်သော်လဲ ဒီဒုက္ခတွေဟာ ဆုံးနိုင်တယ်လို့မရှိပါဘဲ မသေခင် ကလေးမှာဆိုလျှင်ဖြင့် အလွန်ပင် ကြီးလေးသော ဒုက္ခတွေ ထဲမှာ နစ်ချင်တိုင်းနစ်ပြီး နေကြရပါတကား။

ဒီလို နေ့စဉ်နှင့်အမျှ ဒုက္ခအမျိုးမျိုးတွေ ခံပြီး ရှာဖွေစုဆောင်းလို့ရရှိတဲ့ ပစ္စည်းတွေဟာလဲ သေကုန်တဲ့ တနေ့ကျတော့ အားလုံး အကုန် ထားပစ်ခဲ့ကြရ မှာဘဲ၊ ထိုသို့ ဒုက္ခအမျိုးမျိုးတွေ ခံပြီး ရှာဖွေလို့ရရှိတဲ့ ပစ္စည်း ဝတ္ထုတွေကို မှန်သမျှဟာ ကုသိုလ်နဲ့ ရှာဖွေလို့ ရရှိတာ နည်းပါးပြီး အကုသိုလ်ဒုစရိုက်နှင့်သာ ရှာဖွေလို့ ရရှိတဲ့ ပစ္စည်းဝတ္ထုတွေက များနေပြန်ပါတယ်။

အော်-အကုသိုလ် ဒုစရိုက်တရားတွေနဲ့လဲမလွတ် ဒုက္ခဆိုတဲ့ ဆင်းရဲမှုဝဋ်မှလဲမကျွတ် နေ့စဉ်နှင့်အမျှ ဆင်းရဲ ဒုက္ခခံပြီး ရှာဖွေလို့ရရှိတဲ့ ပစ္စည်း ဝတ္ထုတွေဟာလဲ သေရတဲ့ တနေ့ ကျတော့ ဒီ ပစ္စည်းတွေကို မထားခဲ့ချင်လို့ ဘဝတပါးသို့ ယူဆောင်သွားချင်သော်လဲ မဖြစ်နိုင်ပါကလား။

ပြီးတော့လဲ ဒီပစ္စည်း ဝတ္ထုတွေ ရရှိအောင် ပြုလုပ်အားထုတ်တဲ့ အကုသိုလ်ဒုစရိုက် အကြောင်းခံပြီး သေမယ်

ဆိုလျှင်လဲ မိမိသာလျှင် အပါယ်သံသရာကြော မျောကျမှာဘဲ၊ သေပြီး သည့်နောက် အပါယ် သံသရာကြော မျောမယ်ဆိုလျှင်လဲ နောင်တချိန် ယခုလို သာသနာတော်နှင့်တွေ့သည့် လူ့ဘဝရဘို့ရာ ဘယ်သောအခါမှ ရောက်မည် ရမည်ရယ်လို့လဲ မသိနိုင်ဘူး။

အကယ်၍ အပါယ်လေးဘုံသူ လေးဘုံသား ဖြစ်လျှင် အလွန်ကြီးလေးတဲ့ ဒုက္ခကြီးတွေကို ခံရဦးမှာဘဲ၊ ဒီတော့ မသေခင်တုန်းကလဲ ဒုက္ခ၊ သေပြီးတဲ့နောက်မှာလဲ အလွန်ကြီးလေးသော ဒုက္ခအမျိုးမျိုးတွေကို ခံရဦးမယ် ဆိုလျှင် သတ္တဝါရယ်လို့ ဖြစ်ရတာဟာ စိတ်ချမ်းသာစရာ တကွက်မျှ မရှိပါဘဲနှင့် အိုဒုက္ခ, နာဒုက္ခ, သေဒုက္ခ မကင်းရုံမျှ မက နဲနဲကလေးမှ အကျိုးမရှိသော အကျိုးမဲ့ သက်သက်မျှသာ သတ္တဝါတွေရယ်လို့ ဖြစ်နေကြတာပါ ကလား။

အဲဒီလို ဝေဖန်စဉ်းစားမိလို့ မိမိစိတ်ထဲမှာ သံဝေဂတွေ ဖြစ်ပေါ်၍ လာသည်နှင့်အမျှ မိမိ၏ ယခုဘဝ၌ပင် နောင် ဖြစ်မည့် ဘဝတွေကို မုန်းတီးရွံရှာ၍ အလိုမရှိတော့ဘဲ ဗဟုသုတ မပြည့်စုံသော လူပြိန်းဘဝမှာပင် ငါတော့ ယော်ယမ်း၏ တရားအားထုတ်မှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ချက်ချမှတ်လိုက်လေတော့သည်။

ဗဟုသုတ မပြည့်စုံဘဲ လူပြိန်းဘဝမှ ယော်ယမ်းပြီး အားထုတ်ပုံ

ယော်ယမ်း၏ အားထုတ် ပုံမှာ အချို့ နေ့များတွင် ဘုရားကို ကန်တော့ပြီး ငါးပါးသီလခံယူ၍ တင်ပလ္လင်ခွေ

ထိုင်ကာ အာနာပါန တည်းဟူသော ထွက်လေဝင်လေကို ပွားများလေ့ရှိ၏၊ အချို့သောနေ့ အချို့သော ညများမှာမူ တရားအားထုတ်လိုသောဆန္ဒ ပီရိယ ပြင်းပြလွန်း သဖြင့် သတိလစ်ပြီး ဘုရားကိုပင် ကန်ဇတ္ခရမှန်းမသိ ငါးပါး သီလ မခံယူ နိုင်တော့ဘဲ တင်ပလ္လင်ခွေ ထိုင်ကာပင် ထို အာနာပါနတည်းဟူသော ထွက်လေ ဝင်လေ ကိုသာ လျှင် ပွားများလေ့ရှိခဲ့ရာတွင် ထိုသို့ ပွားများနေသည့် အစ ပဌမ၌ ဖြစ်စဉ်မှာ-

နာသီးဝက ဝင်လေ ထွက်လေလေးကို သတိမြဲမြံအောင် ပီရိယစိုက်၍ စိတ်တည်ကြည်မှု ရှိရန် အားထုတ် နေဆဲ အချိန်မှာ ရင်ချိုင့်၏အတွင်း နှလုံးအိမ်ထဲမှ ဒိတ်ကနဲ ဒိတ်ကနဲ ဖြစ်ပေါ်၍လာပြန်တယ်၊ ဒီလို ဖြစ်ပေါ်၍လာသော ဒိတ်ကနဲ ဒိတ်ကနဲ ဆိုရတဲ့ နေရာသို့ အာရုံကလေးဟာ အလိုအလျောက် ရောက်သွားပြီး ထိုအာရုံ ပေါ်မှာ အသိသဘောကလေးဟာ တည်ပြီး အချက်မှန်မှန် သိနေရပြန်ပါတယ်။

အဲဒီလို အချက်မှန်မှန် သိသိ နေတာ အချိန် နာရီ အနည်းငယ် ကြာလာတော့ အလွန်ပေးလံသော ကိုယ် ကောင်ကြီးဟာ လေပေါ်မှာလိုင်နေဘိသကဲ့သို့ ပေါ့ပါး၍ လာသည်ကိုလဲ တခါတခါ သိရပြန်တော့ စိတ်ထဲမှာ ပျော်ပိုက်ပြီး တရားမှတ်ချင်တဲ့စိတ် မရှိတော့ဘဲနဲ့ သဒ္ဓါ သတိ ပီရိယအားတွေ တက်ကြွပြီး .သိစရာရှိတဲ့ ထိုနှလုံး အိမ်ထဲက ဒိတ်ကနဲ ဒိတ်ကနဲဆိုတဲ့ သဘောကလေး ကိုသာ

အာရုံဘယ်ကိုမှ မပျံ့လွင့်ရ လေအောင် စူးစူး စိုက်စိုက် အားထုတ်၍ အတော်ကလေး ကြာလာပြန်သော အခါမှာ ရင်ချိုင့်မှ အားထုတ်မှု အလွန်ကြည်လင် တောက်ပသော အရောင် အရိပ် သဘောလေးရယ်လို စိတ်ထဲက ထင်၍ နေလေတော့၏။

ထိုစိတ်ထဲက အထင်ခံရသော ကြည်လင် တောက်ပတဲ့ အရောင် အရိပ် ကလေးကိုပင် အာရုံယှဉ်ပြီး အသိမြဲနေ၍ စိတ်ထဲမှာ နှစ်သက်မှု ချမ်းသာမှု လက်တွေ့ ခံစားရခြင်း ကြောင့် ဒီရင်ချိုင့်ထဲက ဒဂ်ါးကွက်ပမာဏရှိသော အကြည် ရောင် သဘောလေးဟာ နိဗ္ဗာန်နဲ့တူတာဘဲလို့ စိတ်ထဲက ထင်မိပြန်တယ်၊ စိတ်ထဲကထင်မိတဲ့ အားလျော်စွာ နိဗ္ဗာန် ကိုတော့ ငါဖြင့် အမှန်ရောက်နေပြီ၊ အမှန်တွေ့ရပြီ၊ အမှန် မြင်ရပြီ၊ အမှန်သိရပြီဟူ၍ ကိုယ့်ဟာကိုယ်ထပ်မံပြီး အထင် ကြီးလာပြန်တာဘဲ။

ထိုသို့ အထင်ရောက်နေဆဲ အခါမှာပင် တမုဟုတ်ချင်း စိတ်အစဉ်ထဲမှာ ဘယ်လို ပြောင်းလဲ ဖြစ်လာပြန်ပါသလဲလို့ ဆိုတော့ နိဗ္ဗာန်ကိုမြင်ရတာဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် အမှန်ရလာလို့သာလျှင် ငါအမှန်မြင်နေရတာဘဲ၊ ငါ အား ထုတ်တဲ့ တရားဟာ ဓမ္မလမ်းကြောင်းမှန်ပြီး ယထာဘူတ ကျလို့သာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုက်ရောက်ပြီး နိဗ္ဗာန်ကို အမှန်မြင်နေတာဘဲဟု ထပ်မံပြီး စိတ်ထဲ၌ အထင်ရောက်၍ လာပြန်၏။

စိတ်ထဲမှာ နိဗ္ဗာန်ဟု အထင်ခံရသော ဒဂ်ါးကွက် ပမာဏရှိတဲ့ အလင်းရောင် သဘောကလေးဟာ တမုဟုတ်

ချင်း အိုးခင်းပူထဲမှာ နှမ်းတွေ ထည့်လောင်းသည့် အခါ တဖြောက်ဖြောက်နှင့် ပေါက်ကွဲပြီး မြည်သံတွေ ကြားနေရဘိသကဲ့သို့ ဖျတ်ဖျတ် ဖျတ်ဖျတ် ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် နှင့် ဝင်းဝင်းလက်လက် ဒလစပ် ဖြစ်ပေါ်၍ နေပြန်သည်ကို ပြောင်းလဲပြီး ထင်ရတော့မှ ပဌမထင်လာခဲ့သော မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် နိဗ္ဗာန်လို့ဆိုတာ မဟုတ်ဘူး၊ တူတယ် ဟူ၍ စိတ်ထဲ၌ တဖန်ထပ်မံပြီး ဖြစ်နေပြန်ပါသည်။

ထိုမှတဖန် ပြောင်းလဲပြီး ထင်ပြန်ပုံမှာ ထိုဒဂ်ါးကွက် ပမာဏရှိသော ကြည်လင် တောက်ပသော အလင်းရောင် သဘောကလေးဟာ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ် ဖျတ်ဖျတ် ဝင်းဝင်း လက်လက်နှင့် အရောင်ထွက်နေသည့် သဘောမှ ပြောင်းလဲပြီး မိမိရဲ့ ကိုယ်ကောင်ကြီးတခုလုံးသည် ရစရာ မရှိအောင် တသိမ့်သိမ့် တဖြုတ်ဖြုတ်ဖြင့် အခြားသော သူတယောက်က မိမိရဲ့ကိုယ်ကို သဲတွေနှင့်ဆုပ်ပြီး ပက်နေသလို ဖြစ်ပေါ်၍လာပြန်သည်ဟု ထင်၍လာပြန်ပေ၏။

ဤကဲ့သို့ သဲမှုန့်ကလေးတွေနှင့် ဆုံ့ပြီး ပက်နေသလို မိမိရဲ့ကိုယ် တကိုယ်လုံးထဲ၌ ဖြစ်ပေါ်၍ လာသည်ဟု စိတ်ထဲက ထင်၍လာသောအခါ ကိုယ်နှင့်စိတ်တို့သည် ရှေးက ထက် အလွန်ပေါ့ပါး၍ မိမိ၏ တင်ပါးနှင့် အထိုင်ခံရသည့် ဖျာနှစ်ခု ထိနေသည်ဟု မသိတော့ဘဲ ဖျာပေါ်မှ တတောင် ခန့်လောက် လွတ်ပြီး ကြွတက်နေသည်ဟု ထင်လာပြန်ခြင်း ကြောင့် စိတ်ထဲမှာ အလွန်ပျော်မွေ့ပြီး နှစ်သက်၍ အလွန် ချမ်းသာနေပြန်၏။

စိတ်ထဲ၌ ဤသို့နှစ်သိမ့်၍ ချမ်းသာပြီး နေသည် ကိုလဲ ငါသည် နောက်ကထိုက့ဲသို့ အားမထုတ်ခဲ့ခြင်းကြောင့်ဒီလို အရသာထူးမျိုးကို တခါဘူးမျှ မခံစား မစံစားရခဲ့ဘူးဘူး၊ ယခုလို တရားအားထုတ်လိုသာ ဤအရသာမျိုးကို ခံစား စံစားရတာဘဲ၊ ငါတော့ တရားထူးတခုခုကိုရပြီး နိဗ္ဗာန်ကို ရောက်မျှားနေသလား-ဟူ၍ စိတ်ထဲ၌ ဖြစ်ပေါ်၍ လာပြန် ပါသည်။

အဲဒီလို စိတ်ထဲ၌ ဖြစ်ပေါ်ပြီးသည့်နောက် တဖန် မိမိ ကိုယ်ကောင်ကြီးကို ပြန်၍ သုံးသပ်ကြည့်သောအခါ ပြဆိုခဲ့ပြီးသည့် ဖြုတ်ဖြုတ် ဖျတ်ဖျတ် ဝင်းဝင်း လက်လက် အရောင်ထွက်နေသော သဘောနှင့် သဲနှင့်ဆုပ်ပြီး ပက်နေသလို သဘောတို့သည် မီးပုံကြီးကို ရေနှင့်ပက်ဖျန်းလိုက်ဘိ သကဲ့သို့ တမှုဟုတ်ချင်း ဆိတ်သုဉ်းသွားသည် ဟူ၍လဲ တွေ့ထင်ရပြန်ပေ၏။

ထိုသို့တွေ့ထင်ရသောအခါ ကိုယ်ကောင်ကြီးကတခြား, ထို ကိုယ်ကောင်ကြီး၏အတွင်း ကြည်လင်နေသော နှလုံး အိမ်ထဲမှ တဖျတ်ဖျတ်နှင့် သိသိ နေတာကလေးက တခြား, အပေါ်က မြင်ပြီးနေတာကတခြား ထပ်မံ၍ တွေးထင် ရသောအခါ ငါတော့ အမှန်တရား ပေါက်သွားတာနဲ့ တူတာဘဲ-ဟူ၍ စိတ်ထဲမှာ အောက်မေ့ပြီး နှစ်သိမ့်ချမ်းသာ သည်နှင့်အမျှ အလွန်နေကောင်း၍ ငြိမ်ငြိမ်ကလေး ဇိမ်ခံ နေရာမှ တဖန် ပြောင်းလဲ၍ ဖျတ်ကနဲဆို အလင်းရောင်ကြီး တခုဆည် ပေါ်ပေါက်၍ လာပြန်သည်ဟု တွေ့ထင်လာ ပြန်၏။

ထိုပေါ်ပေါက်၍ လာသော အလင်းရောင်ကြီး ထဲမှ ငုတ်တုတ် ထိုင်၍ နေသော မိမိ၏ ကိုယ်ကောင်ကြီးသည် လေမရှိ၍ ဝိန်ကပ်နေသော ဘေလုံး တလုံးကို လေထိုး လိုက်သည့်အခါ တဖြည်းဖြည်းနှင့် ဖောင်းပွပြီး လာသလို ထိုအတူ မိမိ၏ ကိုယ်ကောင်ကြီးသည်လည်း တဖြည်းဖြည်း နှင့် ဖောင်းပွ၍လာသည်မှာ အလေးချိန် နှစ်ရာဝင်သော ဝဲဉီးအိုးကြီးပမာဏလောက် ဖြစ်ပေါ်၍ လာပြန်သည်။

ဒီလို ဖြစ်ပေါ်၍ လာသည်နှင့်အမျှ မိမိရဲ့ ကိုယ်ကောင်ကြီးဟာ ပြဆိုခဲ့ပြီးသော အလွန်ပေါ့ပါးမှုတွေ မရှိတော့ဘဲ တဖန် ပြောင်းလဲ၍ အလေးချိန်တထောင်မျှလောက်ရှိသော ဝန်ထုပ်ဝန်ပိုးကြီးကို ပခုံးပေါ်မှာထမ်းပြီး ခေါင်းပေါ်မှာ ရွက်ထားရသလို အလွန်လေးလံ၍ နေပြန်လေ၏။

ဤကဲ့သို့ အပုပ်ကောင် အပွကောင်နှင့် တူလှစွာသော လေးလံနေသည့် ကိုယ်ကောင်ကြီးကို အထက်မှ အောက် အောက်မှ အထက်သို့ အပြန်ပြန် အလှန်လှန် သုံးသပ် နေရာ ကိုယ်တကိုယ်လုံး မည်သည့် နေရာကမှ သိစရာ သဘောတခုမျှ မပေါ်ရှိဘဲ နှာသီးဝက ထိမှ သဘော ကလေးသည် တရားရေးနှင့် တဖြည်းဖြည်း ထင်ရှားစွာဖြစ် ပေါ်၍လာပြန်၏။

ဤသို့ ထင်ရှားစွာ ဖြစ်ပေါ်၍ လာသော နှာသီးဝက ထိမှ သဘောကလေးပေါ်သို့ မိမိရဲ့ အားစိုက်မှု မပါဘဲ အာရုံကလေးဟာ သူ့အလို အလျောက် ကျရောက်၍ သွားပြန်၏၊ အဲဒီလို ထိမှသဘော သက်သက် ကလေး

ပေါ်မှာ အာရုံကျနေတာ အတော်အတန် ကြာလာတော့မှ မိမိရဲ့ လုံ့လစိုက်ထုတ်မှု ဘာတခုမှ မပါဘဲနှင့် အာရုံကလေးဆည် ဘယ်ကိုမှ မပျံ့လွင့်တော့ဘဲ ထိုနှာသီးဝကထိမှုသဘောမျှ သက်သက်ကလေး ပေါ်မှာပင် (အာရုံကလေးသည် ငြိမ်ဝပ်ပြီး) နေလေတော့၏။

သို့ကလို တခြားသို့ မတိမ်း မစောင်း မပျံ့ မလွင့် တသမတ်တည်း ငြိမ်ဝပ်နေသော အာရုံပေါ်မှာမို့၍ အသိသဘောကလေးသည်လည်း တခြားဘာကိုမှ မသိတော့ဘဲ ထိုအာရုံပေါ်မှာပင် တည်ပြီး အချက်ကျကျ သိသိနေတာ အတော် အတန်ကြာ၍ လာသောအခါ တဖန်ပြောင်းလဲပြီး တွေ့၍ ထင်လာပုံမှာ-

ကိုယ်တကိုယ်လုံးကို မတွေ့ မထင်တော့ဘဲ နှာသီးဝကထိမှု သဘောသက်သက် ကလေးကိုသာလျှင် ဝိရိယ စိုက်ထုတ်မှုမပါဘဲနှင့် အချက်မှန်မှန် သိသိနေရာမှ ထိသိသိနေတဲ့ သဘောကလေးကသတ်သတ်၊ ထိုအသိ သဘောကလေးမှိနေတဲ့ အာရုံက သတ်သတ်၊ ထိုအာရုံ အမှီခံရသော ထိထိနေတဲ့ သဘော ကလေးက သတ်သတ် ဖြစ်ပေါ်နေကြသည်ကို (ဥပမာ)ဝတ္ထုပမ္ဘည်း သုံးခုတို့သည် တခုပေါ်မှာ တခုမှီတည်ပြီး နေဘိသကဲ့သို့ ထိုအတူ ဃန အစိုင်အခဲ မဟုတ်သည့် ထိမှုဆိုတဲ့သဘောရယ် အာရုံဆိုတဲ့ သဘောရယ် သိမှုဆိုတဲ့ သဘောမျှ သတ်သတ်တို့သည် တမျိုးနှင့်တမျိုး မတူဘဲ ခြားနား၍ ဖြစ်ပေါ်ကြ သည်ကို ထပ်မံပြီး အတန်ကြာအောင် တွေ့မြင်မှု များလာသော အခါ-

ထို အတွေ့အမြင် ခံရသည့် အသိသဘော မှိစရာဖြစ်သော အာရုံနှင့် ထိမှု သဘောဟူသည် ပစ္စည်းဝတ္ထုများကဲ့သို့ အတုံးအခဲရယ်လို့ မဟုတ်ကြ သော်လဲ အရှုံးခံ ဖြစ်သည့် ထို ထိမှုသဘောနှင့် ထိုအာရုံ သဘောတို့ ကိုပင် တမျိုးပြောင်းလဲပြီး ဘယ်လို ထင်လာပြန်သလဲ ဆိုတော့ ရိပ်ရိပ် ရိပ်ရိပ်နှင့် ဥပမာ- ယုန်အစစ်ကို မြင်ရပါလျက် ထိုယုန်ကိုပင် မိမိ၏ စိတ်ထဲက ကြောင်ဘဲရယ်လို့ အထင်မှားနေသလို ထို့အတူ ပရမတ်သဘော အစစ် ဖြစ်သော အာရုံနှင့် ထိမှုသဘော သက်သက်တို့ကိုလဲ အရိပ် နိမိတ်တွေဘဲရယ်လို့ မိမိ၏စိတ်ထဲက တမျိုးပြောင်းလဲပြီး အထင်မှား၍ နေပြန်၏။

မှတ်ချက်။ ။ထိုအရာမျိုးကို ဉာဏ်အမြင်ရယ်လို့မယူထိုက်။ စိတ်ထဲကသာလျှင် ပြောင်းလဲ၍ ပြောင်းလဲ၍ ဖြစ်နေသော စိတ်အထင်သာ ဖြစ်၏၊ ထိုကြောင့် ထင်မှုနှင့် မြင်မှု ထိုနှစ်ခုကို ကွဲပြားခြားနား၍ သိအပ်၏။

ဒါကြောင့် မြင်မှုသည် ထင်မှုမဟုတ်၊ ထင်မှုသည်လည်း မြင်မှုမဟုတ်ဟူ၍ ဉာဏ်ဖြင့် ပရမတ် သဘောကို ထင်ရှား သဘောကို ထင်ရှား မြင်ရလျှင် မြင်သည်ဟု ရေးရ၏၊ ပရမတ်သဘောကို မမြင်လျှင် အရိပ် နိမိတ်တွေဟု စိတ်ထဲက မှားထင်နေသော အခါမှာ ထင်သည် ဟူ၍သာ ရေးထား၏။

ပြဆိုခဲ့ပြီးသော စိတ်ထဲက အထင်ခံရသည့် အာရုံ၏ ရှေ့မှ နှာသီးဝအတွင်း ထိမှုအရိပ် နိမိတ်တို့သည် မပျောက်

မပျက်တော့ဘဲ တိုလာသလိုလို ရှည်သွားသလိုထို ဖြုံဖြုံနှိမ့် ဝါဝါမဲမဲ အကြောင်း အကြောင်းများနှင့် လုံးလုံး ဝိုင်း ဝိုင်း ပြားပြား ပုပုများကဲ့သို့ စိတ်အစဉ်ထဲမှာ ထင်၍လာ ပြန်၏။

အဲဒီလို စိတ်တွေထဲက ပြောင်းလဲပြီး ထင်လာတာ အတော်အတန် ကြာလာပြန်သောအခါ ကိုယ်ကောင်ကြီး ရှိမှန်းမသိတော့ဘဲ ထိုအရိပ် နိမိတ်တွေရဲ့ အပေါ်မှာ အာရုံကလေးသည် တန်းတန်းမတ်မတ်ငြိမ်ပြီး ကျရောက်၍ နေပြန်ပါသည်၊ ထိုကျရောက်နေသော အာရုံပေါ်မှ အပ တခြားဘာကိုမျှ မသိတော့ဘဲ အသိ သတော လေးဟာ တသမတ်တည်း တန်းတန်း မတ်မတ်တည်ပြီး သိနေလေ တော့၏။

ထိုမှတဖန် အတန်ကြာ၍လာသောအခါ သိစရာအာရုံ ဇော ရောက်နေသည့် ထိုအာရုံ၏ရှေ့မှ စိတ်ထဲက အထင် ခံရသော အရိပ် နိမိတ်တို့သည် ဥပမာ ဘာနှင့် တူပါသလဲ ဆိုဘော့ အလွန်မဲမှောင်နေသော မှောင်ထုကြီး ဖြစ်ပေါ် နေခိုက်မှာ ရောင်ခြည်တထောင် အလင်း ဆောင်သော နေ၏ အလင်းရောင်ကြီးသည် ဖြုန်းကနဲဆို ပေါ်ပေါက် လာသည်နှင့်တပြိုင်နက် အလွန်မဲမှောင်သော မှောင်ထုကြီး ပျောက်ကွယ်၍ သွားဘိသကဲ့သို့ ထို့အတူ အားထုတ်၍ နေရာမှ အလင်းရောင်ကြီး တခုသည် တမုဟုတ်ခြင်း ပေါ် ပေါက်၍ လာသည်နှင့်၊ တပြိုင်နက် စိတ်ထဲက အထင်ခံ ရသော ထို အရိပ် နိမိတ်တို့သည်လည်း အားလုံးကုန် သုဉ်း

ဆိတ်၍ အလွန် ကြည်လင် တောက်ပလှ စွာဖြသော စိတ် ဝင်စားစရာဖြစ်သော အတွယ်အတာမရှိသော လဟာပြင် ကမ္ဘာကြီးတခု၏ အတွင်းထဲမှ အလင်းရောင်ကြီးသက်သက် ကိုသာ စိတ်ထဲကထင်၍ နေလေတော့သတည်း။

ထို အလင်းရောင်ကြီးကို အာရုံနှင့် တွေ့လို့ စိတ်ထဲမှာ ထင်လာသောအခါ မိမိ၏ ကိုယ်ကောင်ကြီး သည်လည်း ဘယ်နေရာသို့ ရောက်နေသည်ဟု မသိတော့ဘဲ ထို ကိုယ် ကောင်ကြီးကိုပင် အာရုံပြုလို့မရရှိတော့ပေ။

ဤသို့ မိမိ၏ကိုယ်ကောင်ကြီးကို အာရုံပြုလို့ မရရှိသော် လည်း ပြဆိုခဲ့ပြီးသည့် အလင်းရောင်ကြီးရယ် ထိုအလင်း ရောင်ပေါ်မှာ ကျရောက်နေသည့် အာရုံ သဘောရယ် ထိုအာရုံပေါ်မှာ မှီ၍နေသော အသိသဘောရယ် ထို သဘောသုံးခုကိုသာ တွေ့ရှိရခြင်းကြောင့် မိမိ၏စိတ်အစဉ် ထဲမှာ ပဌမ ခံစား စံစားရသော ချမ်းသာမှု ထွေထက် အလင်းရောင်ကြီးကို ယခု လက်တွေ့ ခံစား စံစား၍ နေရ သည်မှာ အလွန်ဘရာ ပျော်မွေ့ စရာကြီးပါ ကလား။ နှစ်သက်စရာကြီးပါကလား။ ဘယ်လို ချမ်းသာမှုမျိုး နှင့်မှ မတူသော အလွန်တရာ ချမ်းသာစရာကြီးပါ ကလား။ ထောက်တည်ရာကြီးပါကလား။ မှီခိုစရာ အားထားစရာ ကြီးပါကလား။ ဘဝသံသရာတလျောက်လုံး ဒီလို မတွေ့ဘူး မရောက်ဘူးခဲ့ပါကလား-ဟူ၍ စိတ်အစဉ်ထဲမှာ အမျိုးမျိုး နှလုံးသွင်း၍ အော်မေ့ပြီး ၄အာ်-ပဌမ ငါတွေ့လာ ခဲ့သော ထင်မှတ်မှုတွေဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်လည်း

မဟုတ် နိဗ္ဗာန်ရယ်လို့လဲမဟုတ်တော့ဘူး၊ ယခုတွေ့နေရတဲ့ ကြည်လင် အေးမြ တောက်ပ နေသော အလင်းရောင်ကြီး သက်သက်သာလျှင် နိဗ္ဗာန်ဘဲဟူ၍ တသမတ်တည်း မှတ် ထင်လိုက်လေ၏။

ဤကဲ့သို့ နိဗ္ဗာန်ရယ်လို့ မှတ်ထင်ရသော အပြင်ဘက်က အလင်းရောင်ကြီး တခုကိုသာ အာရုံပြုနေရာမှ ထိုအလင်း ရောင်ကြီးတခုမှာ မိမိ၏ကိုယ်ကောင်ကြီးနှင့်တူသော ကိုယ် ကောင်အတုကြီး တခုသည် တရေးရေးနှင့် မထင်မရှား ရာမှ တဖြည်းဖြည်းနှင့် ထင်ရှားစွာ ဖြစ်ပေါ်၍ လာလေ၏။

ထိုအခါ မိမိ၏လက်ရှိ ကိုယ်ကောင်ကြီးကို ရှိသည် မရှိ သည်ဟူ၍ အာရုံမပြုနိုင်တော့ဘဲ ထိုအလင်းရောင်ကြီးထဲမှ ဖြစ်ပေါ်၍လာသော ကိုယ်ကောင်အတု နိမိတ်ပေါ်မှာပင် အာရုံလေးသည် ငြိမ်သက်၍ ကျရောက် နေခြင်းကြောင့် စိတ်အစဉ်ထဲ၌ ဝမ်းသာခြင်း၊ ဝမ်းမြောက်ခြင်း၊ နှစ်သက် ခြင်း၊ ချမ်းသာခြင်းတို့သည် အလိုအလျောက် ပြည့်စုံ လွှမ်း မိုး၍ လာကြပေကုန်၏။

ထိုသို့ ဖြစ်နေဆဲ့ အချိန်အခါ ကလေးသည် ဥပမာ နှိုင်းယှဉ် ပြရသော် လပြည့်နေ့အခါ ထွက်ပေါ်၍ လာ သည့် အလွန်ကြည်လင် စိမ်းမြစိုပြေ သာယာ လှသော လမင်းကြီး၏ အလင်းရောင်ကြီးကို လက်ခံ ထားသည့် လွင်တီးခေါင် လဟာပြင်ကြီး တခုထဲ၌ အဖော် မပါ တယောက်တည်း ကိုယ့်အတွေး ကလေးနှင့် ကိုယ် တယောက်တည်း ဇိမ်ခံပြီး ထိုဇိမ်ခံမှု တွေးတောမှု ကလေး

ကိုပင် ပြန်၍ တပ်မက်နှစ်သက် စွဲလမ်းနေသည်နှင့် တူလှပေ၏။

အဲဒီလို လဟာပြင် အလင်းရောင်ကြီး ထဲမှာ မိမိတယောက်တည်းသာ ရောက်နေသည်ဟု မှတ်ထင်ခြင်းကြောင့် တဖန် စိတ်ထဲက ယခုမှ နိဗ္ဗာန်ကို ငါကိုယ်တိုင် ရောက်ဘူးတာပါ ကလား၊ ဩဝ်-သူတော်ကောင်းကြီးတွေက သတ္တဝါတွေကိုသနားလွန်းလို့ နိဗ္ဗာန်ကို ရအောင် လုပ်ကြ၊ ယခု တဘဝထဲနှင့် ရောက်အောင် လုပ်ကြလို့ ဟောကြ ပြောကြတာဟာ ဒါကြောင့် ပြောဟောကြတာဘဲ၊ နိဗ္ဗာန်ကိုရောက်တယ်ဆိုတာ ဒီလိုကိုယ်တိုင်ရောက်တာမျိုးကို ပြောဆိုနေတာနဲ့တူတယ်လို့ စိတ်တွေထဲက ထင်ပြီး ဝမ်းမြောက် ဝမ်းသာဖြစ်လျှက် ဦးဇွဝပဌမ တရားစထိုင်သော ရှစ်နာရီခန့်လောက် ကြာအောင်ပင် တရားထိုင်ခဲ့ပေ၏။

ရှစ်နာရီခန့် ကြာကြောင်းသီရပုံမှာ

ထိုသို့တရားဖြုတ်၍ နာရီကို ကြည့်လိုက်သော အခါ နေဝင်လို့ မိုးချုပ်စ ခုနစ်နာရီခွဲတိတိအချိန်မှစ၍ တရားထိုင်ခဲ့ရာ နံနက်မိုးလင်းပိုင်း သုံးနာရီခွဲဘို့ရာ ၁၃-မိနစ် မျှသာ လိုတော့သည်ဟု သိရ၏၊ ဩဝ်-ငါတရားထိုင်ခဲ့တဲ့ အချိန် နာရီပေါင်းဟာဖြင့် ရှစ်နာရီကြာဘို့ရာ ၁၃-မိနစ် မျှသာ လိုပါတော့ကလား၊ ဩဝ်-အတော်ကလေးကြာသွားတာဘဲကိုး၊ ငါကသာ မကြာသေးဘူး ထင်နေတာဘဲလို့

အောက်မေ့ပြီး တရားဖြုတ်၍ ဇာရီယာပုတ် မျှရန် အိပ်ရာထဲသို့ ဝင်လိုက်ရပါသည်။

ပြဆိုခဲ့ပြီးသည့် ထိုပဌမ အစည်တွင် အိပ်ရာထဲဝင်လျောင်းသော်လည်း တမှေးလောက်မျှပင် အိပ်မရတော့ဘဲ မိုးစင်စင် လင်းသွားသော ညတည်-ဖြစ်ပေ၏။ ပဌမ-ညည်ပြီး၏။

တရားဖြုတ်၍ အိပ်ရာထဲဝင်ပြီး လျောင်းနေသည့် အခါ အိပ်လို့ မပျော်၊ တခြားသို့ အာရုံ မပြုတော့ဘဲ ပြဆိုခဲ့ပြီးသော တွေ့ထင်ခဲ့ပုံတွေကိုသာ ဆင်ခြင်စဉ်းစား၍ နေဆဲအခါမှာပင် ဖြုန်းကနဲဆို တမုဟုတ်ချင်း ညာဘက် မျက်စိနှင့် ဘယ်ဘက် မျက်စိထဲမှ ဆလိုက် မီးမောင်းနှင့် တူလွှစ္စာသော အလင်းရောင်ကြီး နှစ်ခုသည် ခေါင်းပေါ်မှ ခြုံထားသော စောင်နှင့် ခြင်ထောင် အမိုးအိမ်ခေါင်မိုးတို့ကို ထိုးဖောက်၍ ထက်ကောင်းကင်မှာ ထွက်ပေါ်နေကြသောလနှင့် ကြယ်တွေကို တမုဟုတ်ချင်း ထင်မြင်၍ လာပြန်၏။

သို့ကလို ထင်မြင်၍လာသောအခါ စဉ်းစားဝေဖန်ပုံမှာ ငါဟာဖြင့် တရားထိုင်တာဘဲ ဖြုတ်ပစ်လိုက်ပြီး တုံးလုံးလွှဲနေရာမှ ခေါင်းပေါ်မှာခြုံထားသည့် စောင်နှင့်ခြင်ထောင် အမိုး အိမ်ခေါင်မိုးတို့ကို ထိုးဖောက်ပြီး ကောင်းကင်ကလနှင့်ကြယ်တွေကို ထင်မြင်နေရခြင်းသည် ဘယ်လို ဟာပါလိမ့်မလဲ ဟုတ်မှဟုတ်ဖမလား၊ ငါလဲတခါဘူးမှ ဒီလို မဖြစ်ဖူးဘူးဟု စိတ်ထဲမှာတဖန်ကြီစည် တွေးတောမှုတွေ ဖြစ်ပြီး

မိတ်ၗဲထားသော မျက်လုံးနှစ်ခုကို ဖျတ်ကနဲ ဖွင့်ပြီး ကြည့်လိုက်သောအခါ ထိုကောင်းကင်မှ ပေါ်ပေါက် နေသောလနှင့်ကြယ်တို့သည် တခဏအတွင်း တရေးရေးနှင့်တဖြည်းဖြည်း ပျောက်ကွယ်၍ သွားပြန်လေတော့၏။

အားမထုတ်ရလျှင် မနေနိုင်

ထိုအခါမှစ၍ မိမိရဲ့ စိတ်တွေထဲမှာ ဘယ်လိုဖြစ်နေပါသလဲဆိုတော့ မိမိနှင့်အတူနေ အိမ်သားချင်း တွေကိုတောင်မှ စကားမပြောချင်တော့သလိုလို အခြား ပုဂ္ဂိုလ်တွေကိုလဲ စကားမပြောချင်သလိုလို အိမ်ထောင်မှု ကိစ္စအဝဝတွေကိုလဲ မလုပ်ချင်တော့ သလိုလို ဖြစ်ပြီး ပဌမညာဏ်လို တွေ့ရှိခဲ့တာတွေကိုသာ စိတ်ထဲမှာ အစဉ်တွေ့ချင် နေခြင်းကြောင့် တရား အားထုတ်ချင်တဲ့ ဆန္ဒတို့သည် စိတ်ထဲမှာ တဖွားဖွားဖြစ်ပေါ်၍ တရားအားမထုတ်ရလျှင်မနေနိုင်၊ သေမလောက်ဖြစ်ပြီးနေရာမှ နေ့ရောညပါမပြတ် အားထုတ်နေပါတော့သည်။

စဉ့်အိုးလုံးကြီးပမာဏ

၅၂သို့ အဆက်မပြတ် အားထုတ်သည့် အချိန်မှ စ၍ သမာဓိတို့သည် အလွန် လွယ်ကူစွာ ရရှိနေလေတော့သည်၊ သို့သော် အခြားဗာဟိရကိစ္စကြောင့် နေ့အခါအားထုတ်ရာတွင် သမာဓိလွယ်ကူစွာရရှိသော်လည်း ဆန္ဒရှိသလောက် ခရီးမရောက်ခဲ့ပေ၊ ညအခါကျမှ သာလျှင် လွတ်လပ်စွာ စိတ်ချမ်းသာမှုယူ၍ တသမတ်တည်း အားထုတ် နိုင်ခြင်း

ကြောင့် ပဌမညာဏ်ထုတ်လို့ တွေ့ရှိခဲ့ရသော ဖြစ်ဆင်နှင့် တကွ နိဗ္ဗာန်ဟု ထင်မှတ်ရသော အလင်းရောင်ကြီး ထဲမှာ မိမိ၏ ကိုယ်ကောင်ကြီး တခေါက် ရောက်သွားပြန်သည်ဟု တွေ့ထင်လာပြန်၏။

ထိုသို့ နိဗ္ဗာန်ဟု ထင်မှတ် နေသော အလင်းရောင်ကြီး ထဲ၌ ငုတ်တုတ်ထိုင်နေသည့် ကိုယ်ကောင်ကြီးကို စူးစိုက်၍ စေ့စေ့ကြည့်ရာ အတန်ငယ် ကြာသောအခါ ထိုအလင်း ရောင်ကြီးထဲမှာ ငုတ်တုတ်ထိုင်နေသော ကိုယ်ကောင်ကြီး သည် တဖြည်းဖြည်းနှင့် ဖောင်းပွ ဖောင်းပွ၍ လာသည်မှာ အလေးချိန် နှစ်ရာဝင်သည့် စဉ့်အိုးကြီး ပမာဏခန့် ဖြစ် ပေါ်၍လာပြန်ပါ၏။

အပုပ်အပွကောင်ကြီး

ထိုအလင်းရောင်ကြီး ထဲမှာ ဖြစ်ပေါ်၍ လာသော ဖောင်းပွနေတဲ့ ကိုယ်ကောင်ကြီးကို တွေ့ရှိရ၍ စိတ်ထဲက တွေးတော ကြံစည်မှုတွေ ဖြစ်ပေါ်လာပုံမှာ ငါ-ဘယ်လို ဟာတွေကို တွေ့နေရတယ်လို့ မပြောတတ် သလောက် ဖြစ်နေရပြန်ပြီ၊ ဒီအလင်းရောင် နိဗ္ဗာန်ကြီးထဲကို အား ထုတ်လို့ ရောက်ရှိသွားလျှင် အေးရော မြရော ချမ်းသာ ကရောရယ်လို့ မှတ်ထင်ပြီး အားထုတ်လိုက်ပါတယ်၊ ယခု ညကျတော့ ဝမ်းပုံကြီးနှင့်တူတဲ့ အလွန် ဖြူဖွေးသော ကိုယ် ကောင်ကြီးဟာ တလှုပ်လှုပ်နှင့် တဖြည်းဖြည်း ဖောင်းပွ ဖောင်းပွ၍ ဖြစ်လာပြန်ပါပြီ။

ငါ့ကို တရားများ ပြနေရော့သလား၊ ဒါမှ မဟုတ်လျှင် ငါနှင့်တူအောင် အယောင်ဆောင်ပြီး သူရဲများ ချောက်လှန့်နေရော့သလား၊ ဒါမှမဟုတ်လျှင် ကမ္ဘာ့ဘာန်းကောင်ကြီးဆိုတာ ဒါမျိုးပေဘဲလား မပြောတတ်တော့ ဘူးဟု စိတ်ထဲက အော်မေ့နေဆဲမှာ ထိုဖောင်းပွ နေသည့် ငုတ်တုတ် ထိုင်နေသော မိမိရဲ့ ကိုယ်ကောင် ကြီးသည် အလင်းရောင်ကြီးထဲမှာပင် တမှုတ်ချင်း ယိုင်လဲ ကျကာ မိမိ၏ ပုံပန်းသဏ္ဌာန်မဟုတ်တော့ဘဲ အမည် မသိနိုင်သော လူသေကောင်ပုပ်ကြီးတကောင် ဖြစ်ပေါ်နေသည်ကို တွေ့ထင်လာပြန်၏။

ထိုတွေ့ရှိရသော ပုပ်ပွ နေသည့် လူသေကောင်ကြီးကို စူးစူး စိုက်စိုက် အာရုံပြုသော အခါ လူသေကောင်ပုပ်ကြီးကို လူသေကောင် အစစ်ဘဲဟု ထင်မှတ်ခါ စိတ်ထဲက ကြောက်သလိုလို လန့်သလိုလို ဖြစ်လာ သောကြောင့် ငါအော်လိုက်ရလျှင် ကောင်းမလား၊ ထွက်ပြေး ရလျှင် ကောင်းမလားဟု ချိန်ဆနေဆဲ အခါမှာပင် သတိရ၍ အော်-ငါဘာဖြစ်လို့ ထွက်ပြေးရမလဲ၊ ငါဘာဖြစ်လို့ ဟစ်အော်ရမလဲ၊ ငါတရား အားထုတ်နေတာဘဲ၊ ငါတရား အားထုတ်လို့ တွေ့နေရတာတွေဘဲ ဟု အောက်မေ့ပြီး ထိုအလင်းရောင်ကြီးထဲက ပုပ်ပွနေသည့် လူသေကောင်ကြီးကို မတွေ့ချင် မသိချင် မရှုချင်တော့ဘဲ လျစ်လျူရှု၍ ထိုညဉ့် အားထုတ်ရာမှ တရား တစခန်း ရပ်လိုက်ရပေတော့၏။

ဤသို့ တွေ့ရှိပုံနှင့်တကွ တရားဖြုတ်၍ တရေး တမော အိပ်ပျော်ပြီးသည့်နောက် အိပ်ရာမှထ၍ မျက်နှာ သစ်ရန် ရေအိုးရှိရာသို့ သွားသောအခါ ရေအိုးနှင့် ရေခွက်တို့သည် နဂိုပကတိအတိုင်း မဟုတ်တော့ဘဲ အလွန် ကြီးမားသော ရေအိုးကြီးနှင့် ရေခွက်ကြီးတို့ကို တွေ့မြင်နေပြန်၏။

ထိုနောက်မှတဖန် မိမိရဲ့ ကိုယ်ကောင်ကြီးကို ပြန်ကြည့်သောအခါ ကိုယ်ကောင်ကြီးဟာလဲ တံရား အားထုတ်တုန်းက တွေ့ခဲ့ရသလို ပုပ်ပွနေသည့် ကိုယ်ကောင်ကြီးလို့ တဖန် တွေ့မြင်နေပြန်တော့သည်၊ အခြား လမ်းသွားလာသူတွေကို ကြည့်လိုက် ပြန်တော့လည်း ထိုနည်း တူစွာပင် အပုပ်ကောင် အပွကောင်ကြီးတွေ အဖြစ်သာ တွေ့မြင်နေပြန်ပါသည်။

ထင်းနောက် မိမိသောက်နေကျ ဖြစ်သော လဘက်ရေအိုးနှင့် လဘက်ရေ ပန်းကန်တွေမှာလည်း ခါတိုင်းမြင်ရသလိုမဟုတ်ဘဲ အလွန် ကြီးမားနေသည်ကို တွေ့မြင်နေရခြင်းကြောင့်စိတ်ထဲမှတွေးတော ကြံစည်ပုံမှာ ပဌမည အားထုတ်ပြီးတရားဖြုတ်တဲ့အခါမှာ ဒီလိုမတွေ့မြင်ဘူး၊ ဒုတိယည အားထုတ်လို့ တရားဖြုတ်ပြီးခါမှ ဒီလို အတွေ့ အမြင် တွေဟာ နတ်သိကြားနှင့် မြဟ္မာကြီးတွေက ဖန်ဆင်းပြီး ပြနေရော့သလား၊ တရားတွေ့တယ်ဆိုတာ ဒါမျိုးကိုဘဲ ပြောလေရော့သလား။

ဒါမျိုးတွေကိုသာ တရားအားထုတ်သည်ဖြစ်စေ၊ တရား အား မထုတ်သည် ဖြစ်စေ မြင်နေဦးမည် ဆိုခဲ့ပါလျှင်

ရှေးဆက်၍ အားထုတ်လျှင် ကောင်းမလား၊ အားမထုတ်လျှင်ကောင်းမလားဟူ၍ စိတ်ထဲမှ ကြံစည် တွေးတောမှုတို့သည် တဖွားဖွား ဖြစ်ပေါ်လာပြန်တော့သည်။

စိတ်ထဲမှာ ဤသို့ ဖြစ်ပေါ် နေသော်လည်း နေ့ဖြစ်စေ ခါတိုင်း အားထုတ်နေကျ အချိန် ရောက်လာလို့ တရား အားမထုတ် ရလျှင် မနေနိုင် ခြင်းကြောင့် အချိန်မှန်မှန် တရားအားထုတ်မြဲ အားထုတ်ပြန်ပါသည်၊ မနေနိုင်လို့သာ အားထုတ်ရ သော်လည်း ပြဆိုခဲ့ပြီးသော ပုပ်ပွ နေသည့် လူသေကောင်ကြီးကိုတော့ မြင်ရမှာ စိတ်ထဲက ကြောက် သလိုလို လန့်သလိုလို ဖြစ်နေပြန်တော့သည်။

ဤသို့ခပ်လန့်လန့်နှင့် အားထုတ်ပြန်သောအခါ တရား ထိုင်၍များမကြာမီ သမာဓိရတာနဲ့တပြိုင်နက် တွေ့မြင်ခဲ့ ဘူးသည့်အတိုင်း အလင်းရောင်ကြီးထဲမှ ပုပ်ပွနေသော လူသေကောင် ကြီးကို သာလျှင် တွေ့မြင်၍ တွေ့မြင်၍ နေသည်မှာ တရားအားထုတ်သည်ဖြစ်စေ အားမထုတ် သည်ဖြစ်စေ၊ သုံးနေ့နှင့် သုံးည ဒီလိုမြင်နေသည့်အပြင် အိမ်ပျော်နေစဉ်အခါမှာပင် အိမ်မက်ထဲ၌ ထိုပုပ်ပွနေသည့် လူသေကောင်ကြီးကိုပင် မြင်မက်နေပြန်ပါသည်။

တန်ဆေးသူရဲပမာ

ဤကဲ့သို့မတွေ့ချင် မမြင်ချင်သည့် ကမ္ဘာနေအား-ရန်ကုကြီးကို သုံးနေ့သုံးညနှင့် အိပ်ပျော်နေစဉ် အခါသော်မှ ထိုကဲ့သို့ တွေ့မြင် နေရသည်ကို ဥပမာ ဆောင်ရသော်

လူယောက်သည် လမ်းတလမ်းကိုမသွား မလာချင်သော်လဲ ထိုလမ်းကိုမသွားမလာရန် ဘယ်နည်းနှင့်မျှ လွဲရှောင်၍ မဖြစ်နိုင်လို့သာအမြဲတမ်း သွားလာနေရ၏။

ထိုသို့ သွားလာသောအခါ သွားတိုင်း သွားတိုင်း ပြန်တိုင်းပြန်တိုင်း ထိုလမ်းမှစောင့်၍ နေသော သူရဲကြီး တကောင်က လူသေကောင်အယောင်ဆောင်ပြီး ထိုလူကို အသွားမှာလဲချောက်လှန့်ပြအပြန်မှာလဲချောက်လှန့်ပြခြင်း ကြောင့် ထိုခရီးသွားသောလူသည် အမြဲတမ်းကြောက်လန့်ပြီး နေတိုင်းသို့ ထို့အတူ ခရီးသွားသောလူနှင့် အားထုတ်သော ယောဂီတူလှ၏။

မသွားချင်ဘဲနှင့် သွားနေရခြင်းသည် အားမထုတ်ချင်ဘဲနှင့် အားထုတ်နေရသည်နှင့်တူလှ၏၊ အသွားလဲချောက်လှန့် အပြန်လဲ အချောက်အလှန့်ခံရခြင်းသည် မျက်စိမှိတ်ထားလဲမမြင်ချင်တာကိုမြင်၍ မျက်စိဖွင့်ထားလဲ မမြင်ချင်တာကိုဘဲ မြင်ရဒါနှင့်တူလှ၏။

သူရဲကြီး၏ လူသေကောင်ယောင်ဆောင်ပြီး ပြခြင်းကို မြင်ရခြင်းသည် အားထုတ်သော ယောဂီသည် အပုပ်ကောင် အပွင်ကောင် နိမိတ်ကြီးကို မြင်တာနှင့် တူလှ၏ ချောက်လှန့်နေသော သူရဲကြီးသည်ကား ယောဂီ၏ စိတ်သညာထဲက လှည့်စားတာနှင့် တူလှ၏၊ သူရဲခြောက်၍ ကြောက်လန့် နေသော သူသည် သညာ လှည့်စားခြင်းကြောင့် ယောဂီ၏စိတ်ထဲက ကြောက်လန့် နေတာနှင့်တူလှ၏။

မှတ်ချက်။ ။သို့သော် မိမိအားထုတ်ခဲ့စဉ်က ထိုဥပမာ မျိုးကဲ့သို့ ခြားနားပြီး မသိမမြင်ခဲ့ချေ။ ယောဂီတို့၏ အသိအမြင် ခြားနားမှုရှိစေခြင်းအလိုငှာ သာလျှင် ကြားဖြတ်၍ ဥပမာဆောင်ရခြင်းဖြစ်ပေသည်။

ဤကဲ့သို့ သုံးနေနှင့် သုံးညှဟာဖြင့် မျက်စိဖွင့်နေပြန်လျှင်လဲ သွားလာနေသောသူတွေကို ပုပ်ပွနေသည်ဟုမြင်တဲ့အပေါ်မှာ စိတ်ထဲကထင်၍ မျက်စိမှိတ်ထားပြန်လျှင်လဲ ပုပ်ပွ နေသည့် လူသေကောင် ကြီးကိုသာ စိတ်ထဲက အမြဲတမ်းထင်နေခြင်းကြောင့်-

အားမထုတ်လဲထင် အားထုတ်လဲ ထင်နေပြန်တော့ ဥပမာ ဘာနှင့်တူနေပြန်သလဲဆိုလျှင် ရှေတိုးလျှင်လည်း လှည်းတပိုး၊ နောက်ဆုတ်လိုက်လျှင်လဲ လှည်းထုပ် ဆိုဘိ သကဲ့သို့ အားမထုတ်လျှင်လဲ အခက်နှင့်ကြုံ အားထုတ်လျှင်လဲအခက်နှင့်ကြုံတွေ့နေရာမှ မိမိ၏စိတ်ကို သဒ္ဓါသတိ ဝီရိယနှင့် မြှင့်တင်၍ ပုပ်ပွနေသည့် လူသေကောင်ကြီးကို ထင်မြင်ရသော သုံးနေနှင့် သုံးညလွန်မြောက်ပြီး နောက်တနေ့ည ဆက်လက်ပြီး အားထုတ်ပြန်လေ၏။

သမာဓိအားကောင်းလာပုံ

ထိုသို့ သုံးနေနှင့်သုံးညအလွန် ဆက်လက်ပြီးအားထုတ်ရာမှာ သမာဓိတို့သည် ပဌမဝိုင်းလိုအတန်ငယ်ကြာအောင် အားမစိုက် ရတော့ဘဲ တိုင်တတိုင်၌ နှုံညွန်စေး ကပ်ထားဘိသကဲ့သို့ တရားထိုင်တာနှင့် တပြိုင်နက် အာရုံ

တို့သည် ဘယ်ကိုမှ တိမ်းစောင်း ပျံလွှင့်ခြင်း မရှိတော့ဘဲ တိုင်နှင့်တူသော နာသီးဝမှ နှံ့ညွှန်နှင့်တူသော အာရုံကို အစေးနှင့်တူတဲ့ သတိဖြင့် လွှယ်ကူစွာ ကပ်ထားတတ် ခြင်းကြောင့် သမာဓိတို့သည် အလိုအလျောက် ပေါ် ပေါက်၍လာသလို ဖြစ်ပေါ်၍ လာကြလေကုန်၏။

အဲဒီလိုလွယ်လင့်တကူ သမာဓိရသော်လဲ ထိုသမာဓိ လောက်နှင့် မတင်းတိမ်းနိုင်ဘဲ ဆက်လက်၍ကြိုးစားပြန်ရာ တဖြည်းဖြည်းကြိုးထွားး၍ ကြိုးထွား၍ မယိမ်းမယိုင် သံတိုင် ကျောက်တိုင်ကြိုးများ ကဲ့သို့ အလွန်တည်တံ့ ခိုင်မြဲလှစွာသော သမာဓိတို့သည် ဖြစ်ပေါ်၍လာသည့်နှင့် ကိုယ်နှင့် စိတ်တို့သည် အလွန်ပေါ့ပါး၍လာပြီး မိနစ်အနည်းငယ်မျှ အတွင်းမှာပင် သိစရာရှိသော နာသီးဝ၏ အတွင်းမှ ထိမှုဆဘောမျှ သက်သက်ကလေးသည် နူးညံ့ရာမှသိမ်မွေ့ သိမ်မွေ့ပြီး သေးသိမ်မှေးမှိန်၍ ချုပ်ပျောက်ပြီးသကာလ အသိသဘော မချုပ်ဘဲနှင့် မိမိ ကိုယ်ကောင် ကြီးပါ တပြိုင်နက် ပျောက်ကွယ်ပြီး ဟာလာဟင်းလင်းနှင့်တူတဲ့ အလင်းရောင် လဟာပြင်ကြီး တခုသည် တမုဟုတ်ချင်း ပေါ်ပေါက်၍ လာလေတော့၏။

အကြောနှင့် အရိုးစုများထင်ပုံ

ထိုသို့ ပေါ်ပေါက်၍လာသော အလင်းရောင် လဟာပြင်ထဲသို့ စေ့စေ့ ရှုကြည့်ပြန်သောအခါ ထို အလင်းရောင်ကြီးထဲမှာ ဝန်းပုံကြီးကဲ့သို့ ဖြူဖွေးနေသော ပုပ်ပွ နေသည့် လူသေကောင်ကြီး၏ အသားအရေတို့သည် အတစ်လိုက်

အတန်လိုက် ပဲ့ရဲ့ကာကျသွားပြီး အကြောနှင့် အရိုးစုတို့ကို တဖန်ထင်မြင်၍လာပြန်လေ၏။

ဤကဲ့သို့ အလင်းရောင်လဟာပြင်ကြီးထဲမှ အကြောနှင့် အရိုးတွေကိုသာ ပြောင်းလဲပြီး ထင်မြင်၍ နေပြန် ခြင်းကြောင့် အပြင်ဘက်မှ အလင်းရောင်ထဲမှာ ပြောင်းလဲပြီး နေသလို အတွင်းထဲက စိတ်ထဲမှာလဲ ပြောင်းလဲ၍ စိတ်ကူးကြီစည်မှုတွေ ဖြစ်ပေါ်လာပြန်သည်မှာ-

အော်-ဒီအကြောစုနှင့် အရိုးစုတွေဟာ တရားထိုင်စကင်ဂါရဲ့ရှေ့မှာ ဘာမှမရှိပဲ၀ါဘဲလျက် ယခုမှရှိသည်ဟု ထင်မြင်၍နေရခြင်းသည် နတ်တွေ ပြဟ္မာတွေကဘဲ ဖန်ဆင်းပြီး ပြနေရော့သလား၊ တရားတွေများ တိုးတက်ပြီး လာတာလား၊ ဘယ်နယ်လဲ ပဌမ အားထုတ်တဲ့ အခါတုန်းက မသာယာစရာ မနှစ်မျိုးစရာဖြစ်တဲ့ မဖွယ် မရာသည့် ပုပ်ပွနေသော လူသေကောင်ကြီးကို တွေ့ရဘယ်။

ယခုတော့ အကြောစုတွေနှင့် အရိုးစုတွေကိုဘဲ ပြောင်းလဲပြီး တွေ့နေရပြန်တယ်၊ ဂါတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် တခုခုကို ရများ ရနေသလား၊ ရောက်များ ရောက်နေသလားမသိဘူး၊ ယခုတွေ့နေရတဲ့ အရိုးစုနှင့် အကြောစုတွေဟာလဲ မိန်းမ ယောကျ်ားနှင့် လူ နတ် ပြဟ္မာတွေလဲ မဟုတ်ဘူး၊ ဒီအရိုးစုတွေနှင့် အကြောစုတွေထဲမှာ မိန်းမ ရှိသလား၊ ယောကျ်ားရှိသလား၊ လူရယ်လို့ရှိသလား၊ နတ်ရယ်လို့ရှိသလား၊ အော်-ပညတ်ကင်းစင်သည့် ပရမတ် အမြင်ဆိုတာ ဒါဘဲနဲ့တူတယ်။

တလောကလုံးမှာ အရေထူ အရေပါးနှင့် အသွေးအသားတွေကို ခွါပစ်လိုက်မယ် ဆိုလျှင် ဒီအကြောစုနှင့် အရိုးစုတွေသာရှိတာဘဲ၊ ဘာရယ် ညာရယ်လို့လဲ မဟုတ် တော့ပါကလား၊ လိုချင်စရာ တပ်မက်စရာ နှစ်သက်စရာ တွယ်တာစရာ စွဲလမ်းစရာဘာတခုမှ မရှိပါ ကလား-ဟု စိတ်ထဲမှာဖြစ်ပြီး၊ အော်-အာသဝေါ ကင်းတယ် ဆိုတာ ဒီလို အတွေ့အကြုံမျိုးကို ပြောမျှား နေကြတာလား ငါလဲ မတွေးတတ်တော့ဘူး။

ငါဟာဖြင့် ဒီလိုသာ အဲကြောစုနှင့် အရိုးစုတွေကို အမြဲတမ်း ထင်မြင် နေမယ်ဆိုလျှင် ငါ့ရဲ့ စိတ်ထဲမှာ ကိလေသာဘယ်အခါမှ ဖြစ်မှာမဟုတ်တော့ဘူး ရွှေဆက် လက်ပြီး အားထုတ်စရာလဲ လိုတော့မှာမဟုတ်တော့ဘူးနဲ့ တူတယ်ဟူ၍ စိတ်ထဲမှာ အမျိုးမျိုးအဖုံဖုံ အောက်မေ့ကာ ထိုအချိန်အခါမှာပင် ဘာရုံကိုဖြတ်၍ တရားအားထုတ်မှုကို ရပ်နားလိုက်လေတော့၏။

မိမိကိုယ်ကောင်ကြီးပျောက်ပုံ

ထိုနေ့ည တရားအားထုတ်ရာမှ ရပ်နား၍ တရေးတမောအိပ်ပြီး နောက်တနေ့နံနက်ပိုင်းမှစ၍ တနေ့လုံးလွန်ခဲ့သောညက အားထုတ်ခဲ့စဉ်က တွေ့မြင်ခဲ့ရသော ထိုအရိုးစုနှင့် အကြောစုတွေကိုဘဲ တွေ့မြင်နေပြန်တယ်။

ဘယ်လို တွေ့မြင်ရပါသလဲဆိုတော့ မိမိနှင့်အတူနေ အိမ်သူ အိမ်သားတွေနှင့် လမ်းသွား လမ်းလာတွေကို

စာကြည့်တိုက်

အမှတ်တမဲ့ ခြေခြံလိုက်ပြန်လျှင်လဲ ညတုန်းက မြင်ခဲ့ဘူးသလို အကြောစုနှင့် အရိုးစုတွေကိုသာ တွေ့မြင်နေရပြန်ပါတယ်။

မျက်စိမှိတ်ပြီး အာရုံပြု၍ ကြည့်နေပြန်လျှင်လဲ ထို အကြောစုနှင့် အရိုးစုတွေကိုသာ တွေ့မြင်နေရပြန်တာဘဲ၊ ဤကဲ့သို့ တွေ့မြင်မှုတွေကို မတွေ့မမြင်ချင် ခြင်းကြောင့် အားမထုတ်တော့ဘူးဟူ၍ စိတ်ထဲမှာ ပိုင်းဖြတ်ပြီးထား သော်လည်း အားမထုတ်ရလျှင် မနေနိုင်ဟု စိတ်ထဲမှာ တဖန်ဖြစ်လာပြန်သောကြောင့် နောက်တည် ဆက်လက်၍ အားထုတ်ပြန်ရာ ထိုအတွေ့ ထိုအမြင်မျိုးကိုသာ ထပ်မံပြီး တွေ့မြင်မြဲ တွေ့မြင်နေပြန်သည်။

ဤသို့တွေ့မြင်နေသည်မှာ အားထုတ်တိုင်း အားထုတ် တိုင်း ထိုအရိုးစုနှင့် အကြောစုတွေကိုသာ ငါးနှေးနှင့် ငါးညှ တွေ့မြင်နေရာမှ ထိုငါးနှေးနှင့် ငါးညှအလွန် နောက်တနေ့ည ဆက်လက်၍ အားထုတ်ပြန်ရာ တရား ထိုင်၍ အားထုတ်သည်နှင့်တပြိုင်နက် သဒ္ဓါသတိ ဝီရိယ တို့၏ ခိုင်ခံ့တည်တံ့မှု အရှိန်ကြောင့် အထွဋ်အထိပ် ဖြစ်သော သမာဓိတို့သည် လွယ်ကူစွာ ရရှိ၍လာပြန်၏။

ထိုအထွဋ်အထိပ်ဖြစ်သော သမာဓိတို့ကို လွယ်ကူစွာရရှိ သည်နှင့်အမျှ အသိခံရသော နှာသီးဝ အတွင်းက ထိမှု သဘောသက်သက်ကလေးသည် တဖြည်းဖြည်း ကြမ်းထမ်း ရာမှ နူးညံ့နူးညံ့ရာမှ သိမဲမွေ့ သိမ်မွေ့ရာမှ သေးသိမ် သေး သိမ်ရာမှ မွေးမှိန်၍ ချုပ်ပျောက်ပြီး သကာလ အာနာပါန

ကမ္မဋ္ဌာန်းကို အားထုတ်နေသော မိမိ၏ ကိုယ်ကောင်ကြီးပါ ပျောက်ကွယ်လေတော့၏။

အမှုန့်တွေကို ထင်မြင်ပုံ

ထိုသို့ ထိမှသဘောသက်သက်နှင့် အားထုတ်၍နေသော မိမိရဲ့ ကိုယ်ကောင်ကြီးပါ ချုပ်ပျောက် သည်နှင့် အမျှ ခါတိုင်း ခါတိုင်း ရောက်နေကျ ဖြစ်သော တွေ့နေကျ ဖြစ်သော အလင်းရောင်ကြီးသည် မိမိ၏ ရှေ့မှောက်၌ အလို အလျောက် ပေါ်ပေါက်၍ လာသည်နှင့် တပြိုင်နက် ထိုပေါက်၍လာသည့် အလင်းရောင်ကြီးထဲသို့ အာရုံ လွှတ်၍ ရှုကြည့်ပြန်သောအခါပဌမအကြိမ် ဒုတိယအကြိမ် တွေ့မြင်ခဲ့ဘူးသော အပုပ်ကောင် အပွကောင်ကြီး တွေ့နှင့် အကြောစု အရိုးစုတွေကို မတွေ့ မမြင်ရတော့ဘဲ တတိယအကြိမ် ပြောင်းလဲပြီး တွေ့မြင်ရပုံမှာ ထင်းပုံကြီး တပုံကို ပိုးတွေထိုးနေသည့်အခါ ပိုးမှုန့်တွေ တဖွားဖွားနှင့် ကျပြီး စုပုံနေသလို ထို့အတူ အလင်းရောင်ကြီး ထဲမှာလဲ စုပြုံနေသော အမှုန့်ပုံကြီးကို တွေ့မြင်ရပြန်လေ၏။

ဤသို့ အလင်းရောင်ကြီးထဲက စုပြုံနေသော အမှုန့်ပုံကြီးကို တွေ့မြင်ပြီးသည့်နောက် ထိုနေ့ည တရားဖြူတ်၍ တရေးတမော အိပ်ပြီး အိပ်ရာကထလာသည်မှစ၍ တဆယ်နှင့် တနေ့ တဆယ်နှင့် တညလုံးလုံးဟာဖြင့် ဘယ်လို ဝတ္ထု ပစ္စည်းတွေဘဲဖြစ်ဖြစ် မျက်စိဖွင့်၍ ကြည့်ပြန်လျှင်လဲ အားလုံးကုန် အမှုန့်ပုံကြီးတွေကိုသာ မြင်သည်ဟူ၍ စိတ်ထဲမှာ မှတ်ထင်နေပြန်တယ်၊ တဖန် မျက်စိမှိတ်၍ ကြည့်ပြန်လျှင်လဲ

ထိုနည်းတူစွာ တလောကလုံး အမှုန့်ပုံကြီးတွေဘဲဟု ထင်မြင်၍ နေပြန်ပါ၏။

ရဟန်းကိစ္စ ပြီးသည်ဟု ထင်ပုံ

အဲဒီလို မျက်စိ မှိတ်သည်ဖြစ်စေ ဖွင့်သည် ဖြစ်စေ တလောကလုံး အမှုန့်ပုံကြီးတွေဘဲ ဟူ၍သာ ထာဝစဉ် ထင် မြင်ပြီး နေမှကြောင့် စိတ်အစဉ်တွေထဲ၌ တဖန်ပြောင်းလဲ၍ နှလုံးသွင်းပြီး အောက်မေ့ပုံမှာ-

ငါဒီသို့မြင်ပြီး လာခဲ့တာတွေဟာ ဘယ်လိုပါလိမ့်မလဲ အော်-ပဌမဆုံးနေ့နှင့် သုံးညကတော့ အလင်းရောင်ကြီးထဲမှာ အပုပ်ကောင် အပွကောင်ကြီးတွေကို မြင်ပြီး လာခဲ့တယ်၊ ဒုတိယငါးနေ့နှင့် ငါးညကတော့ အကြော်စုနှင့် အရိုးစုတွေကို မြင်ပြီးလာခဲ့တယ်၊ ယခုတတိယတာဆယ်နှင့်တနေ့တဆယ်နှင့် တညကျတော့ အမှုန့်တွေကိုပြောင်းပြီးမြင်နေပြန်တယ်ဆိုတော့ နောင်ကိုလဲဘာတွေကို ထပ်မံပြီး မြင်နေဦးမယ်လို့ မပြောတတ် သလောက် ဖြစ်နေရပါပြီ။

မတတ်နိုင်ဘူးလေ သူ့သဘောနှင့်သူ မြင်နေတာဘဲ၊ မြင်ချင်တာတွေကို မြင်ပါစေတော့ဟူ၍ စိတ်အစဉ်ထဲမှာတွေးတော ကြံစည်မှုတွေဖြစ်ပြီး အထင်အမြင် ခံရသော အမှုန့်ပုံကြီးထဲသို့ အာရုံညွတ်၍ ကြည့်ရှုပြန်သောအခါ အော်-မိန်းမ ယောကျ်ားလူ နတ် ဗြဟ္မာ သတ္တဝါရယ်လို့ ဘာတခုမျှမရှိပါကလား အမှုန့်တွေသက်သက်သာ ရှိပါတော့ကလား။

ထိုအမှုန့်တွေကိုလဲ တွယ်တာစရာလဲမရှိ တပ်မက်စရာ နှစ်သက်စရာ လိုချင်စရာ ယူချင်စရာ ရချင်စရာ မရှိခြင်းကြောင့် စွဲလမ်းစရာတွေ မဟုတ်တော့ပါတကား၊ အော်-ပဌမနှင့် ဒုတိယတွေ့မြင်ခဲ့သော အပုပ်အပွကောင်တွေနှင့် အကြောစု အရိုးစုတွေကို မစွဲလမ်းဘူးဟူသော ဥပါဒါန် ပြုတ်ချက်က သာလွန်၍ ပြုတ်ချက်ကောင်းပါ ကလား၊ အော်- ရှေဆက်ပြီး အားထုတ်စရာ မလိုတော့ဘူးနှင့် တူတယ်။

ဒီလိုအမှုန့်တွေကိုသာ အမြဲတမ်းမြင်ပြီး ယောကျ်ားသဏ္ဌာန်၊ မိန်းမသဏ္ဌာန်တွေ မမြင်တော့ဘူး ဆိုလျှင် ကိလေသာလဲ မဖြစ်တော့ဘူး စွဲလမ်းမှုဆိုကဲ့ ဥပါဒါန်တွေလဲ မရှိတော့ဘူး၊ အော်-ရဟန်းကိစ္စပြီးတယ်ဆိုတာ ဒီအမြင် ဒီအသိမျိုးကို ပြောဒါနှင့် တူတာဘဲဟူ၍ စိတ်ထဲမှာဖြစ်ခါ ဝမ်းသာအားရပြီး ထိုတရား အလုပ်ကိုသာ အမြဲတမ်း အားထုတ်ဘို့ရာ နှလုံးသွင်း၍ နေပေတော့၏။

ထိုသို့စွဲလမ်းမှု ဥပါဒါန် ပြုတ်နေပြီဟူ၍ စိတ်ထဲမှာ မှတ်ထင်နေသော်လဲ ထိုတဆယ်နှင့် တနေ့ တဆယ်နှင့် တညအလွန်မှာ အားမထုတ်ရလျှင် မနေနိုင်လောက်သည့် စိတ်တို့သည် တဖွားဖွားဖြစ်ပေါ်၍ နေခြင်းကြောင့်တဖန် ဆက်လက်ပြီး အာနာပါန သတိပဋ္ဌာန် ကမ္မဋ္ဌာန်းကို အားထုတ်ပြန်ရာ စောင့်ထိန်းမှု သိလ ပြည့်စုံ မှုကြောင့် အာရုံတို့သည်ဘယ်ကိုမှမပျံ့လွင့်တော့ဘဲ ငြိဝဝ်နေသည့် အပေါ်မှာ တည်ကြည်သော အသိနှင့် အထွင့်အထိပ်

သမာဓိတို့သည် အာဒီးထုတ်သည်နှင့် တပြိုင်နက် ဖြစ်ပေါ်၍ လာလေတော့၏။

အဲဒီလို နေ့ညမပြတ် ကြိုးစား အာဒီးထုတ် မှုကြောင့် သမာဓိအရှိန် အလွန် ကောင်းပြီး နှာသီးဝ အတွင်း ထိသဘော တခုပေါ်မှာ အာရုံကျရောက်၍ တည်ကြည်သော အသိ ကေဝတာသမာဓိ ဖြစ်သည်နှင့်အမျှ ရှေးနည်း တူစွာ သိစရာရှိသော နှာသီးဝ အတွင်းက ထိသဘော သက်သက်ကလေးသည် ကြမ်းထမ်းရာမှ နူးညံ့၊ နူးညံ့ရာမှ သိမ်မွေ့၊ သိမ်မွေ့ရာမှ သေးသိမ်၊ သေးသိမ်ရာမှ တဖြည်းဖြည်း မှေးမှိန်ပြီး ထိထိသဘော သက်သက်နှင့်တကွ ဓိဓိ၏ ကိုယ်ကောင်ကြီးပါ တဖန် ချုပ်ပျောက်၍ သွားပြန်၏။

ဤကဲ့သို့ ချုပ်ပျောက် သွားသည်နှင့် အလင်းရောင်ကြီး ပေါ်ပြန်၏၊ ဥပမာ လမင်းကြီးကို မိုးသား တိမ်လိပ်တွေ ဖုံးကွယ်၍ အလွန်မဲမှောင်သော ညအခါမှာ တမုဟုတ်ချင်း ထိုမိုးသား တိမ်လိပ်တွေ ကင်းစင်ပြီး ကမ္ဘာ တဝှမ်း လုံးကို လမင်းကြီး၏ အရောင်ကြီးသည် လွှမ်းမိုး ထားဘိ သကဲ့သို့ တရားအာဒီးထုတ်၍ များမကြာမီ ထိသဘောနှင့် ကိုယ်ကောင်ကြီးပါချုပ်ပျောက်ပြီး အမှောင်ခွင်း၍အလင်း ရောင်ကြီးတခုသည် ပေါ်ပေါက်၍လာပြန်လေ၏။

ဖြဟ္မဝါပြည် နတ်ပြည် ထင်မြင်ပုံ

ထိုပေါ်ပေါက်၍လာသောအလင်းရောင်လဟာပြင်ကြီး ထဲသို့ စူးစူးစိုက်စိုက် အာရုံညွှတ်၍ ရှုကြည့်၊ နေပြန်သော

အခါ ရှေးကကဲ့သို့ အပုပ်ကောင် အပွကောင် တွေနှင့် အကြောစု အရိုးစု အမှုန့်တွေကိုမတွေ့ရှိရတော့ဘဲ အလင်းရောင်ကြီး သက်သက်ကိုသာ တွေ့နေ၍ တရားမပြုတ်ဘဲ ဆက်လက် ထိုင်နေဆဲအချိန်မှာပင် စိတ်အစဉ်ထဲမှာ လေအလျင်ကဲ့သို့ အလွန်ပေါ့ပါး နူးညံ့သိမ်မွေ့ကာ ချမ်းသာမှုကြီး အပြည့်အဝနှင့် နှစ်သက်မှုတွေ တဖွားဖွား ဖြစ်ပေါ်ပြီးနေတော့၏။

ၵင်းနောက် အာရုံပြု၍ ရှုကြည့်နေသော အလင်းရောင်ကြီးထဲမှာ ဘာတွေညာတွေများ နောက်ထပ်တွေ့ရဦးမလဟု စိတ်အစဉ်ထဲ၌ ကြံစည်မှုတွေတဖန် ဖြစ်ပေါ်၍လာသည့်နှင့်အမျှ ထိုအလင်းရောင်ကြီး ထဲသို့ တဖန် အာရုံလွှတ်၍ လှည့်လည်ပြီး ရှုကြည့်လိုက်သောအခါ ငြဟ္မာဘုံနှင့် ၵင်း ငြဟ္မာဘုံ၌ အလွန်ကြည်လင်တောက်ပသော ငွေအဆင်းနှင့် တူလှသည့် စေတီတော်တဆူ၊ ၵင်းစေတီ တော်၏ ထက်ဝန်းကျင်မှာ အချို့သော ငြဟ္မာကြီးတွေက ဘုရားရှိခိုး၍ အချို့သော ငြဟ္မာကြီးတွေက တရားထိုင်ပြီး အချို့သော ငြဟ္မာကြီးတွေက ဘုရားရေချမ်းကပ်လှူ၊ အချို့သော ငြဟ္မာကြီးတွေက ပန်းတွေနှင့် သစ်သီး ဆွမ်းတွေ ကပ်လှူကာ အချို့သော ငြဟ္မာကြီးတွေက တံမြက်လှဲစသည်ဖြင့် နူးညံ့သိမ်မွေ့စွာ ပြုလုပ်နေကြသည်ကို တွေ့မြင်ရပြန်၏။

နဒ္ဒဝန်ဥယျာဉ်နှင့်နတ်ရောက်မြင်ပုံ

ထို့နောက်တဖန် နတ်ပြည်သို့ အာရုံလွှတ်၍ ကြည့်ရှုပြန်ရာ စူဠာမဏိစေတီတော်ဟု မှတ်ထင်ရသော ညိုမောင်း

သည့် မြသွေးရောင် စေတီတဆူနှင့် ထိုစေတီတော်၏ ပတ်ဝန်းကျင်မှာလည်း အချို့နတ်သမီး နတ်သားတွေက တရားထိုင်လို့ ဘုရားရှိုခိုးလို့ တချို့နတ်သမီးနတ်သားတွေက သစ်သီး ပန်း ရေချမ်း စသည်များကို လှူဒါန်းလို့ တချို့ နတ်သမီးနတ်သားတွေက ယဉ်ကျေးသိမ်မွေ့စွာ တံမြက်လှဲ၍ နေကြသည်ကိုတွေ့မြင်ရပါသည်။

ထိုနောက်တဖန် အခြားတနေရာသို့ အာရုံပြု၍ ရှုကြည့်ပြန်သော အခါ နန္ဒဝန် ဥယျာဉ်နှင့် နတ်ရေကန်ကြီးဘဲဟု မှတ်ထင်ရသော ဥယျာဉ်ကြီးနှင့် ထိုရေကန်ကြီးတို့၏ ရှုမျှော်ခင်း အမျိုးမျိုးအဖုံဖုံတို့မှာ အလွန် လှပတင့်တယ်ပေသည်။

နတ်ဥယျာဉ်ကြီးဆိုဒါကလဲ ယခုလူတို့ပြည်မှာ မမြင်စဘူး အလွန်ပင် အမြင်ထူးလောက်သည့် ရှုလို့မဝနိုင်တဲ့ ပန်းခြုံ ပန်းနွယ်တို့သည်ကား အလွန်အေးချမ်းသာယာ၍ စိမ်းမြစိုပြေပြီး မျိုးစုံသော အရောင် အသွေး တို့သည် တဖိတ်ဖိတ် တဖျတ်ဖျတ် တလက်လက်နှင့် အရောင်အဝါများယှက်သန်းနေသော ဥယျာဉ်ကြီးနှင့် ထိုဥယျာဉ်ကြီး၏ အတွင်းမှာတည်ရှိနေသော မြက်ခင်းကြီး ဆိုလျှင်လည်း လူ့ပြည်၌တန်ဘိုးမဖြတ်နိုင်သည့်အတွင်းမှအပြင်သို့ ထိုးဆောက်၍ တဖျတ်ဖျတ်နှင့် ပဒါးရောင်တွေ့ခြယ်သန်းပြီး ငှက်ခါးတောင်ပမာ အလွန်စိမ်းမြ စိုးပြေလှစွာသော မြကျောက်သားကြီးကဲ့သို့ တွေ့မြင်နေရပြန်တယ်။

နတ်သဘင်ပဲ့နှင့် ငရဲပြည်မြင်ပုံ

ဌင်းနန္ဒဝန် ဥယျာဉ်ကြီး၏အတွင်း မြကျောက်သား ကဲ့သို့သော မြက်ခင်းကြီး အပေါ်မှာဆိုလျှင်လည်း ပြာနှမ်းသော အရောင်အဆင်းရှိတဲ့ နတ်သား နတ်သမီးတွေ ဆိုလျှင် ပန်းပွင့်မျိုးစုံတို့ကို သီကုံး၍ နွယ်ဒန်းလုပ်ပြီးတလွဲစီ တလွဲစီ အလှည့်ကျအလှည့်ကျစုံတွဲ၍ နွယ်ဒန်းများစီးနေကြသည်ကတမျိုး။

တချို့သော နတ်သား နတ်သမီးတွေမှာ အလွန်စိတ်နှလုံး ရှင်ပြပြီး ချိပြိုးသော မျက်နှာ အမူအရာတို့နှင့် အမျိုးမျိုးအပုံပုံ နည်းမျိုးစုံဖြင့် သီဆိုကခုန်၍ နေကြသည်ကတပုံ အမျိုးမျိုးအစားစား တွေ့မြင်ရပြန်ပါသည်။

တဖန် အလွန်ပျော်မွေ့(စရာ)နှစ်သက်(စရာ) (သာယာစရာကောင်းသော) (အလွန်သာယာကြည်လင် တောက်ပစွာသော) နတ်သမီး, နတ်သားတို့၏ စိတ်နှလုံး ချမ်းသာပျော်စရာ ဖြစ်သည့် နတ်ရေကန်ကြီးသို့ အာရုံ ညွှတ်၍ ရှုကြည့်ပြန်ဓသော် နတ်ရေကန်ကြီး၏အတွင်းမှာ ဆိုလျှင်လဲ စိတ်နှလုံးချမ်းသာ၍ ပြုံးရွှင်ရယ်မောသော မျက်နှာထား ဖြင့် ပျော်ရွှင်စွာ ရေကစားနေကြပုံမှာ တချို့က ရေကူး၍ တချို့က ရေငုံ၍ ပြေးတန်း လိုက်တန်း ကစား နေကြသည်ကတမျိုး။

တချို့မှာ ကမ်းစပ်ကနေ၍ ဘင် ခရာ စုံလင်စွာဖြင့် ပျော်ပျော် ရွှင်ရွှင်ကြီး တီးမှုတ်နေကြ သည်က တပုံ၊ တချို့မှာ

ရေထဲမှ မိမိကိုယ်ကို ခါးလောက် ရင်လောက် ဖော်၍ ရယ်မော မြူးထူးကာ တေးသီဆိုပြီး ကခုန်နေကြသည်တို့ကို တွေ့မြင်ရပေ၏။

ဂုဏ်နောက် မိမိစိတ်ထဲ၌ ကြိုစည်မှုတွေ့ ပေါ်ပေါက်၍ လာပုံမှာ ငါဟာဖြင့် တခါမှ မတွေ့ မမြင်ဘူးတဲ့ ဗြဟ္မာပြည်နှင့် နတ်ပြည်တို့ကိုတော့ တွေ့ဘူး မြင်ဘူးခဲ့ပြီ ငရဲဘုံဆိုတာ ဘယ်လိုဟာမျိုး ပါလိမ့်မလဲလို့ ဆန္ဒပေါ်လာ၍ တကယ်သိရလေအောင် တဖန်အာရုံပြုပြီး ရှုကြည့် ဦးမယ်လေဟု စိတ်ထဲမှအောက်မေ့၍ ကဖန် ငရဲပြည်သို့ အာရုံပြု၍ ရှုကြည့်လိုက်သောအခါ-

အလွန် မျှားပြား၍ မရေ မတွက်နိုင်သော ငရဲသားလူအုပ်ကြီးတစုကို အလွန်တရာကြောက်မက်ဘွယ် ကောင်းလှသော မျက်လုံးနီနီရဲရဲကြီးနှင့် ပုံပန်းသဏ္ဌာန် မလှသော ပုံဆိုးဆိုး ၈လ ကောင်းကောင်း လူကြီးကြီး လေးငါးယောက်က အတင်းအဓမ္မလိုက်၍ အချို့ကို လုံကြီးနှင့် ထိုးလိုထိုး၊ အချို့ကို ဒါးကြီးနှင့် ခုတ်လိုခုတ်၊ အချို့ကို တင်းပုတ်ကြီးနှင့် ထုလိုထု၊ အချို့ကို လှည်းကြီးနှင့် တိုက်လိုတိုက်။

အချို့ကို အလွန်နီရဲလှသော သံပူချောင်းကြီးနှင့် ဥပမာ ဝိုင်ရှင်မရှိသော တောထဲက ကြက်အုပ် ငှက်အုပ်ကြီးတစုကို မိုက်မဲသော သူတယောက်က အတင်းအဓမ္မ ဘယ်ကြက်ကိုဘဲ မှန်မှန်ဟု တုတ်ကြီးနှင့် လိုက်၍ ပစ်နေဘိ သကဲ့သို့ ထို့အတူ နီရဲလှသော သံပူချောင်းကြီးနှင့် လူအုပ်ကြီးထဲသို့ အတင်းအဓမ္မထိုးပစ်၍ နေကြသည်ကိုလဲ တွေ့မြင်ရပြန်၏။

ဂုဏ်ပြင် အချို့ လူအုပ်ကြီး တစုမှာ အတင်းအဓမ္မ နောက်လိုက်ပြီး နှိပ်စက်နေတဲ့ငရဲသားကြီးတို့ကို ကြောက်လန့် ထွက်ပြေးသောငရဲခံနေရသူ တစုမှာ တန်လှပ်ယောင် ဖြစ်ပေါ်နေသည့် အလွန်ပူပြင်းလှသော သံပူပြားကြီး ပေါ်သို့ ရောက်သွားသည်နှင့် အိုးခင်းထဲမှာ ထည့်လှော်သကဲ့သို့ တမုဟုတ်ချင်း သေကြပျက်စီးပြီး ပြာကျကုန်သည်ထိ ငရဲခံနေကြရခြင်း။

အချို့မှာ အလွန် ကြီးမားသော ခွေးနက်ကြီးတွေက အတင်းအဓမ္မ ကိုက်သတ်ပြီး စားသောက်ကြ ပြန်တယ်၊ အချို့မှာ အတင်းအဓမ္မ နှိပ်စက်နေသော ငရဲသားကြီးတို့ကို ကြောက်လန့်ပြီး ထွက်ပြေးရာမှ အလွန်ပူပြင်း၍ ပွက်ပွက်ဆူနေသော ရေတွေကိုပင် အလွန်အေးမြသည့် ရေတွေဘဲဟု ထင်၍ ငရဲသားကြီးတို့ဘေးမှ လွတ်မြောက်ရေး အတွက် ပွက်ပွက်ဆူသော ရေပူထဲသို့ခုန်ဆင်းရာ အလွန်ဆူပွက်နေသော ရေနွေးအိုးကြီးထဲသို့ ကြက်အကောင် ပေါင်းမြောက်မြားစွာကို အရှင်လတ်လတ် နှစ်မြှုပ်ပြီး သတ်ဖြတ်ဘိသကဲ့သို့ ငရဲခံနေကြရခြင်း။

အချို့မှာ နောက်က အတင်းအဓမ္မ လိုက်နေသော ငရဲသားကြီးတို့ဘေးမှ လွတ်မြောက်အောင် မောမော ပန်းပန်းနှင့် ထွက်ပြေးကြသော်လဲ လွတ်နိုင်စွမ်း မရှိဘဲ ထိုငရဲသားကြီးတို့က လက်ရုံးဖမ်းပြီး အချို့ကိုပွက်ပွတ်ဆူ၍ နေသော ဆီပူအိုးကြီးထဲသို့ အရှင်လတ်လတ် ပစ်ချ၍ အချို့ကို ဆီမပါရေမရှိသည့် အလွန်ပူပြင်းလှသော အိုးခင်း

ပူကြီးထဲသို့ အရှင်လတ်လတ် ပစ်ချ၍ အလှော်ခံရသော ငရဲခံရခြင်း။

တချို့မှာ နောက်က အတင်းလိုက်၍နေသော ငရဲသားကြီးတို့ကို ကြောက်လန့်ပြီး အလွန်ကြီးမားသည့် သစ်ပင်ကြီးပေါ်သို့ ပြေးသော်လည်း ထိုသစ်ပင်ကြီး အောက်မှ ငရဲသားကြီးတစုတို့က နှစ်ဘက်ခွန်ထားသော သံတုတ်ကြီးတွေနှင့် ပစ်ခတ်ရာ နံဘေးကို ထိခိုက်ဖောက်မှန်သောကြောင့် သစ်ပင်ပေါ်မှ မြေသို့လိမ့်ကျ၍ မသေမရှင်ကျိုးပဲ့နေသောထိုသူတို့ကို အလွန်ကြီးမားသော ခွေးနက်ကြီးတွေက အရှင်လတ်လတ်အတင်းကိုက်သတ် စားသောက်ခြင်း ခံရခြင်း။

အချို့မှာလဲ ထိုသစ်ပင်ကြီး၏အောက်မှ ငရဲသားကြီးတို့က အလွန်ကြီးမား ထက်မြက်လှသော လှံသွားကြီးနှင့် ထိုးပစ်လိုက်ရာ သစ်ပင်ပေါ်က ငရဲခံရသူ၏ နံဘေးကို စူးဖောက်ပြီး လှံတန်းလန်းကြီးနှင့် မြေသို့ ကျသည်နှင့် ထိုမသေမရှင် ကျိုးပဲ့နေတဲ့ငရဲခံရသူကို အောက်မှာအသင့် စောင့်နေသည့် အလွန်ကြီးမားသော ခွေးနက်ကြီးတစုတို့က အရှင်လတ်လတ်အတင်းကိုက်သတ်၍ အသားတွေကို စားသောက် ခံနေရခြင်း စသည်တို့ကို တွေ့မြင်ရပြီး၊ အာရုံကိုသိမ်း၍ တရားအားထုတ်ရာမှ ရပ်နားလိုက်လေတော့၏။

ရက်ပေါင်းခြောက်ဆယ် သောင်တင်ခဲ့ပုံ

ဤသို့ တရားစ၍ အားထုတ် လာခဲ့သော သုံးနေ့နှင့် သုံးညမှာ အပုပ်ကောင် အပွကောင်တွေကိုမြင်ရ၍ ငါးနေ့

နှင့် ငါးညှာ အကြောစုနှင့် အရိုးစုတွေကို တွေ့မြင်ရပြီး တဆယ်နှင့်တနေ့ တဆယ်နှင့်တညမှာ အမှုန့်တွေကို တွေ့မြင်ရပြီးသည့်နောက် ပြတ္တာပြည် နတ်ပြည် ငရဲပြည်တို့ကိုပါ တဆက်တည်း အားထုတ်တိုင်း အားထုတ်တိုင်း တွေ့မြင်နေရပုံကို ဥပမာပြုရသော် မမြင်ဘူးသော ထူးထူးဆန်းဆန်း ဘိုင်စကုတ် ရုပ်ရှင်ကိုသွား၍ကြည့်သော အခါ အမြင်ထူးပြီး စိတ်ဝင်စားနေဘိ သကဲ့သို့ ထိုပြတ္တာပြည် ထို နတ်ပြည် ထိုငရဲပြည်တို့ကို အမြဲကြည့်ရှုလိုစိတ်ရှိနေ၍ လေးဆယ့်တနေ့နှင့် လေးဆယ့် တညလုံးလုံး ထိုအမြင်ကိုသာ အာရုံပြုနေလိုက်သည်မှာ အားလုံးရက်ပေါင်းခြောက်ဆယ်တိတိ ကျနပါသစ္စာသောင်တင်၍ နေခဲ့လေ၏။

အမျှားကိုမေး၍ အမှန်တရားရှာပုံ

အဲဒီလို သောင်တင်၍လာခဲ့သော ရက်ပေါင်း ခြောက်ဆယ်အတွင်းမှာ တွေ့ထင်ခဲ့သမျှ တွေ့နှင့် ချုပ်ပျောက်ခဲ့သမျှတွေကို အလွန်ဝမ်းမြောက် ဝမ်းသာဖြစ်ပြီး အခြားသောသူတွေကို ပြောပြသည့် အခါ မိတ်ဆွေ အချို့က ဝမ်းမြောက် ဝမ်းသာစွာဖြင့် မဂ်အမြင် ဖိုလ်အမြင်၊ မဂ်ချုပ် ဖိုလ်ချုပ်ဟု ထင်မှတ်ကြ၏။

ပရိယတ်တတ်ကျွမ်းသော အချို့ပုဂ္ဂိုလ်တွေကို ပြောပြတော့ သူတို့က သမထမြင် သမထချုပ်ဟူ၍ ဆုံးဖြတ်ကြပေ၏။ ထိုသို့သော ဆုံးဖြတ်ချက်မှုတွေကို မိမိရဲစိတ်ထဲမှာ တမျိုးတမည်ဖြစ်ပြီး ပရိယတ် တတ်ကျွမ်းသော အစ်ကိုဖြစ်သူကို ဝိပဿနာအလုပ်ဆိုတာဟာ ဘာတွေကိုရှုရမှာလဲဟု

မေးမြန်းသောအခါ အစ်ကိုဖြစ်သူက ဝိပဿနာ အလုပ်ဆိုတာဟာ ခန္ဓာငါးပါးနှင့် ရုပ်နာမ်တို့ကို ရှုကြည့်လို့ ရရှိတဲ့မြင်မှုကိုမှ ဝိပဿနာအလုပ်အစစ်ဖြစ်သည်ဟု ပြောပြပါသည်။

ဒါဖြင့်လျှင် ခန္ဓာငါးပါးနှင့် ရုပ်နာမ်တရားတွေ ဆိုတာ ဘယ်မှာဖြစ်၍ ဘယ်မှာရှိပါသလဲဟု မေးမြန်းပြန်ရာ ဘုရားဟောထားတာ ကတော့ ခြောက်ပေါက် ခြောက်တံခါးမှာသာလျှင် အတုံးအခဲ သဏ္ဌာန်ခြိုင်မဟုတ်သော အရိပ်နိမိတ်မပါတဲ့ သဘောအားဖြင့် ထင်ရှား ရှိသည့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် မျက်တောင် တခတ်လျှပ်တပျက် လင်းဖျောက်တတ်က် အချိန်ကာလမျှသာ ဖြစ်ရှိတယ်လို့ အစ်ကို ဖြစ်သူက ပြောပြတော့မှ ယုံကြည်စွာဗဟုသုတယူ၍-

အော်- အပြင်ဘက်က အသံဇာတ်နှင့် အတွင်းထဲမှ နားအကြည်ဓာတ် ဆက်စပ်သည့်အခါတိုင်း။

ဂန်းနောက်အပြင်ဘက်က အဆင်းဓာတ်နှင့် အတွင်းထဲမှမျက်စိအကြည်ဓာတ် ဆက်စပ်သည့်အခါတိုင်း။

ဂန်းနောက်အပြင်ဘက်က အနံ့ဓာတ်နှင့် အတွင်းထဲမှ နာခေါင်းအကြည်ဓာတ် ဆက်စပ်သည့်အခါတိုင်း။

ဂန်းနောက် အပြင်ဘက်က လျက်စရာဓာတ်နှင့်အတွင်း ထဲမှာ လျှာအကြည်ဓာတ် ဆက်စပ်သည့်အခါတိုင်း။

ဂန်းနောက် အပြင်ဘက်က ထိစရာဓာတ်နှင့် အတွင်း ထဲမှ ကိုယ်အကြည်ဓာတ် ဆက်စပ်သည့်အခါတိုင်း။

ဂုဏ်နောက်အပြင်ဘက်က ထိုကြောင်းကျိုးတို့၏ ဓမ္မစောတ်နှင့် အတွင်းထဲမှ မနောအကြည်ဓာတ်တို့ ဆက်စပ်သည့်အခါတိုင်း။

တခဏအတွင်းဖြစ်ရှိသော ခန္ဓာငါးပါးနှင့် ရုပ်သဘောနာမ်သဘောတွေကို မလစ်လပ်သည့် သတိဖြင့် ကပ်၍ ရှုကြည့်မှမြင်ရမှာဘဲဟု ဆုံးဖြတ်ချက်ချကာ နှလုံးသွင်းရှိသဘော ပေါက်သွားလေတော့၏။

သမထအမြင်အသိတွေ

ထိုသို့နှလုံးသွင်း၍ သဘောပေါက်သွားပြီး အမြင်မှန်အသိမှန်ရအောင် စဉ်းစားဝေဘန်ပုံမှာ အော်-ဘုရားဟောထားဒါကတော့ ဝိပဿနာ ညဏ်ဆိုဒါ ပုံပန်းသဏ္ဌာန်ဃန အဆိုင်အခဲ တွေနှင့် အဖြူ အနီ အဝါ အကြောင် အကျား အရောင်အဆင်း အလင်းအရိပ် နိမိတ်တွေ သုဉ်းဆိတ်ပြီးနေတဲ့ ပရမတ္ထ သဘောတရားတို့ကိုသာမြင်အောင် သိအောင် ရှုရမယ်လို့ ဆိုထားပါလျက်နှင့် ယခုရက်ပေါင်း ခြောက်ဆယ်တိတိငါအားထုတ်လာခဲ့သော အမြင် အသိတွေဟာ ပုံပန်းသဏ္ဌာန်ဃန အဆိုင်အခဲတွေနှင့် အလင်း အရိပ် နိမိတ်တွေ ကိုသာမြင်အောင် ရှုလာခဲ့ရခြင်း သည်ကားဆိုလျှင် အော်-ဝိပဿနာညဏ်အမြင် အသိတွေမဟုတ်ပါဘဲ ကေန္တသမထအမြင် အသိ တွေချည်းဖြစ်ကုန်ပါတော့ကလား။

မှတ်ချက်။ ။ဒါကြောင့် ယောဂီတို့ အပုပ်အပွတွေနှင့် အကြောစု အရိုးစု အမှုန်တွေကို ထင်မြင်မှုနှင့်

ဖြတ်ခွာပြည် နတ်ပြည် ငရဲပြည်တို့မှ ဖြတ်ခွာသဏ္ဌာန် နတ်သမီးနတ်သား‌သဏ္ဌာန် ငရဲသူငရဲသား‌သဏ္ဌာန် အစရှိသော ထင်မြင်မှုတို့သည် သုံးဆယ့်တဘုံမှ မလွတ်မြောက်နိုင်သေးတဲ့ သမထ၏ ထင်မြင်မှုတွေသာ ဖြစ်ကြလေကုန်၏၊ ခန္ဓာ ငါး‌ပါး‌နှင့် ရုပ်သဘော နာမ်သဘော တွေကို မြင်မှ သိမှသာလျှင် သုံးဆယ့် တဘုံက လွတ်မြောက်သော ဝိပဿနာအမြင် အသိဖြစ်သည်ဟူ၍ သမထ၏ စိတ်အထင်နှင့် ဝိပဿနာ၏ ဉာဏ်အမြင် ကို‌ကို ကွဲပြား ခြားနား၍ ရှေးဦးစွာ သိအပ်ကြပေကုန်၏။

အဲဒီလို သမထနှင့် ဝိပဿနာတို့ ကွဲပြား ခြားနားစွာ သိမြင်ရသောအခါ ထိုသို့ မိမိသောင်တင်ပြီး လာခဲ့သော ရုက်ပေါင်း ခြောက်ဆယ်တိတိ အတွင်း အာရုံနှင့် တွေ့တဲ့ အပေါ်၌ ထင်မြင်၍သိခဲ့သမျှတို့သည် ဝိပဿနာဉာဏ်အမြင် ပညာအသိမဟုတ်ပါဘဲလျက် သမထအာရုံ နိမိတ်ပေါ်မှာ သောင်တင်ပြီးနေသော သမထအတွေ့ သမထ အထင်အမြင် သမထအသိမျိုးသာလျှင်ဖြစ်၏ဟူ၍ သိရှိရလေတော့သည်။

ယောဂီတို့- ဟိုတုန်း အခါက သမထ၏ ထင်မှုနှင့် ဝိပဿနာ၏ ဉာဏ်မြင်မှုတို့ကို ကွဲပြား ခြားနားစွာ မသိခဲ့ခြင်းကြောင့် ထိုရုက်ပေါင်း ခြောက်ဆယ်တိတိ တွေ့ထင်ခဲ့သော သမထအာရုံနိမိတ်တွေကို ဝိပဿနာ ဉာဏ်အမြင် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့၏အမြင်ဟု မှတ်ထင်၍ လာခဲ့ပေ၏။

ဤကဲ့သို့ အားထုတ်၍လာခဲ့သော ရက်ပေါင်း ခြောက် ဆယ်အတွင်းမှာဆိုလျှင် မိမိကိုယ်၏ အစိတ်အဝိုင်း တွေထဲမှ ကိုက်မှု ခဲမှု ထုံမှု ကျင်မှု နာမှုအစရှိတဲ့ ကိုးဆယ့် ခြောက် ပါးသော ရောဂါတို့သည် မြောက်မြားစွာ ချုပ်ပျောက်ခဲ့ ဘူးပါသည်။

တခါတရံ မှောင်ထုကြီး ဖြစ်နေရာမှ ရှိတ်ခနဲ ချုပ် ပျောက်၍ အလင်းရောင်ကြီးကို တွေ့ရပြန်သည်၊ တခါတရံ ကိုယ်ထဲမှာထင်ရှားစွာ ဖြစ်ပေါ်နေတဲ့ သဘော ကလေး တခုကို ရှုကြည့်နေတုန်း နားထဲက ပေါက်ကွဲ သံကြီးလို ဖြစ်ပြီး ရှိတ်ခနဲချုပ်ပျောက်၍ ချမ်းသာမှု အမျိုးမျိုးတို့ကို ခံစားခဲ့ရပါသည်။

တခါတလေ ကိုယ်ထဲမှ ထင်ရှားစွာ ပေါ်ပေါက်လာတဲ့ သဘောကို စူးစူးစိုက်စိုက် သတိကပ်၍ ရှုကြည့် နေရာမှ တမှုတ်ချင်း ရှိတ်ခနဲ ချုပ်ပျောက်ပြီး လွှတ်ခနဲ ဘာမျှမသိ တော့ဘဲ မေ့မျောနေသလို နာရီပေါင်း မြောက်မြားစွာ ချုပ်နေသည့် ချမ်းသာမှုမျိုးနှင့်လည်း နေခဲ့ဘူးပေ၏။

မှတ်ချက်။ ။ယောဂီတို့ ထိုသို့ ချုပ်ခဲ့သမျှသော သမထ ချုပ်မျိုးတွေကို ဝိပဿနာချုပ် မဂ်ချုပ် ဖိုလ်ချုပ် ဟူ၍ ဦးပဉ္စင်းသည် ကြေးတုံးကြီးကို ရွှေတုံး ထင် သလို ကိုယ့်ဟာကို အထင်ကြီးခဲ့ဘူး၏။

သို့အတွက်ကြောင့် သမထနှင့် ဝိပဿနာကို အား ထုတ်၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ဆိုက်ရောက်ပြီး နိဗ္ဗာန်ကို

မျက်မှောက် ပြုလိုကြသော ယောဂိအဂပေါင်း တို့သည် ထိုသမထ၏ ထင်မှုတွေ့နှင့် ဝိပဿနာ၏မြင်မှုတို့ကို ကွဲပြားခြားနားစွာ သိမြင်ဘို့ရာအလွန်အလွန် အရေးကြီးလှသော အချက်ကြီးဖြစ်ပေသည်။

အဘယ့်ကြောင့်ဆိုသော် ဝိပဿနာ ညာဏ်ဖြင့် မြင်ရသောအရှုခံဖြစ်သည့် ဓာတ်သဘော ခန္ဓာသဘော ရုပ်သဘော နာမ်သဘောတွေ့နှင့် စိတ်အစဉ်ထဲမှာ ယှဉ်၍ဖြစ်သောကုသိုလ် အကုသိုလ်ဟုဆိုရတဲ့ သဘောတရားမည်သည်မှာ ပုံပန်းသဏ္ဌာန်ဃန အဆိုင်အခဲတွေလဲမဟုတ် အဖြူအနီ အကြောင်အကျား အရောင်အဆင်း အလင်းအရိပ် နိမိတ်တွေရယ်လို့မရှိ လက်နှင့် ကိုင်စမ်းလို့လဲမတွေ့ရ ကိုင်ပြလို့လဲမဖြစ် ပကတိမျက်စိနှင့် မြင်ရသော အလွန်ပင် သိမ်မွေ့လှသည့် သဘောသက်သက် ဖြစ်ခြင်းကြောင့် ထိုအရာတို့ကို ဝိပဿနာ ညာဏ်ဖြင့် သာလျှင် မြင်နိုင် သိနိုင်မည်ဖြစ်၏။

ယောဂိတို့ အကယ်၍ သမထနှင့် ဝိပဿနာတို့ကို ကွဲပြားခြားနားပြီး မသိကြဘူးဆိုပါက ဓမ္မတာမံသအမြင်အသိကိုပင် ညာဏ်အမြင်အသိဟူ၍၎င်း သမုတိနယ်ကိုပင် ပရမတ္ထနယ်ဟူ၍၎င်း၊ မှောက်မှောက် မှားမှား လုံးထွေး၍ မံသမျက်စိနှင့် မြင်ရသော မြေ ရေ လေ မီး တို့နှင့် ညာဏ်ဖြင့်မြင်အပ်သည့်-

ပထဝီဟူသော မာသဘော ပျော့သဘော။
အာပေါဟူသော ဖွဲ့ပတ်သဘော ယိုစီးသဘော။

တေဇောဟူသော ပူသတော အေးသတော။
ဝါယောဟူသော တွန်းသတော ကန်သတော။

တို့ကို အတူတူဘဲဟူ၍ ကသမတ်ထဲ မှတ်ထင်ပြီး မကွဲမပြားလုံးထွေး၍ စွဲယူတတ်ကြလေ၏။

သမုတိနယ်မှယူပုံ

အဘယ်ကဲ့သို့ စွဲယူတတ်ကြပါသနည်းဟု ဆိုရပေသော် သမုတိနယ်က မံသမျက်စိနှင့် မြင်ရသော မြေကြီးကိုပင် (ပထဝီ)ဟူ၍ စွဲယူကြခြင်း။

ဂုဏ်နောက် သမုတိနယ်က မံသမျက်စိနှင့် မြင်ရသော ရေတွေကိုပင် (အာပေါ)ဟူ၍စွဲယူကြခြင်း။

ဂုဏ်နောက် သမုတိနယ်က မံသမျက်စိနှင့် မြင်ရသော မီးတောက်မီးလျှံကိုပင် (တေဇော) ဟူ၍ သုံးစွဲယူကြခြင်း။

ဂုဏ်နောက် သမုတိနယ်က မံသမျက်စိနှင့်မြင်ရသော လေတိုက်နေဒါကိုပင်(ဝါယော)ဟူ၍ စွဲယူကြခြင်းများပင် ဖြစ်ကြ၏။

ပရမတ္ထနယ်မှယူပုံ

ပရမတ္ထနယ်မှ ဉာဏ်အမြင်ပညာအသိဖြင့် အဘယ်ကဲ့သို့ ယူအပ်ပါသနည်းဟု ဆိုရသော် သမုတိနယ်က မံသမျက်စိနှင့်မြင်ရသော မြေကြီးကို ပထဝီဟုမယူဘဲ ထိုမြေကြီးထဲမှာမှီနေသည့် ပျော့သောဘောသက်သက်နှင့် မာသတော သက်သက်တို့ကိုသာ ပရမတ္ထနယ်မှ ဉာဏ်အမြင် ပညာအသိဖြင့်(ပထဝီ)ဟူ၍ယူအပ်၏။

ဂုဏ်းနောက် သမုတိနယ်က မံသမျက်စိနှင့်မြင်ရသော ရေတွေကို အာပေါဟု မယူဘဲ ထိုရေတွေထဲမှာမှီနေသည့် ယိုစီးသဘောသက်သက်နှင့် ဖွဲ့ပတ်သဘော သက်သက် တို့ကိုသာ ပရမတ္ထနယ်မှ ဉာဏ်အမြင် ပညာအသိဖြင့် (အာပေါ)ဟူ၍ယူအပ်၏။

ဂုဏ်းနောက် သမုတိနယ်က မံသမျက်စိနှင့်မြင်ရသော မီးတောက်မီးလျှံကို တေဇောဟုမယူဘဲ ကိုမီးတောက်မီးလျှံထဲမှာ မှီနေသည့် ပူသဘော သက်သက်နှင့် အေးသဘော သက်သက် တို့ကိုသာ ပရမတ္ထနယ်မှ ဉာဏ်အမြင် ပညာအသိဖြင့် (တေဇော)ဟူ၍ ယူအပ်၏။

ဂုဏ်းနောက် သမုတိနယ်က မံသမျက်စိနှင့် မြင်ရသော လေတိုက်နေဒါကို ဝါယောဟုမယူဘဲ ထိုလေတိုက်သည့် အထဲမှာမှီနေသည့် တွန်းသဘော သက်သက်နှင့် ကန်ကသဘောသက်သက်တို့ကိုသာ ပရမတ္ထနယ်မှ ဉာဏ်အမြင် ပညာအသိဖြင့် (ဝါယော)ဟူ၍ ယူအပ်၏။

ဒါကြောင့် မြေကြီးကိုမြင်မှသိမှုကတော့ မံသအမြင် မံသအသိသာဖြစ်၏။

ထိုမြေကြီးထဲမှာ မှီနေသည့်ပျော့သဘောသက်သက်နှင့် မာသဘောသက်သက်တို့ကို မြင်မှ သိမှသာလျှင် ဉာဏ်အမြင်ပညာအသိဖြစ်၏။

ရေတွေကိုမြင်မှ သိမှုကတော့ မံသအမြင်မံသအသိသာဖြစ်၏။

ထိုရေတွေထဲမှာ မှီနေသည့်ယိုစီးသဘောသက်နှင့် ဖွဲ့ပတ်သဘောသက်တို့ကို မြင်မှသိမှသာလျှင် ဉာဏ်အမြင်ပညာအသိဖြစ်၏။

မီးတောက် မီးလျှံတွေကိုမြင်မှသိမှကတော့ မံသအမြင် မံသအသိသာဖြစ်၏။

ထိုမီးတောက် မီးလျှံထဲမှာ မှီနေသည့် ပူသဘောသက်သက်နှင့် အေးသဘောသက်သက်တို့ကို မြင်မှသိမှသာလျှင် ဉာဏ်အမြင်ပညာအသိဖြစ်၏။

လေတိုက် နေတာတွေကို မြင်မှ သိမှ ကတော့ မံသအမြင် မံသအသိသာဖြစ်၏။

ထိုလေတိုက်နေသည့်အထဲမှာ မှီနေသည့် တွန်းသဘောသက်သက်နှင့် ကန်သဘောသက်သက်တို့ကို မြင်မှ သိမှသာလျှင် ဉာဏ်အမြင် ပညာအသိ ဖြစ်၏။

မံသအမြင် မံသအသိဖြင့် မြင်ရ သိရသော မြေရေလေမီးတို့ကို ပထဝီ အာပေါ တေဇော ဝါယော ဟူ၍ ယူကြသော အယူတို့သည် သမုတ်နယ်က ယူကြသော အယူသာဖြစ်၏။

ဉာဏ်အမြင် ပညာအသိဖြင့် မြင်ရ သိရသော-
ပျော့သဘော မာသဘော။
ယိုစီးသဘော ဖွဲ့ပတ်သဘော။
ပူသဘော အေးသဘော။
တွန်းသဘော ကန်သဘော။

သက်သက်တို့ကို ပထဝီ အာပေါ တေဇော ဝါယော ဟူ၍ ယူကြသောအယူသည်သာလျှင် ပရမတ္ထနယ်က ယူကြသော အယူဖြစ်၏။

ထိုကြောင့် မြေကြီးကတခြား ထိုမြေကြီးထဲမှာ မှီနေသည့် (ပျော့သောမာသောက တခြား)။

ရေတွေကတခြား ထိုရေတွေထဲမှာ မှီနေသည့် (ယိုစီးသော ဖွဲ့ပတ်သောကတခြား)။

မီးတောက် မီးလျှံကတခြား ထိုမီးတောက် မီးလျှံထဲမှာ မှီနေသည့် (ပူသော အေးသောက တခြား)။

လေတိုက်နေတာက တခြား ထိုလေတိုက် ထဲမှာ မှီနေသည့် (တွန်းသော ကန်သောက တခြား) ဟူ၍-

မြေ ရေ လေ မီးတို့နှင့် ထိုပစ္စည်းတွေထဲမှ-
ပျော့သော မာသော ပထဝီ။
ယိုစီးသော ဖွဲ့ပတ်သော အာပေါ။
ပူသော အေးသော တေဇော။
တွန်းသော ကန်သော ဝါယော။

ဟူသော မဟာဘုတ်တော်ကြီး လေးပါးတို့ကို ကွဲပြားခြားနားပြီး ယူအပ်၏။

ဘုတ်နှင့်ဓာတ် ခဲမြင်ပုံ

ဤသို့ ပြဆိုခဲ့ပြီးသည့် ၎င်းပရမတ္ထနယ်က ညာဏ်အမြင်ရှိသော အသိဖြင့် ယူအပ်သော ပထဝီ မဟာဘုတ်၊

အာပေါ မဟာဘုတ်၊ တေဇော မဟာဘုတ် ဝါယော မဟာဘုတ်ကြီး လေးပါးတို့သည် ယောဂီတို့ ဓာတ်မဟုတ်သေး၊ ဓာတ်ဟူ၍ မယူအပ်။

ဓာတ်ဟူသည်ကား- ဆောင်တတ်သော သဘောမျှသက်သက်ကိုသာလျှင် ဓာတ်ဟူ၍ ယူအပ်၏။

အာဘယ်ကဲ့သို့ ဆောင်တတ်ပါ သနည်းဟု ဆိုရသော် ပထဝီမဟာဘုတ်ဆိုတဲ့ ပျော့မှုသဘောနှင့် မာမှုသဘောနှစ်ခု တို့သည် ပျော့အောင် ဆောင်သော ဓာတ်နှင့် မာအောင်ဆောင်သော ဓာတ်တို့ကြောင့် ဖြစ်၏။

အာပေါမဟာဘုတ်ဆိုတဲ့ ယိုစီးမှု သဘောနှင့် ပတ်ဖွဲ့မှု သဘောနှစ်ခုတို့သည် ယိုစီးအောင်ဆောင်သော ဓာတ်နှင့် ပတ်ဖွဲ့အောင်ဆောင်သော ဓာတ်တို့ကြောင့် ဖြစ်၏။

တေဇော မဟာဘုတ် ဆိုတဲ့ ပူမှု သဘောနှင့် အေးမှု သဘောတို့သည် ပူအောင် ဆောင်သော ဓာတ်နှင့် အေးအောင်ဆောင်သော ဓာတ်တို့ကြောင့် ဖြစ်၏။

ဝါယောမဟာဘုတ်ဆိုတဲ့ တွန်းမှု သဘောနှင့် ကန်မှု သဘောနှစ်ခုတို့သည် တွန်းအောင်ဆောင်သော ဓာတ်နှင့် ကန်အောင်ဆောင်သော ဓာတ်တို့ကြောင့်ဖြစ်၏။

သို့အတွက်ကြောင့် ပျော့မှု သဘောနှင့် မာမှု သဘောနှစ်ခုကိုတော့ (ပထဝီ မဟာဘုတ်)ဟု ယူအပ်၏၊ ပျော့အောင်ဆောင်သော သဘောနှင့် မာအောင်ဆောင်သော သဘောနှစ်ခုကိုသာလျှင် ဓာတ်ဟူ၍ ယူဆအပ်၏။

ယိုစီးမှုသဘောနှင့် ပတ်ဖွဲ့မှု သဘော နှစ်ခု ကိုတွေ့ အာပေါမဟာဘုတ်ဟု ယူဆအပ်၏၊ ယိုစီးအောင် ဆောင် သောသဘောနှင့် ပတ်ဖွဲ့အောင် ဆောင်သော သဘော နှစ်ခုကိုသာလျှင် ဓာတ်ဟူ၍ ယူဆအပ်၏။

ပူမှုသဘောနှင့် အေးမှုသဘောနှစ်ခုကိုတွေ့ တေဇော မဟာဘုတ်ဟု ယူဆ အပ်၏၊ ပူအောင် ဆောင်သော သဘောနှင့် အေးအောင်ဆောင်သော သဘော နှစ်ခုကို သာလျှင် ဓာတ်ဟူ၍ ယူဆအပ်၏။

တွန်းမှု သဘောနှင့် ကန်မှု သဘော နှစ်ခုကိုတွေ့ ဝါယောဘုတ်ဟုယူဆအပ်၏၊ တွန်းအောင် ဆောင်သော သဘောနှင့် ကန်အောင်ဆောင်သော သဘောနှစ်ခုကို သာလျှင် ဓာတ်ဟူ၍ယူအပ်၏။

အကြောင်းဓာတ်နှင့်အကျိုးမဟာဘုတ်ခွဲပုံ

ထိုကြောင့် ပျော့အောင် ဆောင်သော ဓာတ်နှင့် မာအောင် ဆောင်သော ဓာတ်တို့သည် အကြောင်း သဘောသာလျှင်ဖြစ်၏၊ ထိုအကြောင်းတို့ကြောင့် ပျော့မှု သဘောနှင့် မာမှုသဘောဟူသော ပထဝီမဟာဘုတ်သည် အကျိုးသာလျှင်ဖြစ်၏။

ယိုစီးအောင် ဆောင်သော ဓာတ်နှင့် ပတ်ဖွဲ့အောင် ဆောင်သော ဓာတ်တို့သည် အကြောင်းသဘောသာလျှင် ဖြစ်၏၊ ထိုအကြောင်း တို့ကြောင့် ယိုစီးမှု သဘောနှင့် ပတ်ဖွဲ့မှုသဘောဟူသော အာပေါမဟာဘုတ်သည် အကျိုး သာလျှင်ဖြစ်၏။

ဂန္ဆာဿယ ၅၄၄-၄

ပူအောင် ဆောင်သောစောတ်နှင့် အေးအောင်ဆောင် စောတ်တိုသည် အကြောင်း သဘော သာလျှင် ဖြစ်၏၊ ထိုအကြောင်းတို့ကြောင့် ပူမှုသဘောနှင့် အေးမှုသဘော ဟူသော တေဇောမဟာဘုတ်သည် အကျိုးသာလျှင်ဖြစ်၏။

တွန်းအောင်ဆောင်သောစောတ်နှင့် ကန်အောင်ဆောင် သော စောတ်တိုသည် အကြောင်း သဘောသာလျှင် ဖြစ်၏၊ ထိုအကြောင်းတို့ကြောင့် တွန်းမှုသဘောနှင့် ကန်မှုသဘော ဟူသော ဝါယောမဟာဘုတ်သည် အကျိုးသာလျှင်ဖြစ်၏။

သမုတိနယ်ကအယူနှင့် ပရမတ်နယ်က အယူ

ထိုအကျိုးဖြစ်သော ပထဝီ အာပေါ တေဇော ဝါယော မဟာဘုတ်တို့ကို စောတ်ဟူ၍ ယူကြခြင်းသည် သမုတိနယ်က ယူကြသော အယူသာလျှင်ဖြစ်၏၊ အကြောင်း ဖြစ်သည့် ဆောင်တတ်သော သဘောမျှသက်သက်တို့ကို စောတ်ဟူ၍ ယူမှသာလျှင် ပရမတ္ထနယ်က ယူကြသော အယူဖြစ်၏။

ထိုကြောင့် အကျိုးဖြစ်သော မဟာဘုတ်ကို အကြောင်း ဖြစ်သော စောတ်ဟူ၍ မယူအပ်၊ အကြောင်း ဖြစ်သော စောတ်ကိုလည်း အကျိုး ဖြစ်သော မဟာဘုတ် ဟူ၍-မယူအပ်။

အကျိုး မဟာဘုတ်ကို အကျိုး မဟာဘုတ် ဟူ၍သာ ယူအပ်၏၊ အကြောင်း စောတ်ကိုလည်း အကြောင်းစောတ် ဟူ၍သာယူအပ်၏။

အဘယ်ကြောင့်နည်း ဥပမာပြုရမည်ဟု ဆိုပ၊်က ခွေးဟု သမုတ်အပ်သော ပစ္စည်းကို ကြောင်ဟူ၍ မသမုတ်အပ်၊ ကြောင်ဟူ၍ သမုတ်အပ်သော ပစ္စည်းကိုလည်း ခွေးဟူ၍ မသမုတ်အပ်၊ ခွေးဟု သမုတ်အပ်သော ပစ္စည်းကိုသာ ခွေးဟူ၍ သမုတ်အပ်၏၊ ကြောင်-ဟု သမုတ်အပ်သော ပစ္စည်းကိုသာလျှင် ကြောင်-ဟူ၍ သမုတ်အပ်၏။

ခန္ဓာနှစ်မျိုးကို ခွဲခြားရှုပုံ

ခန္ဓာ-ဟူသည်ကား အပေါင်း အစု ကိုသာ ခန္ဓာဟု ဆိုရ၏၊ ထိုအပေါင်းအစု ခန္ဓာသည်လည်း သမုတိခန္ဓာနှင့် ပရမတ္ထခန္ဓာဟူ၍ နှစ်မျိုးနှစ်စား ရှိပြန်၏၊ ထိုသမုတိ ခန္ဓာနှင့် ပရမတ္ထခန္ဓာတို့ကို ကွဲပြား ခြားနားအောင် အဘယ်ကဲ့သို့ ယူအပ်ပါသနည်းဟု ဆိုရသော် မံသ အမြင် မံသ အသိဖြင့် မြင်ရ သိရသော ဆံပင် မွေးညှင်း ခြေသည်း လက်သည်း ခြေလက် ခေါင်း အရေထူ အရေပါး အသွေး အသား အကြော အရိုးတို့ အစရှိသော ပစ္စည်း ဝတ္ထုတွေ ပေါင်းစုမှု ကိုယ်ကောင်ကြီးကိုတော့ သမုတိခန္ဓာ ဟူ၍သာ ယူအပ်၏။

ထို သုံးဆယ် နှစ်ကောဋ္ဌာသ အစရှိသော ပေါင်းစုနေသည့် ထိုကိုယ်ကောင်ကြီးထဲမှာ မှီ၍ နေကြကုန်သော ဉာဏ်အမြင် ပညာအသိဖြင့် မြင်အပ် သိအပ်သော ဓာတ် သဘောတွေ ပေါင်းစုနေဆဲကိုမှသာလျှင် ပရမတ္ထ ခန္ဓာ ဟူ၍ ယူအပ်၏။

ဃနခန္ဓာနှင့် ဓမ္မခန္ဓာ ခွဲခြားယူပုံ

ဃန ခန္ဓာ ဆိုသည်မှာ ကိုင်လိုရ စမ်းလို့တွေ့ပြီး မံသ မျက်စိနှင့် မြင်ရသည့်ဃနအဆိုင်အခဲတွေ ပေါင်းစုနေသော သမုတိခန္ဓာသည် ဃနခန္ဓာ ဖြစ်၏။

ဓမ္မခန္ဓာဆိုသည်မှာ ဉာဏ်နှင့် မြင်အပ်သည့် ကြောင်း ကျိုးဆက်စပ်ပြီး ဓာတ်သဘောတွေ ပေါင်းစုနေဆဲဟူသော ပရမတ္ထခန္ဓာသည်သာလျှင် ဓမ္မခန္ဓာမည်၏။

သက်ရှိခန္ဓာနှင့် သက်မဲ့ခန္ဓာကို ခွဲခြားယူပုံ

ပြဆိုခဲ့ပြီးသော ပရမတ္ထခန္ဓာဟု ဆိုထား သော်လည်း တဖန် သက်ရှိခန္ဓာနှင့် သက်မဲ့ခန္ဓာတို့ကို ခွဲခြားပြီး ယူအပ် သည်မှာ သက်ရှိခန္ဓာဟူသည်မှာ အသက်ရှင်ဆဲ သတ္တဝါ တို့၏ ကိုယ်ကာယထဲနှင့် ဓာတ်သဘောတွေ ပေါင်းစု နေသော ပရမတ္ထ ခန္ဓာကိုသာလျှင် သက်ရှိ ခန္ဓာ-ဟူ၍ ယူအပ်၏။

သက်မဲ့ ခန္ဓာ ဟူသည်ကား- အသက်မရှိသော ဃန အဆိုင်အခဲတွေထဲ၌ ဓာတ်သဘောတွေပေါင်းစု နေသော ပရမတ္ထခန္ဓာကိုသာ သက်မဲ့ခန္ဓာဟု ယူဆအပ်၏။

သမုတိရုပ်နှင့် ပရမတ္ထရုပ်ခွဲခြားယူပုံ

ရုပ်ဟု ဆိုသည်မှာ ဖောက်ပြန်မှု သဘောသက်သက် ကိုသာလျှင် ရုပ်ဟူ၍ ယူဆအပ်၏၊ ထိုသို့ ယူအပ်သည်တွင် သမုတိနယ်က ယူသောရုပ်နှင့် ပရမတ္ထနယ်က ယူသော ရုပ်တို့ကို တဖန်ခွဲခြားပြီး ယူရမည်ဖြစ်၏။

သမုတိနယ်က ယူထားသော ရုပ်ဟု ဆိုသည်မှာ ကိုင်လို့ရ စမ်းလို့တွေ့ပြီး ပကတိ မံသမျက်စိနှင့် မြင်ရသော ပုံပန်းသဏ္ဌာန် ဃန အဆိုင်အခဲ ဖြစ်သော ဝတ္ထုပစ္စည်းတွေကို သမုတိနယ်က (ရုပ်)ဟု ခေါ်ဝေါ် သမုတ်ကြခြင်းကြောင့် သမုတိရုပ်ဟူ၍သာ ယူအပ်၏။

ပရမတ္ထရုပ်ဆိုသည်မှာ ကိုင်လို့မရ စမ်းလို့မတွေ့ ပကတိ မံသမျက်စိနှင့် မမြင်နိုင်သည့် ပြဆိုခဲ့ပြီးသော ကြောင်းကျိုး ဆက်စပ်ပြီး ဓာတ်သဘောတွေ ပေါင်းစုဆဲ အခါမှာပင် ထိပေါင်းစု နေသော အတွင်းမှ မတဲ့တတ်သော ဓာတ် အကြောင်းတို့ တိုက်ခိုက်ခြင်းကြောင့် ဖြစ်ပေါ်၍လာသော အကျိုးဖောက်ပြန်မှု သဘော သက်သက်ကိုသာလျှင် ပရမတ္ထနယ်မှ (ရုပ်)ဟု သမုတ်ခြင်းကြောင့် ပရမတ္ထရုပ် ဟူ၍ ယူဆအပ်၏။

ဃနရုပ်နှင့် ဓမ္မရုပ် ခွဲခြားယူပုံ

ဃနရုပ်ဟု ဆိုသည်မှာ ကိုင်လို့ရ စမ်းလို့တွေ့ပြီး ပကတိ မံသမျက်စိနှင့် မြင်ရသော ပုံပန်းသဏ္ဌာန် ဃန အဆိုင်အခဲ ဝတ္ထုပစ္စည်းတွေဖြစ်သည့် သမုတိရုပ်တို့သည် ဃနရုပ်သာ ဖြစ်၏။

ဓမ္မရုပ်ဆိုသည်မှာ ကိုင်လို့မရ စမ်းလို့မတွေ့ ပကတိ မံသမျက်စိနှင့် မမြင်အပ်သည့် ထိုဃန အဆိုင်အခဲတွေ ထဲ၌ ဖြိုး၍နေသော ဓာတ်သဘောတွေ ပေါင်းစုနေဆဲ အခါမှာပင် ထိုပေါင်းစုမှ အတွင်းမှ မတဲ့တတ်သော ဓာတ် အကြောင်းတို့ တိုက်ခိုက်ခြင်းကြောင့် ဖြစ်ပေါ်၍လာသော

ဖောက်ပြန်မှု အကျိုးပရမတ္ထ ရုပ်တို့သည် ဓမ္မရုပ်သာလျှင် ဖြစ်၏။

သက်ရှိရုပ်နှင့် သက်မဲ့ရုပ် ခဲ့ခြားယူပုံ

သက်မဲ့ရုပ်ဆိုသည်မှာ အသက်မရှိသော ဃန အဆိုင် အခဲတွေထဲ၌ မှီ၍နေသည့်ဥာဏ်နှင့် မြင်အပ်သော ဖောက် ပြန်မှုရုပ်တို့သည် သက်မဲ့ရုပ်သာလျှင် ဖြစ်၏။

သက်ရှိရုပ်ဆိုသည်မှာ အသက်ရှိသော ပုံပန်းသဏ္ဌာန် ဃနအဆိုင်အခဲတွေထဲ၌ မှီ၍နေသည့်ဥာဏ်နှင့် မြင်အပ် သော ဖောက်ပြန်မှု ရုပ်တို့သည်သာလျှင် သက်ရှိရုပ်ဖြစ်၏။

သမုတိနာမ်နှင့်ပရမတ္ထနာမ်ကိုခဲ့ခြားယူပုံ

နာမ်ဆိုသည်မှာသဘောအားဖြင့် ပစ္စည်းလေးပါးရှိ၏၊ ထိုပစ္စည်းလေးပါးတို့မှာ တခုခုသော အာရုံပေါ်၌မှီပြီး ဖြစ်ကြသော ပြုပြင်မှုသဘော ခံစားမှုသဘော မှတ်မှု သဘော သိမှုသဘောသက်သက် လေးပါးတို့ကိုသာလျှင် ဗုဒ္ဓရှင်တော်မြတ်ကနာမ်ဟူ၍ဆိုထား၏။

ထိုသို့ဆိုထားသော်လည်း သမုတိနာမ်ယူပုံမှာ ဝိညာဉ် ဟူသော သိခါမျှ သဘောတခုတည်းကို ထို့အတူသာ နာမ်ဟု ယူထားခြင်းကြောင့် ထိုအယူမှာ သမုတိနယ်က ယူထားသော သမုတိ နာမ်သာ ဖြစ်၏။ (ယောဂီတို့ အယူသည် မပြည့်စုံခြင်းကြောင့် ပရမတ္ထနယ်မှ ယူသော ပရမတ္ထနာမ်မဟုတ်ပေ)။

ပရမတ္ထနယ်မှယူပုံမှာ တခုသော အာရုံပေါ်မှာ မှီငြိုးဖြစ်ကြကုန်သော ပြုပြင်မှုသဘော ခံစားမှုသဘော မှတ်မှုသဘော သိမှုသဘော ထိုသဘောလေးပါးတို့ကို ပြည့်စုံစွာ သိမှုကိုသာ နာမ်ဟု ယူထားခြင်းကြောင့် ၎င်းလေးပါး ပြည့်စုံမှသာလျှင် ပရမတ္ထနယ်ကယူထားသော ပရမတ္ထနာမ် ဖြစ်၏။

ထိုကြောင့် သိသဘော ဝိညာဉ် တခုကိုသာ နာမ်ဟု ယူထားသောအယူသည် သမုတိအယူသာဖြစ်၏၊ ပြုပြင်မှုသဘော ခံစားမှုသဘော မှတ်မှုသဘောနှင့် သိမှုသဘောလေးပါးတို့ကို နာမ်ဟူ၍ယူမှသာလျှင် ပရမတ္ထအယူဖြစ်၏။

သို့ပါသောကြောင့် ယခုခေတ်အခါ ဝိပဿနာဉာဏ် ပညာဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုလိုကြကုန်သော ယောဂိအပေါင်းတို့သည် မြေ ရေ လေ မီးတို့နှင့် ဓာတ်ဘုတ်ခန္ဓာ ရုပ်နာမ်တို့ကို သမုတိနယ်က သမုဉ္ဇာန်နှင့် အသမုတ်ခံ၊ ပရမတ္ထနယ်မှ သမုဉ္ဇာန်နှင့် အသမုတ်ခံတို့ကို ကွဲပြား ခြားနားစွာဖြင့် အယူမှန်သော သမ္မာဒိဋ္ဌိဉာဏ်ဖြစ်၍ သဘောပေါက်ကြပါစေဟူသော မွန်မြတ်သော စေတနာ ရှေထား၍ ဤကျမ်းကိုရေးသား ပြသလိုက်ခြင်းဖြစ်ပေသည်။

ထိုသမ္မာဒိဋ္ဌိဉာဏ် မရရှိပါက သမုတိ အယူပေါ်မှာ သောင်တင်ငြိုး အပါယ်သို့ ကျစေတတ်သော မိစ္ဆာဒိဋ္ဌိ မပြုတ်နိုင်၊ သမ္မာဒိဋ္ဌိဉာဏ်ကို ရရှိကြမှသာလျှင် သမုတိအယူကို လွှန်မြောက်ပြီး ပရမတ္ထအယူဖြင့် အပါယ်သို့

ရောက်စေတတ် ကျစေတတ်တဲ့ မိစ္ဆာဒိဋ္ဌိကွာမည်ပြုတ်မည် ဖြစ်၏။

မှတ်ချက်။ ။ယောဂီတို့ သမ္မာဒိဋ္ဌိဉာဏ်ကို မရရှိဘဲ မိစ္ဆာဒိဋ္ဌိ တန်းလန်းနှင့် သမထနှင့် ဝိပဿနာအလုပ်ကို ရာသက်ပန်လုပ်စေကာမူ ဝိပဿနာဉာဏ် မမြင်ခြင်းကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ မဆိုက်ရောက်နိုင်၊ ထိုသို့မဆိုက်ရောက်နိုင်ခြင်းကြောင့် ဘယ်သောအခါမှ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ချေ။

သမ္မာဒိဋ္ဌိဉာဏ်ကိုရပြီးမှ သမထနှင့် ဝိပဿနာအလုပ်ကို အားထုတ် ရမည် ဖြစ်၏၊ ထိုသို့ အားထုတ်မှသာလျှင် ယထာဘူတ သဘာဝကျမည် ဖြစ်သည်၊ ယထာဘူတ သဘာဝကျအောင် အားထုတ်မှသာလျှင် ဝိပဿနာဉာဏ်ရ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ပြီး တထိုင်အတွင်းမှာပင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မည်ဖြစ်၏။

ယောဂီတို့ ယထာဘူတ သဘာဝကျအောင် ပဟာပြောပြသော ဆရာကောင်း တို့၏ တရားကို သေချာစွာ နာကြားကာမျှနှင့်ပင် သမ္မာဒိဋ္ဌိဉာဏ်ကို ရရှိနိုင်ပါသည်၊ ထို သမ္မာဒိဋ္ဌိဉာဏ်ကို ရရှိသည်နှင့်အမျှ အပါယ်သံသရာသို့ ကျရောက် စေတတ်သော မိစ္ဆာဒိဋ္ဌိ ပြုတ်ခြင်းကြောင့် အပါယ်သံသရာမှ ဒိဋ္ဌလွတ်မြောက်မည်ဖြစ်၏။

သမ္မာဒိဋ္ဌိဉာဏ်ကို အထင်မသေးနှင့်

ထိုသမ္မာဒိဋ္ဌိဉာဏ်သည် ပေါ့သေးသေးဉာဏ် မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုရသော် ၎င်းဉာဏ်သည် တသံသရာ

လုံးမှ ငြိ၍လာခဲ့သော အပါယ်သံသရာသို့ ကျရောက်ဘတ် သည့် မိစ္ဆာဒိဋ္ဌိ ကြိုးတန်းလန်းကြီးကိုပင် ပယ်ဖြတ်ခဲ့တ်ထွင် ရှင်းလင်းသည့် အပြင် အရဟတ္တ မဂ်ဖိုလ် အကျိုး အထိ ဆိုက်ရောက်အောင် လမ်းမှန်ပြသည့် အားပေး ကူညီမှု အကြောင်းရင်း အစစ်ဖြစ်သော သမ္မာဒိဋ္ဌိဉာဏ်ကြီး ဖြစ်ပေ သတည်း။

ထိုကြောင့် ယောဂိတို့တစ်အချက်မှာ အပါယ် သံသရာမှ လွတ်မြောက်ခြင်းသည် တရားနာခါမျှဖြင့် ရရှိသော သမ္မာ ဒိဋ္ဌိဉာဏ်ကြောင့်သာဖြစ်၏။

နှစ်အချက်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်၍ နိဗ္ဗာန် မျက်မှောက် ပြုစေခြင်းငှာ ယထာဘူတ ကျကျနှင့် သမထ ဝိပဿနာအလုပ်ကို အားထုတ်ကြရမည် ဖြစ်၏။

သတိပဋ္ဌာန်အလုပ် အားထုတ်ပုံ

အာနာပါန အားထုတ်မှု၌ သတိပဋ္ဌာန် နုပဿနာ ဖြစ် အောင် အားထုတ်ရခြင်း၊ ထိုင်မှု ထမှု သွားမှု လျောင်းမှု ဟူသော ဣရိယာပုထ်လေးပါးတို့၌ သတိပဋ္ဌာန် နုပဿနာ ဖြစ်အောင် အားထုတ်ရခြင်း။

မြင်ဆဲ ကြားဆဲ နံဆဲ လျက်ဆဲ ထိဆဲ သိဆဲ အခါတို့၌ လည်း သတိပဋ္ဌာန် နုပဿနာ ဖြစ်အောင် အားထုတ်ရ ခြင်းများပင် ဖြစ်၏။

ထို ဣရိယာပုထ် လေးပါး တို့တွင် သတိပဋ္ဌာန်နှင့် နုပဿနာတို့ကို ခြားနားမှုရှိအောင် အဘယ်ကဲ့သို့ အား

ထုတ်ရမည် နည်းဟု ဆိုရသော် ထိုင်သည့် အခါ မှာလဲ ပစ္စုပ္ပန်ထိဆဲ သဘော ပေါ်တာဘဲ၊ ထိထိဆဲ ပေါ်မှာ အာရုံကို သတိဖြင့် မလစ်လပ်အောင် မြဲမြံစွာ ကပ်၍ ထားခြင်းသည်သာလျှင် သတိပဋ္ဌာန်အလုပ် ဖြစ်ပေ၏။

သွားသည့်အခါမှာလဲ ပစ္စုပ္ပန်ကြွဆဲသဘော၊ လှမ်းဆဲ သဘော၊ ချဆဲသဘော၊ ထိဆဲသဘော ပေါ်တာဘဲ၊ ထို ပေါ်ဆဲတို့အပေါ်မှာ အာရုံကို သတိဖြင့် မလစ်လပ်အောင် မြဲမြံစွာ ကပ်၍ထားခြင်းသည်သာလျှင် သတိပဋ္ဌာန်အလုပ် ဖြစ်ပေသည်။

ရပ်သည့်အခါမှာလဲ ပစ္စုပ္ပန်ထိဆဲ သဘော ပေါ်တာ ဘဲ၊ ထိထိဆဲသဘောပေါ်မှာ အာရုံကို သတိဖြင့် မလစ် လပ်အောင် မြဲမြံစွာကပ်၍ ထားခြင်းသည်သာလျှင် သတိ ပဋ္ဌာန်အလုပ်ဖြစ်ပေ၏။

လျောင်းသည့်အခါမှာလဲ ပစ္စုပ္ပန် ထိဆဲသဘော ပေါ် တာဘဲ၊ ထိထိဆဲသဘောပေါ်မှာ အာရုံကို သတိဖြင့် မလစ် လပ်အောင် မြဲမြံစွာကပ်၍ထားခြင်း သည်သာလျှင် သတိ ပဋ္ဌာန်အလုပ်ဖြစ်ပေ၏။

ထိုသို့ သတိပဋ္ဌာန် ဖြစ်အောင် အားထုတ်သည့် အခါ ယောဂီ တို့က ဝေဖန် ရမည်မှာ မိမိသည် သတိတွေ့ များအောင် ပွားများရာ၌ သတိနှင့် ပြည့်စုံ မပြည့်စုံ ဟူ၍ ခြားနားပြီး သိလာသောအခါ အကယ်၍ သတိ မပြည့်စုံ သေးပါက သတိ ပြည့်စုံ စေခြင်းငှာ ထို သတိ ပဋ္ဌာန် အလုပ်ကိုပင် ထပ်မံ၍ မပြတ်ဒလစပ် အားထုတ်ရမည် ဖြစ်၏။

နုပသနာအလုပ်ဖြစ်ပုံ

သတိနှင့် ပြည့်စုံဖြိုဟူ၍ သိရှိရသော် ထိုသတိပဋ္ဌာန် အလုပ်မှ လွှန်မြောက်သော နုပသနာ အလုပ်ကိုတဖန် ဆက်လက်၍ အားထုတ်ရဦးမည်၊ သို့သော် ဤရိယာပုထ် လေးပါးတို့ကို သတိပဋ္ဌာန်ဖြစ်အောင် ပွားများ အားထုတ်ခါ ယောဂီ ပုဂ္ဂိုလ်တို့သည် ပဌမဝိုင်းမှာ ရိပ်ရိပ် ရိပ်ရိပ်နှင့်အာရုံရှေမှာ နိမိတ်တွေထင်လာတတ်၏။

အားထုတ်၍ ရင့်ကျက်လာသောအခါ နိမိတ်တွေ သုဉ်းဆိတ်ပြီး ဒုတိယဝိုင်းမှာ သဘောမျှ သက်သက်ကို မြင်ရ၏၊ ဤကဲ့သို့သတိနှင့်ပြည့်စုံဖြိုး နိမိတ်တွေသုဉ်းဆိတ်၍ ထိုင်သည့်အခါ ပစ္စုပ္ပန်ထိဆဲသဘော သွားသည့်အခါ ပစ္စုပ္ပန်ကြွဆဲ လှမ်းဆဲ ချဆဲထိဆဲသဘော၊ ရပ်သည့်အခါ ပစ္စုပ္ပန်ထိဆဲသဘော၊ လျောင်းသည့်အခါ ပစ္စုပ္ပန်ထိဆဲ သဘောသက်သက်တို့ကို မြင်ပြီးသည့်နောက် နုပသနာ ဖြစ်အောင် ထပ်မံ၍အားထုတ်ရမည်ဖြစ်၏။

နုပသနာဆိုသည်မှာ ဓာတ်တို့၏ကြောင်းကျိုးဆက်စပ် ဆဲကို ဝိုင်းခြားသောအမြင်နှင့် မဟာဘုတ်တို့၏ ဖြစ်ပေါ် ဆဲကို ဝိုင်းခြားသောအမြင် ခန္ဓာတို့၏ ဖြစ်ပေါ်ဆဲကို ဝိုင်းခြားသောအမြင်ရပ်တို့၏ဖြစ်ပေါ်ဆဲကို ဝိုင်းခြားသော အမြင် နာမ်တို့၏ဖြစ်ပေါ်ဆဲကို ဝိုင်းခြားသောအမြင်။

နှလုံးသွင်းမှုစိတ်တို့၏ ဖြစ်ပေါ်ဆဲအစဉ်ကို ဝိုင်းခြား သော အမြင် ကုသိုလ်အကုသိုလ်တို့၏ ယှဉ်၍ ဖြစ်ပေါ်ဆဲ

အစဉ်ကိုဝိုင်းခြားသော အမြင်တွေ အသိတွေဖြစ်အောင် ကြိမ်ဖန်များစွာ မပြတ် ဒလစပ် သုံးသပ် ပွားများမှု စသည်လျှင် အနုပဿနာအလုပ်ဖြစ်၏။

နုပဿနာရှုပွားပုံ

ယထာဘူတကျကျဖြင့် နုပဿနာ ဖြစ်အောင် ရှုပွားရမည်မှာ ပြဆိုခဲ့ပြီးသောထိုင်မှု ဇာရိယာပုထ်မှ သတိကပ်ထားသည့် ပစ္စုပ္ပန်ပေါ်ဆဲ ထိမှုသဘောထဲသို့ ညှာဖြင့် စိုက်၍ကြိမ်ဖန်များစွာ သုံးသပ်ရှုပွားသောအခါ-

ပျော့သဘော မာသဘော။
ယိုစီးသဘော ဖွဲ့ပတ်သဘော။
ပူသဘော အေးသဘော။
တွန်းသဘော ကန်သဘော။

တည်းဟူသော မဟာဘုတ်ကြီး လေးပါးတို့ကို ထင်ရှားစွာ ဝိုင်းခြားကန့်သတ်၍ ပညာနှင့် ထိုထွင်းပြီး ဉီးစွာ ပဌမ-မြင်ရ သိရုပါလိမ့်မည်။

ကျန်ရှိသော ရပ်မှု သွားမှု လျှောင်းမှု ဇာရိယာပုထ်တို့ မှာလည်း ထိုနည်းတူစွာ သတိကပ်၍ သုံးသပ်ပြီး မဟာဘုတ်ကြီးလေးပါးတို့ကို ဝိုင်းခြားသော ညှာအမြင် ပညာအသိဖြစ်အောင် သုံးသပ်ရှုပွားရမည်ဖြစ်၏။

ထို ဇာရိယာပုထ် လေးပါး ထဲမှ ထိုသို့သော ပထဝီအာပေါ တေဇော ဝါယော ဆိုအပ်သည့် မဟာဘုတ်ကြီး လေးပါးတို့ကို ဝိုင်းခြား ကန့်သတ်ပြီး မြင်ကြ

သိကြွမည် ဆိုပါက (ဘူတပရိစ္ဆေဒ) ညာဏ်အမြင် ပညာ အသိဟူ၍ ဆိုအပ်၏။

ဤ ဇရိယာပုတ်လေးပါးကို အကြောင်းပြု၍ ထို မဟာ ဘုတ်ကြီး လေးပါးထဲသို့ အဖန် သတိကပ်၍ ညာဏ်ဖြင့် နှိုက်ပြီး သုံးသပ်ရှုပွားပြန်သောအခါ-

ပျော့အောင်ဆောင်သော ဓာတ်နှင့် မာအောင်ဆောင် သောဓာတ်၊ ယိုစီးအောင် ဆောင်သော ဓာတ်နှင့် ဖွဲ့ပတ် အောင်ဆောင်သောဓာတ်၊ ပူအောင်ဆောင်သော ဓာတ် နှင့် အေးအောင်ဆောင်သောဓာတ်၊ တွန်းအောင် ဆောင် သောဓာတ်နှင့် ကန်အောင် ဆောင်သောဓာတ်။

သဘောတို့ကို ဝိုင်းခြားကန့်သတ်ပြီး ထင်ရှားစွာ ညာဏ် ဖြင့်မြင်၍ ပညာနှင့် ထိုးထွင်းပြီး မြင်ရသိရ ပြန်လိမ့်မည်။

၎င်း ဘူတပရိစ္ဆေဒညာဏ်ကို အကြောင်းပြု၍ ထို မဟာ ဘုတ်ကြီးလေးပါးထဲမှ ပျော့မှု မာမှု ပထဝီနှင့် ပျော့အောင် မာအောင်ဆောင်သောဓာတ်။

ယိုစီးမှု ဖွဲ့ပတ်မှု အာပေါနှင့် ယိုစီးအောင် ဖွဲ့ပတ်အောင် ဆောင်သောဓာတ်။

ပူမှု အေးမှု တေဇောနှင့် ပူအောင် အေးအောင် ဆောင်သောဓာတ်။

တွန်းမှု ကန်မှုဝါယောနှင့် တွန်းအောင် ကန်အောင် ဆောင်သောဓာတ်ဟူ၍ အကျိုးဖြစ်သည့် ပထဝီအာပေါ တေဇော ဝါယောဟူသော မဟာဘုတ်တို့နှင့် အကြောင်း

ဖြစ်သော ဆောင်သဘောဓာတ်တို့ကို ကွဲပြားခြားနားပြီး မြင်ကြသိကြမည်ဆိုပါက (ဓာတုပရိစ္ဆေဒ) ဉာဏ်မြင်အသိဟူ၍ဆိုအပ်၏။

ဤဓာတုပရိစ္ဆေဒဉာဏ်ကို အကြောင်းပြုပြုန၍ ထိုဓာတ်သဘောတို့ကို တဖန်သတိကပ်၍ ဉာဏ်ဖြင့်နှိုက်ပြီး သုံးသပ်ရှုပွားပြန်သော် ထိုဓာတ်သဘောတို့သည် တစ်ခုနှစ်ခုနှင့် တဖြည်းဖြည်း စုပေါင်း၍ နေဆဲကိုပင် ဉာဏ်ဖြင့် မြင်၍ ပညာနှင့်သိရမည်ဖြစ်၏။

ထိုဓာတ် သဘောတွေကို စုပေါင်းနေဆဲကို မြင်ကြသိကြမည်ဆိုပါက(ခန္ဓာပရိစ္ဆေဒ) ဉာဏ်အမြင် ပညာအသိဟူ၍ဆိုအပ်၏။

ဤခန္ဓာပရိစ္ဆေဒဉာဏ်ကို အကြောင်းပြု၍ ထိုဓာတ်သဘောတွေ စုပေါင်းနေဆဲအတွင်းထဲသို့တဖန် သတိဖြင့်ကပ်၍ ဉာဏ်ဖြင့် နှိုက်ပြီး သုံးသပ်ရှုပွားပြန်သော် မတဲ့တတ်သော ဓာတ်အချင်းချင်း ထိုစုပေါင်းမှု အတွင်းမှာ တိုက်ခိုက်ခြင်းကြောင့် ဖောက်ပြန်၍ လာသော အကျိုးဆဘောမျှ သက်သက်ကိုပင်(ရုပ်)ဟူ၍ ဆိုအပ်၏။

ထိုရုပ်ဟုဆိုရသော ဖောက်ပြန်မှုတို့သည်လည်း နူးနူးညံ့ညံ့ဖောက်ပြန်မှု သုခုမရုပ်နှင့် ကြမ်းကြမ်း တမ်းတမ်း ဖောက်ပြန်မှု သဠာရိကရုပ်တို့ကို ကွဲပြား ခြားနားစွာ ဉာဏ်ဖြင့် မြင်၍ ပညာနှင့် ထိုးထွင်းပြီး မြင်ရသိရဦးမည်ဖြစ်၏။

ထိုသို့ဓာတ်သဘောတွေစုပေါင်းနေသည့် အတွင်းထဲမှ မတဲ့တတ်သော ဓာတ်အချင်းချင်း တိုက်ခိုက်ခြင်းကြောင့် ဖောက်ပြန်လာကြသောအကျိုး သုခုမရုပ်နှင့် ဩဇာရိကရုပ်ကိုကို ကွဲပြားခြားနားစွာ မြင်ကြ သိကြမည်ဆိုပါက (ရူပပရိစ္ဆေဒ) ဉာဏ်အမြင်အသိဟူ၍ ဆိုအပ်၏။

ဌင်းရူပပရိစ္ဆေဒဉာဏ်ကို အကြောင်းပြု၍ ထိုနူးနူးညံ့ညံ့ ဖောက်ပြန်မှုနှင့် ကြမ်းကြမ်းထမ်းထမ်း ဖောက်ပြန်မှုတို့၏ ဟိတ်ပစ္စည်း ဆက်စပ်မှုတို့ကို တဖန်သတိကပ်၍ ဉာဏ်ဖြင့် သုံးသပ်ရှုပွားပြန်ရာ အရှုခံဖြစ်သော နူးနူးညံ့ညံ့ ဖောက်ပြန်မှု ဟိတ်ပစ္စည်းနှင့် ကြမ်းကြမ်းထမ်းထမ်း ဖောက်ပြန်မှု ဟိတ်ပစ္စည်းတို့သည် မနောအကြည်ဓာတ်သို့ အမြဲမပြတ် ဆက်စပ်၍နေပြန်၏။။

ထို ဖောက်ပြန်မှု ဟိတ်ပစ္စည်းတို့ ဆက်စပ် မှုကြောင့် မနော အကြည်ဓာတ် ပေါ်မှ တဖန် ပြုပြင်မှုက အာရုံကို ဖောက်ပြန်မှုရှိရာသို့ ပစ္စည်းဆက်ပြန်၏၊ ထိုပစ္စည်း ဆက်ကြောင့် အာရုံသည် ဖောက်ပြန်မှုနှင့်တွေ့ပြန်၏။။

ထိုဖောက်ပြန်မှုနှင့် တွေ့သောအာရုံပေါ်မှာမှီ၍ ခံစားမှု သဘော မှတ်မှုသဘော သိမှု သဘောတို့သည် ဖြစ်ပေါ်၍ လာပြန်၏။။

ထိုသို့သော ဖောက်ပြန်မှုတို့၏ ဟိတ်ပစ္စည်း ဆက်စပ်မှု တို့ကြောင့် မနောအကြည်ဓာတ် ပေါ်မှာ မှီပြီး ဖြစ်ကြဆဲ ပြုပြင်မှုသဘော ခံစားမှု သဘော မှတ်မှုသဘော သိမှု သဘော လေးပါးတို့ကိုသာ နာမ်ဟူ၍ ဆိုအပ်၏။

ထို နာမ်ဟူ၍ ဆိုအပ်သော သဘောအပြား လေးပါး တို့ကို ဝိုင်းခြား ကန့်သတ်ပြီး ညာဏ်ဖြင့်မြင်၍ ပညာနှင့် ထိုးထွင်းပြီး မြင်သိရခြင်းမည် ဖြစ်၏။

ထိုသို့သော နူးနူးညံ့ညံ့ ဖောက်ပြန်မှုနှင့် ကြမ်းကြမ်း ထမ်းထမ်း ဖောက်ပြန်မှုရုပ်တို့ကို အကြောင်းပြု၍ မနောအကြည်ဓာတ်မပါမှ မှီပြီး ဖြစ်ဆဲနာမ် ပစ္စည်း လေးပါး တို့ကို ဝိုင်းခြား ကန့်သတ်၍ ကွဲပြား ခြားနားစွာ မြင်ကြသိကြမည်ဆိုပါက(နာမပရိစ္ဆေဒ)ညာဏ်အမြင် ပညာ အသိဟူ၍ ဆိုအပ်၏။

ပရိညာသုံးပါးဖြင့် မဂ်ဆိုက်ပုံ

ဆိုခဲ့ပြီးသော ဇာရိယာပုထ် လေးပါးတို့ကို အကြောင်းပြု၍ ယထာဘူတကျကျ သတိပဋ္ဌာန် နုပဿနာ နည်းလမ်းမှန်စွာဖြင့် အရှုခံဖြစ်ကြကုန်သော-

ဘူတ ပရိစ္ဆေဒမှ ဓာတုပရိစ္ဆေဒသို့၊ ဓာတု ပရိစ္ဆေဒမှ ခန္ဓာ ပရိစ္ဆေဒသို့၊ ခန္ဓာ ပရိစ္ဆေဒမှ ရူပပရိစ္ဆေဒသို့၊ ရူပ ပရိစ္ဆေဒမှ နာမ ပရိစ္ဆေဒတို့ကို ဝိုင်းခြား ကန့်သတ်၍ အရှု ညာဏ်နှင့် ယှဉ်သော ပညာအသိ အဆင့်ဆင့် ရရှိသော ယောဂီပုဂ္ဂိုလ်တို့သည် အပြားအားဖြင့် အထူးရှု၍ မြင်ရ သိရခြင်းကြောင့် ထိုအရာကို ဝိပဿနာ ဉာဏ်ပညာ ဟူ၍ ဆိုအပ်၏၊ တနည်း (ဉာတ ပရိညာ)ဟူ၍လည်း ဆိုအပ်၏။

ထိုဉာတပရိညာဟူသောဝိပဿနာပညာကို အကြောင်းပြု၍ပြဆိုခဲ့သော အရှုခံဖြစ်သည့် ရုပ်သဘော နာမ်သဘော

တို့ကို ဝိုင်းခြားကန့်သတ်ပြီး အရှုညွှန်ဖြစ်သော နာမရူပ ပရိစ္ဆေဒ ညာဏ်ပညာဖြင့် သတိကပ်၍ သုံးသပ် ရှုပွားပြုနိုသောအခါ ထိုအရှုခံဖြစ်သော ရုပ်သဘော နာမ်သဘောတို့သည် တခဏအတွင်းမှာပင် ဖြစ်ရာမှတည်း၊ တည်ရာမှပျက်ဟု ဆိုအပ်သော ခဏဝယ်သုံးချက်ကြောင့် ချုပ်မျောက် ကုန်ဆုံးကြသည်ကို ထင်မံကာညွှန်ဖြင့်မြင်၍ ပညာနှင့်ထိုးထွင်းပြီး။

အမြဲ မရှိတဲ့သဘော နာမ်သဘောတွေပါ ကလား၊ ဆင်းရဲစရာ ဖြစ်တဲ့ ရုပ်သဘော နာမ်သဘောတွေပါ ကလား၊ အလိုသို့မလိုက် အစိုးမရတဲ့ ရုပ်သဘော နာမ်သဘောတွေပါကလားဟူ၍ အရှုခံဖြစ်သော ရုပ်သဘော နာမ်သဘောတွေပေါ်မှာမမြဲမှု ဆင်းရဲမှု အလိုသို့မလိုက် အစိုးမရမှုတို့ကို ထင်မံပြီး ဝိုင်းခြားကန့်သတ်၍ မြင်ရသိရှိုးမည်ဖြစ်၏။

ထိုအရှုခံဖြစ်သော ရုပ်နာမ် သဘောပေါ်မှာ မမြဲမှု အနိစ္စဆင်းရဲမှုဒုက္ခ အလိုသို့မလိုက် အစိုးမရမှု အနတ္တ သဘောတို့ကို ဝိုင်းခြားကာ ညွှန်ဖြင့်မြင်၍ ပညာနှင့်သိကြမည်ဆိုပါက လက္ခဏာညွှန်ဟူ၍ ဆိုအပ်၏၊ တနည်း (တိရဏပရိညာ)ဟူ၍လည်း ဆိုအပ်၏။

ဂုဏ် တိရဏပရိညာ ဟူသော လက္ခဏာ ညွှန်ကို အကြောင်းပြု၍တဖန် သတိကပ်၍ ညွှန်ဖြင့် သုံးသပ်ရှုပွားပြုနိုသောအခါ အရှုခံဖြစ်သော ပစ္စုပ္ပန်ပေါ်ဆဲရုပ်သဘော နာမ်သဘော တွေသည် မပြတ်ဒလစပ် ဖြစ်မှုခဏဝယ်

တည်မှုခဏငယ် ပျက်မှုခဏငယ်သုံးချက်တို့ဖြင့် ချုပ်ပျောက်ကုန်ကြသည်ကို အဆုံးမသတ်နိုင်အောင် မြင်ရသိရ၍-

အော်-ယခုပစ္စုပ္ပန်ကာလ ပေါ်ဆဲမှာပင် ချုပ်ပျောက်ကုန်ဆုံးကြသလို အတိတ် ကာလတုန်းကလဲ ဒီလိုဘဲ ချုပ်ပျောက် ကုန်ဆုံး လာခဲ့တာဘဲ နောင်အနာဂတ် ကာလဆိုလျှင်လဲ ဒီလိုဘဲချုပ်ပျောက် ကုန်ဆုံးဦးမှာဘဲဟူ၍ အတိတ်ပစ္စုပ္ပန် အနာဂတ်ဟူသော ကာလသုံးပါးကို ဝိုင်းခြားနေသော လောကဓမ္မ ကာလဟူ၍ မြင်သိပြီး။

ထိုဖြစ်ပျက်နေသော လောကဓမ္မ ကာလသုံးပါးနှင့် မမြဲမှု ဆင်းရဲမှု အစိုးမရမှုတို့မှ မလွန်မြောက်နိုင်ခြင်းသည် မည်သည့်အကြောင်းနည်းဟု အကြောင်းကို သုံးသပ်ရှုပြန်သော် ထိုကာလသုံးပါး လောကဓမ္မတို့နှင့် ကျင်လည်ဆက်စပ်၍နေသော အကြောင်းအာရုံကြောင့်ပါတကား၊ ၎င်းကျင်လည်ဆက်စပ်သော အကြောင်းအာရုံကိုလျှစ်လျူရှုမှသာဖြစ်မည်ဟု ဆုံးဖြတ်ချက်ချသည်နှင့် မိမိအားထုတ်၍ လာခဲ့သော ဝိပဿနာတို့၏ အထွဋ်အထိပ် ဉာဏ်နှင့်ယှဉ်သော ပညာအသိက ၎င်းအကြောင်း အာရုံကို တပြိုင်နက် ပယ်ဖြတ်လိုက် ခြင်းကြောင့် ဖြစ်ပျက် လောကဓမ္မ ကာလ သုံးပါးနယ်မှ လွန်မြောက်ပြီး မဖြစ်မပျက်သည့် လောကုတ္တရာဓမ္မအသင်္ခတနယ်အတွင်းသို့ဆိုက်ရောက်လေတော့သတည်း၊ ထိုအရာကို (ပဟာနပရိညာ) ဟူ၍ ဆိုအပ်၏၊ တနည်း မဂ်ဆိုက်သည် ဟူ၍လည်း ဆိုအပ်၏။

ဤသို့ ပြဆိုခဲ့ပြီးသော ဇရိယာပုထ်လေးပါးတို့ကို အားထုတ်ကြသော်လည်း မိမိနှင့် အသင့်လျော်ဆုံး ဖြစ်သည့် တပါးပါးသော ဇရိယာပုထ်ကိုသာ ပိုမို၍အားထုတ်ရမည် ဖြစ်၏။

ထိုသို့ သဒ္ဓါ သတိ ဝီရိယတို့နှင့် အရိုးကျေကျေ အရေခန်းခန်းဟူ၍ အားထုတ်ကြ ပြန်သော်လည်း ထိုင် ရပ် လျောင်းသည့် အခါ ပေါ်ဆဲ ဖြစ်သော ထိမှု တို့နှင့် သွားသည့်အခါ ပေါ်ဆဲဖြစ်သော ကြွမှု လှမ်းမှု ချမှု ထိမှု တို့ကိုသာ သတိကပ်ထားနိုင်သော သတိပဋ္ဌာန် အလုပ် ပေါ်မှာ သောင်တင်ငြိး ဇနကြမည် ဆိုပါက နုပဿနာ အလုပ်ကို အားထုတ်ရာ မမည်ခြင်းကြောင့် မဟာဘုတ်ကို ပိုင်းခြားပြီး မြင်နိုင်သောဉာဏ် မရ။

မဟာဘုတ်ကို ပိုင်းခြားပြီး မြင်နိုင်သောဉာဏ် မရခြင်း ကြောင့် ဓာတ်တို့ကို ပိုင်းခြားပြီး မြင်နိုင်သောဉာဏ် မရ။

ဓာတ်တို့ကို ပိုင်းခြားပြီး မြင်နိုင်သောဉာဏ် မရခြင်း ကြောင့် ခန္ဓာကို ပိုင်းခြားပြီး မြင်နိုင်သောဉာဏ် မရ။

ခန္ဓာကို ပိုင်းခြားပြီး မြင်နိုင်သောဉာဏ် မရခြင်းကြောင့် ရုပ်ကို ပိုင်းခြားပြီး မြင်နိုင်သောဉာဏ် မရ။

ရုပ်ကို ပိုင်းခြားပြီး မြင်နိုင်သောဉာဏ် မရခြင်းကြောင့် နာမ်ကို ပိုင်းခြားပြီး မြင်နိုင်သောဉာဏ် မရ။

နာမ်ကို ပိုင်းခြားပြီး မြင်နိုင်သောဉာဏ် မရခြင်းကြောင့် ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို ပိုင်းခြားပြီး မြင်နိုင်သောဉာဏ် မရ။

ရပ်နာဓမ်တို့၏ ဖြစ်ပျက်ကို ပိုင်းခြားပြီး မြင်နိုင်သောဉာဏ် မရခြင်းကြောင့် အနိစ္စ ဒုက္ခ အနတ္တ-ဟူသော လက္ခဏာရေးသုံးပါးကို ပိုင်းခြားပြီး မြင်နိုင်သောဉာဏ်မရ။

လက္ခဏာရေးသုံးပါးကို ပိုင်းခြားပြီး မြင်နိုင်သောဉာဏ် မရခြင်းကြောင့် လောက သုံးပါးတို့မှ လွန်မြောက်အောင် ပယ်ဖြတ်နိုင်သောဉာဏ် မရ။

ထိုပယ်ဖြတ်နိုင်သောဉာဏ် မရခြင်းကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်မရ။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရခြင်းကြောင့် နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ချေ။

မှတ်ချက်။ ။ယောဂီတို့ ရှေးဦးစွာ သတိပဋ္ဌာန်အလုပ်နှင့် နုပဿနာအလုပ်ကို ခြားနား၍ သိရှိနားလည်ပြီးမှ သတိပဋ္ဌာန် အလုပ်ကို စတင်၍ သတိ မြဲမြံခိုင်ခံ့အောင် ပွားများ အားထုတ်ရမည် ဖြစ်၏၊ ထိုသတိနှင့် ပြည့်စုံမှ ၎င်းသတိပဋ္ဌာန် အလုပ်မှ လွန်မြောက်အောင် တဖန် နုပဿနာ အလုပ်ကို ဆက်လက်၍ ပြဆိုခဲ့ပြီးသည့် အား လျော့စွာ ဥရိယာပုထ်လေးပါးတို့ကို ယထာဘူတကျအောင် အားထုတ်ကြပါမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ပြီး နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြမည် ဖြစ်၏။

ဤတွင်ဥရိယာပုထ်လေးပါး၏ သတိပဋ္ဌာန်အလုပ်နှင့် နုပဿနာအလုပ်ပြီး၏။

အတွင်းနှင့် အပြင်

သတ္တဝါတို့၏ အတွင်းမှာ မျက်စိ နား နှာ လျှာ ကာယ မနဟူ၍ ပစ္စည်းခြောက်ခု ရှိလေရာ ထိုအတွင်းပစ္စည်း ခြောက်ခုတို့နှင့် တိုက်ခတ်စရာ အပြင်ဘက် မှာလည်း အဆင်း အသံ အနံ့ လျက်စရာ ထိစရာ အကြောင်းအကျိုး မမှဟူ၍ ပစ္စည်းခြောက်ခုရှိကြပြန်၏။

ၦင်းအပြင်ဘက်က ပစ္စည်းခြောက်ခုတို့နှင့် အတွင်းထဲမှ ပစ္စည်းခြောက်ခုတို့သည် နာရီ၏စက်တချက်ချက် မြည်သံတွေ့ မရပ်မနားသလို ထို့အတူ အမြဲမပြတ် တိုက်ခတ်မှုကြောင့် အသိစိတ်တွေ့လည်း အမြဲမပြတ် ဒလစပ် ဖြစ်လိုက်ပျက်လိုက်နှင့် ဖြစ်ပေါ်၍နေကြပြန်ပေ၏။

ဓာတ်းပစ္စည်းဆက်စပ်၍ အာယတနဖြစပုံ

ထိုဖြစ်၍လာကြသော စိတ်အစဉ်တို့၏ အဖြစ်နှင့်အပျက် ကြားမှ ဌီ ကာလတည်ဆဲ စိတ်ခဏအတွင်းမှာ ကောင်းမှုကုသိုလ်ဖြစ်လျှင်ဖြစ် မဖြစ်လျှင် မကောင်းမှု အကုသိုလ် သဘောတို့သာဖြစ်ကြကုန်၏၊ ၦင်းကုသိုလ် အကုသိုလ်တို့ မဖြစ်ပေါ်မီ အပြင်ပစ္စည်း ခြောက်ခုတို့နှင့် အတွင်းပစ္စည်း ခြောက်ခုတို့သည် အာယတ်ကဲ့သို့ ဆက်စပ်ပါသနည်းဟု ဆိုရသော်။

အပြင်ဘက်ကအသံဓာတ်နှင့် အတွင်းထဲမှ နားအကြည် ဓာတ်အကြောင်း ပစ္စည်း နှစ်ခုတို့ တိုက်ခတ် မှုကြောင့် ကြားမှုပစ္စည်းတခု ဖြစ်ပေါ်၍ လာပြန်၏။

ဒါကြောင့် အသံဓာတ် ပစ္စည်းနှင့် နားအကြည်ဓာတ် ပစ္စည်းနှစ်ခုတို့ တိုက်ခတ်မှု ကိုတော့ အကြောင်း ဟူ၍

ဆိုအပ်၏၊ ကြားမှ ပစ္စည်းတခု ကိုတော့ အကျိုး ဟူ၍ ဆိုအပ်၏၊ ထို မြန်မာစကား အဆိုအကြောင်းနှင့် အကျိုး တို့သာ စာအလိုဆိုလျှင် တရားဟု ဆိုရ၏၊ ပါဠိအလိုဆိုလျှင် ဓမ္မဟူ၍ ဆိုအပ်၏။

ကြားရုပ်နှင့် ဝိညာဏ်ပေါ်ပုံ

တဖန် ထိုကြားသဘောဓာတ်နှင့် မနောအကြည်ဓာတ် ထပ်မံဖြိုး အကြောင်းဓာတ်ပစ္စည်းနှစ်ခု တိုက်ခတ်မှုကြောင့် ဖောက်ပြန်မှုရပ်နှင့် သိကာမျှ ဝိညာဏ်ဓာတ် တခု ဖေါ်၍ လာပြန်၏၊ ထိုဖြစ်ပေါ်ဆဲဝိညာဏ်ကိုသောတဝိညာဏဓာတ် ဟူ၍ ဆိုအပ်၏၊ (ထိုအရာတို့၌ အပြင် အာယတနနှင့် အတွင်း အာယတနတို့မဖြစ်ပေါ်သေး၊ ထိုကြောင့် အပြင် အာယတနနှင့် အတွင်း အာယတနဟူ၍ မဆိုထိုက်၊ အပြင် ဓာတ်ပစ္စည်းနှင် အတွင်းဓာတ်ပစ္စည်းတို့ တိုက်ခတ်မှုသာ ရှိသေး၏၊ အာရုံနှင့် ဆက်စပ်မှုမဖြစ်သေးချေ၊ အာယတန မဟုတ်သေး)။

အာယတန ဖြစ်ပေါ်၍လာကြပုံမှာ ပြဆို ခဲ့သော ဖြစ်ပေါ်ဆဲ သောတဝိညာဏဓာတ် ပျက်ချုပ်ပြီးမှ သာလျှင် မနောအကြည်မှ အာရုံတခုဖြစ်ပေါ်၍ လာပြန်၏။

ထို မနောအကြည်ပေါ်မှ ဖြစ်ပေါ်သော အာရုံသည် အသံဓာတ် အတိုက်အခတ်ခံရသော နားတံခါးပေါက်သို့ ယိုစီးဆဲကိုမှသာလျှင် အာသဝေါဟူ၍ ဆိုအပ်၏၊ ထိုယိုစီးသော အာရုံနှင့် နားတံခါးပေါက် ၎င်းနှစ်ခုတို့ ဆက်စပ်

ဆဲကိုမှသာလျှင် သောတာယတနဟူ၍ဆိုအပ်၏၊ ထိုအရာကို တနည်း အတွင်း အာယတနဟူ၍သာ ဆိုအပ်၏။

ထို နား တံခါးပေါက်မှ ဆက်စပ်သော အာရုံသည် နားတံခါးပေါက်မှ လွန်မြောက်၍ အပြင်ဘက်က အသံ ဓာတ်နှင့် ၎င်းတို့နှစ်ခု ဆက်စပ်ဆဲကိုမှ သာလျှင် သဒ္ဒါယတနဟူ၍ ဆိုအပ်၏၊ ထိုအရာကို တနည်း အပြင် အာယတနဟူ၍သာ ဆိုအပ်၏။

ထို အသံ ဓာတ်နှင့် အာရုံ ဆက်စပ် ပြီးသည့်နောက် ထပ်မံပြီး ထိုအာရုံနှင့် ထိုအသံဓာတ် ၎င်းတို့နှစ်ခု ပေါင်းဆုံဆဲကိုမှ (သဒ္ဒါရုံ)ဟူ၍ ဆိုအပ်၏၊ ထိုပေါင်းဆုံ ပြီးသည့်နောက် ထပ်မံပြီး ထိုအာရုံနှင့် ထိုအသံ ဓာတ်တို့ တွေ့နေတုန်း တွေ့နေဆဲကိုမှ (ဖဿ)ဟူ၍ ဆိုအပ်၏။

ထို အပြင်ဘက်က အသံဓာတ်နှင့် တွေ့သောအာရုံ ပေါ်မှာမှီပြီး အတွင်း မနောအကြည်ပေါ်မှာ ခံစားဆဲ သဘောကိုသာလျှင် ဝေဒနာဟူ၍ ဆိုအပ်၏။

ထိုခံစားဆဲ အာရုံပေါ်မှာမှီ၍ မှတ်ဆဲ သဘောကို သာလျှင် သညာဟူ၍ဆိုအပ်၏။

ထိုမှတ်ဆဲအာရုံပေါ်မှာမှီ၍ ထိဆဲသဘောကိုသာလျှင် ဝိညာဉ်ဟူ၍ဆိုအပ်၏။

ထိုသို့ခံစားအောင် မှတ်အောင် သိအောင် အတွင်းထဲမှ အပြင်ဘက်သို့ အာရုံပြုပြင် တိုက်တွန်းဆဲကိုမှ သာလျှင် သင်္ခါရဟူ၍ဆိုအပ်၏။

ထို့နောက် အပြင်ဘက်က တဆင်းခေတ်နှင့် အတွင်းထဲမှ မျက်စိအကြည်ဓာတ်အကြောင်းပစ္စည်း နှစ်ခုတိုက်ခတ်မှုကြောင့် မြင်မှု အကျိုးပစ္စည်းတခု ဖြစ်ပေါ်၍လာပြန်၏။

ဒါကြောင့် အဆင်းဓာတ် ပစ္စည်းနှင့် မျက်စိအကြည်ဓာတ် ပစ္စည်းနှစ်ခု ဆက်စပ်မှုကိုတော့ အကြောင်းဟူ၍ ဆိုအပ်၏၊ မြင်မှုပစ္စည်းတခုကိုတော့ အကျိုးဟူ၍ဆိုအပ်၏၊ ထိုအကြောင်းနှင့် အကျိုး တို့ကိုသာ စာအလိုဆိုလျှင် တရားဟုဆိုရ၏၊ ပါဠိအလိုဆိုလျှင် ဓမ္မဟူ၍ ဆိုအပ်၏။

ရုပ်နှင့်ဝိညာဏ်ပေါ်ပုံ

တဖန် ထိုမြင်သဘောဓာတ်နှင့် မနောအကြည်ဓာတ် ထပ်မံပြီး ပစ္စည်းနှစ်ခု တိုက်ခတ်မှုကြောင့် ဖောက်ပြန်မှု ရုပ်နှင့်သိကာမျှ ဝိညာဏ်ဓာတ်တခု ပေါ်၍ လာပြန်၏၊ ထို ဖြစ်ပေါ်ဆဲဝိညာဏ်ကို စက္ခုဝိညာဏဓာတ်ဟူ၍ ဆိုအပ်၏၊ (ထိုအရာတို့၌ အပြင်အာယတနနှင့် အတွင်းအာယတနတို့ မဖြစ်ပေါ်သေး၊ ထိုကြောင့် အပြင်အာယတနနှင့် အတွင်းအာယတနဟူ၍ မဆိုထိုက်၊ အပြင်ဓာတ် ပစ္စည်းနှင့် အတွင်းဓာတ် ပစ္စည်းတို့ တိုက်ခတ်ကာမျှသာ ရှိသေး၏၊ အာရုံနှင့် ဆက်စပ်မှု မဖြစ် သေးချေ၊ အာယတန မဟုတ်သေး)။

အာယတန ဖြစ်ပေါ်၍ လာကြပုံမှာ ပြဆိုခဲ့သော ဖြစ်ပေါ်ဆဲ စက္ခုဝိညာဏ်ဓာတ် ပျက်ချုပ်ပြီးမှသာလျှင် မနောအကြည်ပေါ်မှ အာရုံတခုဖြစ်ပေါ်၍လာပြန်၏။

ထိုမနော အကြည်ပေါ်မှ ဖြစ်ပေါ်သော အာရုံသည် အဆင်းဓာတ် အတိုက်အခတ် ခံရသော မျက်စိ တံခါး ပေါက်သို့ ယိုစီးဆဲကိုမှသာလျှင် အာသဝေါဟူ၍ဆိုအပ်၏၊ ထိုယိုစီးသောအာရုံနှင့် မျက်စိတံခါးပေါက် ၎င်းနှစ်ခုတို့ ဆက်စပ်ဆဲကိုမှ သာလျှင် စက္ခာယတနဟူ၍ ဆိုအပ်၏။ ထိုအရာကို တနည်း အတွင်းအာယတနဟူ၍သာ ဆိုအပ်၏၊

ထိုမျက်စိ တံခါးပေါက်မှ ဆက်စပ်သော အာရုံသည် မျက်စိ တံခါးပေါက်မှ လွန်မြောက်၍ အပြင် ဘက်က အဆင်းဓာတ်နှင့် ၎င်းတို့နှစ်ခု ဆက်စပ်ဆဲကိုမှ သာလျှင် ရူပါယတနဟူ၍ ဆိုအပ်၏၊ ထိုအရာကို တနည်း အပြင် အာယတနဟူ၍သာ ဆိုအပ်၏။

ထိုအဆင်းဓာတ်နှင့် အာရုံ ဆက်စပ် ပြီးသည့်နောက် ထပ်မံပြီး ထိုအာရုံနှင့် ထိုအဆင်းဓာတ် ၎င်းတို့ နှစ်ခု ပေါင်းဆုံဆဲကိုမှ ရူပါရုံဟူ၍ ဆိုအပ်၏၊ ထိုပေါင်းဆုံသည့် နောက် တဖန် ထပ်မံပြီး ထိုအာရုံနှင့် ထိုအဆင်းဓာတ်တို့ တွေ့နေတုန်း တွေ့နေဆဲကိုမှ ဖဿ-ဟူ၍ ဆိုအပ်၏။

ထို့အပြင်ဘက်က အဆင်းဓာတ်နှင့် တွေ့သော အာရုံ ပေါ်မှာမှီပြီး အတွင်း မနော အကြည်ပေါ်မှ ခံစားဆဲ သဘောကိုသာလျှင် ဝေဒနာဟူ၍ ဆိုအပ်၏။

ထိုခံစားဆဲ အာရုံပေါ်မှာ မှီ၍ မှတ်ဆဲသဘောကိုသာ လျှင် သညာ-ဟူ၍ ဆိုအပ်၏၊

ထိုမှတ်ဆဲအာရုံပေါ်မှာ မှီ၍ သိဆဲသဘောကိုသာလျှင် ဝိညာဏ်ဟူ၍ ဆိုအပ်၏။

ထိုသို့ ခံစားအောင် မှတ်အောင် သိအောင် အတွင်း ထဲမှ အပြင်ဘက်သို့ အာရုံကို ပြုပြင်တိုက်တွန်းဆဲကိုမှသာ လျှင် သန်ါရဟူ၍ ဆိုအပ်၏။

ထိုနောက် အပြင်ဘက်က အနုံဓာတ်နှင့် အတွင်း ထဲမှ နှာခေါင်း အကြည့်ဓာတ် အကြောင်း ပစ္စည်းနှစ်ခု တိုက် ခတ်မှုကြောင့် နံမှုအကျိုးပစ္စည်းတခု ဖြစ်ပေါ်၍လာပြန်၏။

ဒါကြောင့် အနုံဓာတ် ပစ္စည်းနှင့် နှာခေါင်း အကြည့် ဓာတ်ပစ္စည်းနှစ်ခု ဆက်စပ်မှုကိုတော့ အကြောင်း ဟူ၍ ဆိုအပ်၏၊ နံမှုပစ္စည်းတခုကိုတော့ အကျိုးဟူ၍ ဆိုအပ်၏။ ထိုအကြောင်းနှင့် အကျိုး တို့ကိုသာ စာအလို ဆိုလျှင် တရားဟု ဆိုရ၏၊ ပါဠိအလိုဆိုလျှင် ဓမ္မဟူ၍ ဆိုအပ်၏။

နံရုပ်နှင့်ဝိညာဉ်ပေါ်ပုံ

တဖန် ထိုနံသဘောဓာတ်နှင့် မနောအကြည့်ဓာတ် ထပ်မံပြီး ပစ္စည်းနှစ်ခု တိုက်ခတ်မှုကြောင့် ဖောက်ပြန်မှု ရှိပုံနှင့်သိကာမျှ ဝိညာဏ်ဓာတ်တခု ပေါ်၍ လာပြန်၏၊ ထို ဖြစ်ပေါ်ဆဲ ဝိညာဉ်ကိုဃာနဝိညာဏဓာတ်ဟူ၍ ဆိုအပ်၏။ (ထိုအရာတို့၌ အပြင်အာယတနနှင့် အတွင်းအာယတန တို့မဖြစ်ပေါ်သေး၊ ထိုကြောင့် အပြင် အာယတနနှင့် အတွင်းအာယတနဟူ၍ မဆိုထိုက် အပြင်ဓာတ်ပစ္စည်းနှင့် အတွင်းဓာတ်ပစ္စည်းတို့ တိုက်ခတ်ကာမျှသာ ရှိသေး၏၊ အာရုံနှင့် ဆက်စပ်မှု မဖြစ် သေးချေ၊ အာယတန မဟုတ်သေး)။

အာယတန ဖြစ်ပေါ်၍ လာကြပုံမှာ ပြဆိုခဲ့သော ဖြစ်ပေါ်ဆဲ ဃာနဝိညာဏစသော် ပျက်ချုပ်ပြီးမှ သာလျှင် မနောအကြည်ပေါ်မှ အာရုံတခုပေါ်၍လာပြန်၏။

ထိုမနောအကြည်ပေါ်မှ ဖြစ်ပေါ်သော အာရုံသည် အနုံစာတ် အတိုက်အခတ် ခံရသော နှာခေါင်းတံခါး ပေါက်သို့ယိုစီးဆဲကိုမှသာလျှင် အာသဝေါဟူ၍ ဆိုအပ်၏၊ ထိုယိုစီးသောအာရုံနှင့် နှာခေါင်းတံခါးပေါက်ဝင်းနှစ်ခုတို့ ဆက်စပ်ဆဲကိုမှသာလျှင် ဃာနာယတနဟူ၍ဆိုအပ်၏။

ထိုနှာခေါင်းတံခါးပေါက်မှ ဆက်စပ်သောအာရုံသည် နှာခေါင်းတံခါးပေါက်မှ လွန်မြောက်၍ အပြင်ဘက်က အနုံစာတ်နှင့် ဂင်းတို့ နှစ်ခု ဆက်စပ်ဆဲကိုမှ သာလျှင် ဂန္ဓာယတနဟူ၍ ဆိုအပ်၏၊ ထိုအရာကို တနည်း အပြင် အာယတနဟူ၍သာဆိုအပ်၏။

ထိုအနုံ စာတ်နှင့် အာရုံ ဆက်စပ် ပြီးသည့်နောက် ထပ်မံပြီး ထိုအာရုံနှင့် ထိုအနုံစာတ် ဂင်းတို့နှစ်ခုပေါင်းဆုံ ဆဲကိုမှ ဂန္ဓာရုံဟူ၍ ဆိုအပ်၏၊ ထိုပေါင်းဆုံပြီးသည့်နောက် တဖန်ထပ်မံပြီး ထိုအာရုံနှင့် ထိုအနုံစာတ်တို့ တွေ့နေတုန်း တွေ့နေဆဲကိုမှ ဖဿဟူ၍ ဆိုအပ်၏။

ထိုအပြင်ဘက်က အနုံစာတ်နှင့် တွေ့သော အာရုံပေါ်မှာ မှီပြီး အတွင်းမနောအကြည်ပေါ်မှ ခံစားဆဲ သဘောကိုသာလျှင် ဝေဒနာဟူ၍ဆိုအပ်၏။

ထိုခံစားဆဲ အာရုံပေါ်မှာမှီ၍ မှတ်ဆဲ သဘောကို သာလျှင် သညာဟူ၍ဆိုအပ်၏။

ထိုမှတ်ဆဲအာရုံပေါ်မှာ မှိ၍ သိဆဲသဘောကို သာလျှင် ဝိညာဏ်ဟူ၍ ဆိုအပ်၏။

ထိုသို့ ခံစားအောင် မှတ်အောင် သိအောင် အတွင်းထဲမှ အပြင်ဘက်သို့ အာရုံကို ပြုပြင်တိုက်တွန်းဆဲ ကိုမှသာ လျှင်သင်္ခါရဟူ၍ ဆိုအပ်၏။

ဂင်းနောက် အပြင်ဘက်က လျက်စရာဓာတ်နှင့် အတွင်းထဲမှ လျှာအကြည်ဓာတ် အကြောင်းပစ္စည်းနှစ်ခု တိုက်ခတ်မှုကြောင့် အရသာဟူသော အကျိုးပစ္စည်းတခု ပေါ်၍လာပြန်၏။

ဒါကြောင့် လျက်စရာ ဓာတ်ပစ္စည်းနှင့် လျှာအကြည်ဓာတ်ပစ္စည်းနှစ်ခု ဆက်စပ်မှုကိုတော့ အကြောင်း ဟူ၍ ဆိုအပ်၏၊ အရသာဟူသော ပစ္စည်းတခုကိုတော့ အကျိုး ဟူ၍ ဆိုအပ်၏၊ ထိုအကြောင်းနှင့် အကျိုး တို့ကိုသာ စာအလိုဆိုလျှင် တရားဟုဆို၏၊ ပါဠိအလို ဆိုလျှင် ဓမ္မ ဟူ၍ ဆိုအပ်၏။

ရသာရုံနှင့် ဝိညာဏ်ပေါ်ပုံ

တဖန် ထိုအရသာ ဓာတ်နှင့် မနော အကြည်ဓာတ် ထပ်မံပြီး ပစ္စည်းနှစ်ခု တိုက်ခတ်မှုကြောင့် ဖောက်ပြန်မှု ရှိနှင့် သိကာမျှ ဝိညာဏ်ဓာတ် တခု ပေါ်လာ ပြန်၏၊ ထိုဖြစ်ပေါ်ဆဲဝိညာဏ်ကို ဇဝဂါဝိညာဏဓာတ်ဟူ၍ ဆိုအပ်၏၊ (ထိုအရာတို့၌ အပြင် အာယတနနှင့် အတွင်း အာယတနတို့ မဖြစ်ပေါ်သေး၊ ထိုကြောင့် အပြင် အာယတနနှင့်

အတွင်းအာယတနဟူ၍ မဆိုထိုက်၊ အပြင်ခေတ်ပစ္စည်းနှင့် အတွင်း ခေတ်ပစ္စည်းတို့ကို တိုက်ခတ်ကာမျှ ရှိသေး၏၊ အာရုံနှင့် ဆက်စပ်မှု မဖြစ်သေးချေ၊ အာယတန မဟုတ်သေး)။

အာယတန ဖြစ်ပေါ်၍ လာကြပုံမှာ ပြဆိုခဲ့သော ဖြစ်ပေါ်ဆဲ ဇဝဂါဝိညာဏ်ခေတ် ပျက်ချုပ်ပြီးမှသာလျှင် မနောအကြည်ပေါ်မှ အာရုံတခု ဖြစ်ပေါ်၍လာပြန်၏။

ထိုမနောအကြည် ပေါ်မှ ဖြစ်ပေါ်သော အာရုံသည် လျက်စရာခေတ် အတိုက် အခတ် ခံရသော လျှာတံခါးပေါက်သို့ ယိုစီးဆဲကိုမှသာလျှင် အာသဝေါဟူ၍ ဆိုအပ်၏၊ ထိုယိုစီးသော အာရုံနှင့် လျှာတံခါးပေါက် ၎င်းနှစ်ခုတို့ ဆက်စပ်ဆဲကိုမှသာလျှင် ဇဝဂါ ယတန ဟူ၍ ဆိုအပ်၏၊ ထိုအရာကို တနည်း အတွင်း အာယတန ဟူ၍-သာ ဆိုအပ်၏။

ထို လျှာတံခါး ပေါက်မှ ဆက်စပ်သော အာရုံသည် လျှာတံခါးပေါက်မှ လွန်မြောက်၍ အပြင်ဘက်က လျက်စရာခေတ်နှင့် ၎င်းတို့နှစ်ခု ဆက်စပ်ဆဲကိုမှ သာလျှင် ရသာယတနဟူ၍ ဆိုအပ်၏၊ ထိုအရာကို တနည်း အပြင်အာယတနဟူ၍သာဆိုအပ်၏။

ထိုလျက်စရာခေတ်နှင့် အာရုံဆက်စပ်ပြီးသည့်နောက် တဖန်ထပ်မံပြီး ထိုအာရုံနှင့် ထိုလျက်စရာခေတ် ၎င်းတို့နှစ်ခုပေါင်းဆုံဆဲကိုမှ ရသာရုံဟူ၍ဆိုအပ်၏၊ ထိုပေါင်းဆုံ

ပြီးသည့်နောက်တဖန် ထိုအာရုံနှင့် ထိုလျက်စရာဓာတ်တို့ ဖွဲ့စေနတုန်း ဖွဲ့စေနဆဲကိုမှ ဖယသဟူ၍ ဆိုအပ်၏။။

ထိုအပြင်ဘက်က လျက်စရာဓာတ်နှင့် ဖွဲ့သောအာရုံ ပေါ်မှာ မိုပြီး အတွင်း မနောအကြည်ပေါ်မှ ခံစားဆဲ သဘောကိုသာလျှင် ဝေဒနာဟူ၍ ဆိုအပ်၏။။

ထိုခံစားဆဲ အာရုံပေါ်မှာမှီ၍ မှတ်ဆဲ သဘောကို သာလျှင် သညာဟူ၍ဆိုအပ်၏။။

ထိုမှတ်ဆဲအာရုံပေါ်မှာမှီ၍ သိဆဲသဘောကိုသာလျှင် ဝိညာဉ်ဟူ၍ဆိုအပ်၏။။

ထိုသို့ခံစားအောင် မှတ်အောင် သိအောင် အတွင်း ထဲမှ အပြင်ဘက်သို့ အာရုံကိုပြုပြင် တိုက်တွန်းဆဲကိုမှ သာလျှင် သင်္ခါရဟူ၍ဆိုအပ်၏။။

ဤနောက် အပြင်ဘက်က ထိစရာဓာတ်နှင့် အတွင်း ထဲမှ ကိုယ်အကြည်ဓာတ်အကြောင်းပစ္စည်းနှစ်ခု တိုက်ခတ် မှုကြောင့် ထိမှုဟူသော အကျိုးပစ္စည်းတခု ဖြစ်ပေါ်၍ လာပြန်၏။။

ထိရုပ်နှင့်ဝိညာဉ်ပေါ်ပုံ

တဖန် ထိုထိသဘောဓာတ်နှင့် မနောအကြည်ဓာတ် ထဝါမံပြီး ပစ္စည်းနှစ်ခု တိုက်ခတ်မှုကြောင့် ဖောက်ပြန်မှု ရုပ်နှင့် သိကာမျှ ဝိညာဉ်တခုပေါ်၍ လာပြန်၏၊ ထိဖြစ်ပေါ်ဆဲ ဝိညာဉ်ကို ကာယဝိညာဏ်ဓာတ်ဟူ၍ ဆိုအပ်၏၊ (ထိအရာတို့၌ အပြင်အာယတနနှင့် အတွင်းအာယတနတို့

မဖြစ်ပေါ်သေး၊ ထိုကြောင့် အပြင်အာယတနနှင့် အတွင်း အာယတနဟူ၍ မဆိုထိုက်၊ အပြင်ဓာတ်ပစ္စည်းနှင့် အတွင်း ဓာတ်ပစ္စည်းတို့ တိုက်ခတ်ကာမျှသာရှိသေး၏၊ အာရုံနှင့် ဆက်စပ်မှုမဖြစ်သေးချေ၊ အာယတနမဟုတ်သေး)။

အာယတနဖြစ်ပုံ

အာယတန ဖြစ်ပေါ်၍လာပုံမှာ ပြဆိုခဲ့သော ဖြစ်ပေါ်ဆဲကာယ ဝိညာဏဓာတ် ပျက်ချုပ်ပြီးမှ သာလျှင် မနောအကြည်ပေါ်မှ အာရုံတခုဖြစ်ပေါ်၍လာပြန်၏။

ထိုမနောအကြည်ပေါ်မှ ဖြစ်ပေါ်၍ လာသော အာရုံသည် ထိစရာဓာတ် အတိုက်အခတ် ခံရသော ကိုယ်တံခါးပေါက်သို့ ယိုစီးဆဲကိုမှသာလျှင် အာသဝေါဟူ၍ဆိုအပ်၏၊ ထိုယိုစီးသော အာရုံနှင့် ကိုယ်တံခါးပေါက် ဟူ၍ ၎င်းနှစ်ခုတို့ ဆက်စပ်ဆဲကိုမှသာလျှင် အာယတနဟူ၍ ဆိုအပ်၏၊ ထိုအရာကို တနည်း အတွင်း အာယတန ဟူ၍ ဆိုအပ်၏။

ထို ကိုယ်တံခါးပေါက်မှ ဆက်စပ်သော အာရုံသည် ကိုယ်တံခါးပေါက်မှ လွှန်မြောက်၍ အပြင်ဘက်က ထိစရာဓာတ်နှင့် ၎င်းတို့နှစ်ခု ဆက်စပ်ဆဲကိုမှသာလျှင် ဖောဋ္ဌဗ္ဗာယတနဟူ၍ ဆိုအပ်၏၊ ထိုအရာကို တနည်း အပြင် အာယတန ဟူ၍သာ ဆိုအပ်၏။

ထိုထိစရာဓာတ်နှင့် အာရုံ ဆက်စပ် ပြီးသည့်နောက် ထပ်မံပြီး ထိုအာရုံနှင့် ထိုထိစရာဓာတ် ၎င်းတို့နှစ်ခု ပေါင်း

ဆုံဆဲကိုမှသာလျှင် ဖောဋ္ဌဗ္ဗာရုံဟူ၍ ဆိုအပ်၏၊ ထိပေါင်း ဆုံပြီးသည့်နောက် တဖန် ထပ်မံပြီး ထိုအာရုံနှင့် ထိထိစရာ ဓာတ်တို့ တွေ့နေတုန်း တွေ့နေဆဲကိုမှ ဖဿဟူ၍ ဆိုအပ်၏။

ထို့အပြင်ဘက်က ထိစရာဓာတ်နှင့် တွေ့သော အာရုံ ပေါ်မှာမှီပြီး အတွင်း မနောအကြည် ပေါ်မှ ခံစားဆဲ သဘောကိုသာလျှင် ဝေဒနာဟူ၍ ဆိုအပ်၏။

ထိုခံစားဆဲအာရုံပေါ်မှာ မှီ၍ မှတ်ဆဲသဘော ကိုသာ လျှင် သညာဟူ၍ ဆိုအပ်၏။

ထိုမှတ်ဆဲအာရုံပေါ်မှာမှီ၍ သိဆဲသဘော ကိုသာလျှင် ဝိညာဏ်ဟူ၍ ဆိုအပ်၏။

ထိုသို့ ခံစားအောင် မှတ်အောင် သိအောင် အတွင်း ထဲမှ အပြင်ဘက်သို့ အာရုံကိုပြုခြင်း၊ တိုက်တွန်းဆဲ ကိုမှ သာလျှင် သင်္ခါရဟူ၍ ဆိုအပ်၏။

ကြောင်းကျိုးဓမ္မဖြစ်ပုံ

ထိုကြောင့် ယောဂိကို့ အပြင်ဘက်က အသံ ဓာတ်နှင့် အတွင်းထဲမှ နားအကြည်ဓာတ် တိုက်ခတ်မှုနှင့် တကွ-

အပြင်ဘက်က အဆင်းဓာတ်နှင့် အတွင်းထဲမှ မျက်စိ အကြည်ဓာတ် တိုက်ခတ်မှု။

အပြင်ဘက်က အနံ့ဓာတ်နှင့် အတွင်းထဲမှ နှာခေါင်း အကြည်ဓာတ် တိုက်ခတ်မှု။

အပြင်ဘက်က လျက်စရာဓာတ်နှင့် အတွင်းထဲမှ လျှာ အကြည်ဓာတ်တို့ တိုက်ခတ်မှု။

အပြင်ဘက်က ထိစရာဓာတ်နှင့် အတွင်းထဲမှ ကိုယ် အကြည်ဓာတ် တိုက်ခတ်မှုတို့ကို သဘော ပေါက်၍ နားလည်လာက်ကြပေဖြို့။

သို့သော်လဲ ဓမ္မဓာတ်နှင့် မနောတ်တို့တိုက်ခတ်သည်ဟူ ဆိုသည့် ပြဆိုခဲ့ပြီးသော အသံဓာတ်နှင့် နားအကြည်ဓာတ် တိုက်ခတ်မှုကိုတော့ အကြောင်းဟူ၍ဆိုအပ်၏။

ထိုအကြောင်း တို့ကြောင့် ဖြစ်ပေါ်လာဆဲ ကြား သဘောတခုကိုတော့ အကျိုးဟူ၍ဆိုအပ်၏၊ထိုအကြောင်း နှင့် အကျိုးကိုသာလျှင် စာအလိုဆိုလျှင် တရားဟုဆိုရ၏၊ ပါဠိအလိုဆိုလျှင် ဓမ္မဟူ၍ဆိုအပ်၏။

အဆင်းဓာတ်နှင့် မျက်စိအကြည်ဓာတ် တိုက်ခတ်မှု ကိုတော့ အကြောင်းဟူ၍ ဆိုအပ်၏၊ ထိုအကြောင်း တို့ကြောင့်ဖြစ်ပေါ်လာဆဲ၊ မြင်သဘော တခုကိုတော့ အကျိုးဟူ၍ ဆိုအပ်၏၊ ထိုအကြောင်းနှင့် အကျိုးကို သာလျှင် စာအလိုဆိုလျှင် တရားဟုဆိုရ၏၊ ပါဠိအလို ဆိုလျှင် ဓမ္မဟူ၍ဆိုအပ်၏။

အနံ့ဓာတ်နှင့် နှာခေါင်းအကြည်ဓာတ် တိုက်ခတ်မှု ကိုတော့ အကြောင်းဟူ၍ ဆိုအပ်၏၊ ထိုအကြောင်း တို့ကြောင့်ဖြစ်ပေါ်လာဆဲ နံသဘောတခုကိုတော့ အကျိုး ဟူ၍ဆိုအပ်၏၊ ထိုအကြောင်းနှင့် အကျိုးကို သာလျှင် စာအလိုဆိုလျှင် တရားဟုဆိုရ၏၊ပါဠိအလိုဆိုလျှင် ဓမ္မဟူ၍ ဆိုအပ်၏။

လျက်စရာဓာတ်နှင့် လျောအကြည်ဓာတ် တိုက်ခတ်မှု ကိုတွေ့ အကြောင်းဟူ၍ ဆိုအပ်၏၊ ထိုအကြောင်း တို့ကြောင့် ဖြစ်ပေါ်၍လာဆဲ အာရဿာ သဘောတ ကိုတွေ့ အကျိုးဟူ၍ ဆိုအပ်၏၊ ထိုအကြောင်းနှင့်အကျိုး ကိုသာလျှင် စာအလိုဆိုလျှင် တရားဟုဆိုရ၏၊ ပါဠိအလိုး ဆိုလျှင် ဓမ္မဟူ၍ဆိုအပ်၏။

ထိစရာဓာတ်နှင့် ကိုယ် အကြည်ဓာတ် တိုက်ခတ်မှု ကိုတွေ့ အကြောင်း ဟူ၍ ဆိုအပ်၏၊ ထိုအကြောင်း တို့ကြောင့် ဖြင်ပေါ်၍လာဆဲ ထိသဘောတခုကိုတွေ့ အကျိုးဟူ၍ဆိုအပ်၏၊ထိုအကြောင်းနှင့် အကျိုးကိုသာလျှင် စာအလိုဆိုလျှင် တရားဟုဆိုရ၏၊ ပါဠိအလို ဆိုလျှင် ဓမ္မဟူ၍ဆိုအပ်၏။

ထိုမျက်စိ နား နှာ လျှာ ကာယ တည်းဟူသောတံခါး ငါးပေါက်ကို အကြောင်းပြု၍ ဖြစ်ပေါ်ဆဲ အပြင်ဘက်က ထိကြောင်းကျိုးဓမ္မဓာတ်တို့နှင့် အတွင်းထဲမှမနောအကြည် ဓာတ် တိုက်ခတ်မှုကြောင့် ဖောက်ပြန်မှုရှိနှင့် သိကာမျှ ဝိညာဏ်တခု ဖြစ်ပေါ်၍ လာပြန်၏၊ ထိုဖြစ်ပေါ်ဆဲ ဝိညာဉ်ကို မနောဝိညာဏဓာတ်ဟူ၍ဆိုအပ်၏။

ထိုအရာတို့၌ အပြင် အာယတနနှင့် အတွင်း အာယတနတို့ မဖြစ်ပေါ်သေး၊ ထိုကြောင့် အပြင် အာယတနနှင့် အတွင်း အာယတနဟူ၍ မဆိုထိုက်၊ အပြင် ဓာတ်ပစ္စည်းနှင့် အတွင်းဓာတ်ပစ္စည်းတို့ တိုက်ခတ်ကာမျှသာ ရှိသေး၏၊ အာရုံနှင့်ဆက်စပ်မှုမဖြစ်သေးချေ၊ အာယတနမဟုတ်သေး။

အာယတနဖြစ်ပုံ

အာယတန ဖြစ်ပေါ်၍ လာကြပုံမှာ ပြဆိုခဲ့သော ဖြစ်ပေါ်ဆဲ မနောဝိညာဏဓာတ် ပျက်ချုပ် ပြီးမှ သာလျှင် မနောအကြည်ပေါ်မှ အာရုံတခုဖြစ်ပေါ်၍ လာပြန်၏။

ထိုမနော အကြည်ပေါ်မှ ဖြစ်ပေါ်သော အာရုံသည် ဓမ္မဓာတ် အတိုက်အခတ်ခံရသော မနော တံခါးပေါက်သို့ ယိုစီးဆဲကိုမှသာလျှင် အာသဝေါဟူ၍ဆိုအပ်၏၊ ထို ယိုစီးသောအာရုံနှင့် မနောတံခါးပေါက် ၎င်းနှစ်ခုတို့ ဆက်စပ်ဆဲကိုမှသာလျှင် မနာယတနဟူ၍ ဆိုအပ်၏၊ ထိုအရာကို တနည်း အတွင်းအာယတန ဟူ၍သာ ဆိုအပ်၏။

ထို မနော တံခါးပေါက်မှ ဆက်စပ်သော အာရုံသည် မနောတံခါးပေါက်မှ လွန်မြောက်၍ အပြင်ဘက်က ဓမ္မဓာတ်နှင့် ၎င်းတို့နှစ်ခုဆက်စပ်ဆဲကိုမှသာလျှင် ဓမ္မာယတနဟူ၍ ဆိုအပ်၏၊ ထိုအရာကို တနည်း အပြင် အာယတနဟူ၍သာ ဆိုအပ်၏။

ထိုဓမ္မဓာတ်နှင့် အာရုံ ဆက်စပ်ပြီးသည့်နောက် ထပ်မံပြီး ထိုအာရုံနှင့် ထိုဓမ္မဓာတ် ၎င်းတို့နှစ်ခု ပေါင်းဆုံဆဲကိုမှ ဓမ္မာရုံဟူ၍ ဆိုအပ်၏၊ ထိုပေါင်းဆုံပြီးသည့်နောက် တဖန် ထပ်မံပြီး ထိုအာရုံနှင့် ထိုဓမ္မဓာတ်တို့ တွေ့နေတုန်း တွေ့နေဆဲကိုမှ ဖဿဟူ၍ ဆိုအပ်၏။

ထိုအပြင်ဘက်က ဓမ္မဓာတ်နှင့် တွေ့သော အာရုံပေါ်မှာမှီပြီး အတွင်း မနောအကြည်ပေါ်မှ ခံစားဆဲသဘောကိုသာလျှင် ဝေဒနာဟူ၍ ဆိုအပ်၏။

ထိုခံစားဆဲ အာရုံပေါ်မှာမှီ၍ မှတ်ဆဲ သဘောကိုသာ လျှင် သညာဟူ၍ ဆိုအပ်၏။

ထိုမှတ်ဆဲအာရုံပေါ်မှာ မှီ၍ သိဆဲသဘောကိုသာလျှင် ဝိညာဏ်ဟူ၍ ဆိုအပ်၏။

ထိုသို့ ခံစားအောင် မှတ်အောင် သိအောင် အတွင်းထဲမှ အပြင်ဘက်သို့ အာရုံကို ပြုပြင်တိုက်တွန်းဆဲ ကိုမှသာလျှင် သင်္ခါရဟူ၍ ဆိုအပ်၏။

ထိုသင်္ခါရတွင် အပြင်ဘက်က အသံစသော်နှင့် အတွင်းထဲမှ နားအကြည် ကိုက်ခတ်မှုကြောင့် ဖြစ်ပေါ်၍ လာသော ရုပ်ဝိညာဏ်နှင့် အပြင်ဘက်က အဆင်းစသော်နှင့် အတွင်းထဲမှ မျက်စိအကြည်စသော်။

အပြင်ဘက်က အနံ့စသော်နှင့် အတွင်းထဲမှ နှာခေါင်းအကြည်စသော်။

အပြင်ဘက်က လျှက်စရာစသော်နှင့် အတွင်းထဲမှ လျှာအကြည်စသော်။

အပြင်ဘက်က ထိစရာ စသော်နှင့် အတွင်းထဲမှ ကိုယ်အကြည်စသော်။

အပြင်ဘက်ကဓမ္မစသော်နှင့် အတွင်းထဲမှ မနောအကြည်စသော်တို့ တိုက်ခတ်မှုကြောင့် ဖြစ်ပေါ်၍ လာသော ရုပ်ဝိညာဏ်တို့သည် အစိုးမရ အလိုသို့ မလိုက်သော အနတ္တသဘာဝရုပ် ဝိညာဏ်တို့သာ ဖြစ်ကြလေကုန်၏။

အတ္တကြောင့်ဖြစ်ကြသောရုပ်ဝိညာဏ်တို့ မဟုတ်ကြပေ၊ အကုသိုလ် ကုသိုလ်တို့မယှဉ်သေးသော ရုပ်ဝိညာဏ်တို့သာလျှင် ဖြစ်ခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ် မထိုက်ပေ၊ ပဋိစ္စသမုပ္ပါဒ်မှ လွတ်နေသော ရုပ်ဝိညာဏ် များသာ ဖြစ်ကြပေကုန်၏။

ပဋိစ္စသမုပ္ပါဒ်ထိုက်သောနာမ်ရုပ်ပြခြင်း

ပဋိစ္စသမုပ္ပါဒ် ထိုက်ခြင်း၏ အကြောင်းရင်းကား ပြဆိုခဲ့သော အပြင်ဘက်အဆင်း အသံ အနံ့ လျက်စရာ ထိစရာ ဓမ္မာရုံတို့နှင့် အတွင်းထဲမှ မျက်စိ နား နှာ လျှာ ကိုယ် မနောဝတ်တို့ တိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ဆဲ ရုပ်ဝိညာဏ်တို့ ပျက်ချုပ်မှုကို မသိကြခြင်းကိုသာလျှင် အဝိဇ္ဇာ ဟူ၍ ဆိုအပ်၏။

ထို အဝိဇ္ဇာ တည်းဟူသော မသိမှုကြောင့် မနော အကြည်ပေါ်က အာရုံကို ပြုပြင် တိုက်တွန်း လိုက်ပြန်၏၊ ထိုပြုပြင် တိုက်တွန်းမှုကိုသာ သင်္ခါရဟူ၍ ဆိုအပ်၏၊ ထို သင်္ခါရတည်းဟူသော ပြုပြင် တိုက်တွန်း မှုကြောင့် မနော အကြည်ပေါ်ကအာရုံတို့သည် မျက်စိ နား နှာ လျှာ ကိုယ် မနဟု ဆိုအပ်သော တံခါး ခြောက်ပေါက်သို့ ယိုစီးကြပြန်၏။

ထိုတံခါးခြောက်ပေါက်သို့ အာရုံတွေ ယိုစီးဆဲကိုသာ အာသဝေါဟူ၍ ဆိုရ၏၊ ထိုအာသဝေါ တည်းဟူသော ယိုစီးဆဲအာရုံတို့သည် ၎င်းမျက်စိ နား နှာ လျှာ ကိုယ်နှင့်

မနှတို့ ဆက်စပ်ဆဲကိုသာလျှင် အတွင်းအာယတန ခြောက်ပါးဟူ၍ ဆိုအပ်၏၊

ထိုခြောက်ပေါက် ခြောက်တံခါးနှင့် ဆက်စပ်သော အာရုံတို့သည် ၎င်းတံခါး ခြောက်ပေါက်မှ လွန်မြောက်၍ အပြင်ဘက်က အဆင်းအသံ အနံ့ လျက်စရာ ထိစရာ ဓမ္မ ဓာတ်တို့နှင့် တဖန် ဆက်စပ်ဆဲကိုသာ အပြင်အာယတန ခြောက်ပါးဟူ၍ ဆိုအပ်၏။

ထိုအတွင်း အာယတနနှင့် အပြင်အာယတနတို့ဖြစ်ပြီး ၎င်းအပြင်ဘက်က ဓာတ်ပစ္စည်းတို့နှင့်ဆုံ၍နေသော် အာရုံပေါ်မှာမှီပြီး မနောအကြည်ပေါ်မှပြုပြင်မှု ခံစားမှု မှတ်မှု သိမှုသဘော တည်းဟူသော နာမ်ပစ္စည်း လေးပါးတို့ ဖြစ်ပေါ်၍လာကြလေကုန်၏။

၎င်းဖြစ်ပေါ်၍ လာကြသော နာမ်ပစ္စည်း လေးပါးတို့သည် တွယ်တာကပ်ငြိမှုတဏှာ စွဲလမ်းမှုဥပါဒါန်တို့နှင့် ယှဉ်ပြီး ကုသိုလ်အကုသိုလ်ဖြစ်အောင် နှလုံးသွင်းမှုကြောင့် ၎င်းမနောအကြည်ပေါ်မှာ မှီပြီး ဖောက်ပြန်မှု တည်းဟူသော ရုပ်တခုဖြစ်ပေါ်၍လာပြန်၏။

ထိုရုပ်သည် တဏှာ ဥပါဒါန်တို့နှင့်ယှဉ်၍ နာမ်အကြောင်းခံပြီးဖြစ်သော ရုပ်ဖြစ်ခြင်းကြောင့် ထိုရုပ်ကို သာလျှင် နာမ်ရုပ်ဟူ၍ဆိုအပ်၏။

ထိုတဏှာ ဥပါဒါန်တို့နှင့် ကုသိုလ် အကုသိုလ်တို့ ယှဉ်ပြီးဖြစ်သော နာမ်ရုပ်တို့သည်သာလျှင် ပဋိစ္စသမုပ္ပါဒ် ထိုက်သော နာမ်ရုပ်တို့ဖြစ်ကြကုန်၏။

ထိုပဋိစ္စသမုပ္ပါဒ်ထိုက်သော နာမ်ရုပ်တို့သည် အဘယ်ကဲ့သို့သော ဆက်စပ်မှုတို့ကြောင့် ဖြစ်ပေါ်ကြပါသနည်းဟု ဆိုရသော်-

အတွင်း အာယတန တည်းဟူသော နား၌နှင့်ဆက်စပ်သော အာရုံကြောင့် အပြင်အာယတန တည်းဟူသော အသံနှင့် ဆက်စပ်သည့်အာရုံပေါ်မှာမှီငြိး မနောအကြည်ပေါ်မှာဖြစ်ပေါ်၍လာတဲ့ တဏှာဥပါဒါန်တို့နှင့် ကုသိုလ်အကုသိုလ်တို့ယှဉ်သော နာမ်ရုပ်ကတခြား။

အတွင်းအာယတန တည်းဟူသော နာခေါင်းနှင့် ဆက်စပ်သော အာရုံကြောင့် အပြင်အာယတန တည်းဟူသော အနံ့နှင့် ဆက်စပ်သည့် အာရုံပေါ်မှာမှီငြိး မနောအကြည်ပေါ်မှာဖြစ်ပေါ်၍လာတဲ့ တဏှာဥပါဒါန်တို့နှင့် ကုသိုလ်အကုသိုလ်တို့ယှဉ်သော နာမ်ရုပ်ကတခြား။

အတွင်းအာယတန တည်းဟူသော လျှာအကြည်နှင့် ဆက်စပ်သော အာရုံကြောင့် အပြင်အာယတန တည်းဟူသော လျက်စရာနှင့် ဆက်စပ်သည့် အာရုံပေါ်မှာမှီငြိး မနောအကြည်ပေါ်မှာ ဖြစ်ပေါ်၍လာတဲ့ တဏှာဥပါဒါန်တို့နှင့် ကုသိုလ်အကုသိုလ်တို့ယှဉ်သော နာမ်ရုပ်ကတခြား။

အတွင်း အာယတနတည်းဟူသော ကိုယ်အကြည်နှင့် ဆက်စပ်သော အာရုံကြောင့် အပြင်အာယတန တည်းဟူသော ထိစရာနှင့် ဆက်စပ်သော အာရုံပေါ်မှာမှီငြိး မနောအကြည်ပေါ်မှာဖြစ်ပေါ်၍လာတဲ့ တဏှာ ဥပါဒါန်တို့နှင့် ကုသိုလ် အကုသိုလ်တို့ယှဉ်သော နာမ်ရုပ်ကတခြား။

အတွင်း အာယတနတည်းဟူသော မနော အကြည်နှင့် ဆက်စပ်သောအာရုံကြောင့် အပြင် အာယတန တည်းဟူသော ဓမ္မနှင့် ဆက်စပ်သည့် အာရုံပေါ်မှာ မှီဖြိုး မနော အကြည်ပေါ်မှာဖြစ်ပေါ်၍လာတဲ့ တဏှာ ဥပါဒါန် တို့နှင့် ကုသိုလ် အကုသိုလ်တို့ ယှဉ်သော နာမ်ရုပ်က တခြားဟူ၍ ပိုင်းခြားပြီး သိအပ်၏။

ထိုသို့ တဏှာဥပါဒါန်တို့နှင့် ကုသိုလ် အကုသိုလ် ဖြစ်အောင် နှလုံးသွင်းမှုကြောင့် ပဋိစ္စသမုပ္ပါဒ် ထိုက်သော နာမ်ရုပ်တို့ ဖြစ်ပေါ်ကြသလို တဖန် တဏှာ ဥပါဒါန်တို့ မကပ်ငြိဘဲ ကုသိုလ် အကုသိုလ် မဖြစ်အောင် နှလုံးသွင်းမှုကြောင့် ပဋိစ္စသမုပ္ပါဒ် မထိုက်သော နာမ်ရုပ်တို့လည်း ဖြစ်ပေါ်ကြပြန်၏။

အထူးမှတ်ချက်။ ။ပဋိစ္စသမုပ္ပါဒ်ထိုက်သောနှလုံးသွင်းမှု နာမ်ရုပ်တို့သည် အဘယ့်ကြောင့် ဖြစ်ပေါ်ရပါသနည်းဟု ဆိုရသော် မိန္ဆာသတိ ဦးစိးမှုကြောင့်သာလျှင် ဉာဏ်နှင့် မယှဉ်ဘဲအဝိဇ္ဇာဦးစိးပြီး ၎င်းအတွင်းအပြင် အာယတန ဆက်စပ်မှုတို့နှင့် ပညတ်အာရုံပေါ်မှာနှလုံးသွင်းမှုကြောင့် ပဋိစ္စသမုပ္ပါဒ်ထိုက်သောနာမ်ရုပ်တို့ဖြစ်ကြကုန်၏။

ပဋိစ္စသမုပ္ပါဒ်မထိုက်သော နှလုံးသွင်းမှု နာမ်တို့သည် အဘယ့်ကြောင့် ဖြစ်ပေါ်ရပါသနည်းဟု ဆိုရပြန်သော် သမ္မာဒိဋ္ဌိ ဦးစိးမှုကြောင့် သာလျှင် ဉာဏ်နှင့်ယှဉ် အဝိဇ္ဇာဦးစိးပြီး ၎င်းအတွင်း အပြင် အာယတန ဆက်စပ်မှုတို့နှင့် ပရမတ်အာရုံပေါ်မှာ နှလုံးသွင်းမှုကြောင့်သာလျှင် ပဋိစ္စ

သမုပ္ပါဒ်မထိုက်သော နာမ်ရုပ်တို့ ဖြစ်ကြပြန်သည် ဟူ၍ ကွဲပြားခြားနားစွာ သိအပ်ကြပေကုန်၏။

ထိုကြောင့် သတ္တဝါတို့တွင် ဒွါရခြောက်ပါး တံခါးခြောက်ပေါက်ကို အကြောင်းပြု၍ အတွင်းအာယတန ခြောက်ပါးနှင့် အပြင်အာယတန ခြောက်ပေါက်တို့ကို မှီပြီး ပဋိစ္စသမုပ္ပါဒ်ထိုက်သောနာမ်ရုပ်တို့နှင့် ပဋိစ္စသမုပ္ပါဒ် မထိုက်သောနာမ်ရုပ်။

ပညတ်အာရုံနှင့် ပရမတ္ထအာရုံမိစ္ဆာသညတိနှင့်သမ္မာသတိ နှလုံးသွင်းမှားမှုနှင့် နှလုံးသွင်းမှန်မှု တဏှာဥပါဒါန် ဖြစ်မှု တဏှာဥပါဒါန်မဖြစ်မှု ကုသိုလ်အကုသိုလ်ဖြစ်မှုနှင့် ကုသိုလ် အကုသိုလ် မဖြစ်မှုတို့ကို ကွဲပြား ခြားနားအောင် ဝိုင်းခြားကန့်သတ်ပြီး ရေးသား ပြသခဲ့သည်ကို သဘောပေါက်၍ နားလည်လောက်ကြပြီ ဖြစ်ခြင်းကြောင့် မိစ္ဆာသတိ မဖြစ်ရလေအောင် ဝိုင်းခြားကန့်သတ်ပြီး ရေးသားပြသခဲ့သည်ကို သဘောပေါက်၍ နားလည်လောက်ကြပြီ ဖြစ်ခြင်းကြောင့် မိစ္ဆာသတိ မဖြစ်ရလေအောင် ထာဝစဉ် သမ္မာသတိရှိကြစေခြင်းငှာ ၎င်းဒွါရခြောက်ပါး တံခါးခြောက်ပေါက်တို့မှာလည်း သတိပဋ္ဌာန်အလုပ်နှင့် နုပဿနာအလုပ်တို့ကို ပွားများအားထုတ်ကြကုန်ရာသတည်း။

ခန္ဓာငါးပါးနှင့်ရုပ်နာမ်သဘောဖြစ်ပုံ

ထိုဒွါရခြောက်ပါးဌာ သီလ သမာဓိ ပညာ သုံးသိက္ခာ ဖြစ်ပြီး၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ ဆိုက်ရောက်အောင် သတိပဋ္ဌာန်

နုပဿနာအလုပ်ဖြင့် ပွားများ အားထုတ်ရမည်ဖြစ်သော ခန္ဓာငါးပါးနှင့် ရုပ်နာမ်သဘောတို့မှာ-

မျက်စိ နား နှာ လျှာ ကာယ မနဟူ၍ တံခါးခြောက် ပေါက်ရှိရာတွင် နား တံခါးပေါက်ကို အကြောင်းပြု၍ ခန္ဓာငါးပါးနှင့် ရုပ်နာမ်သဘောတို့ဖြစ်ပေါ်ခြင်း။

မျက်စိတံခါးပေါက်ကို အကြောင်းပြု၍ခန္ဓာငါးပါးနှင့် ရုပ်နာမ်သဘောတို့ဖြစ်ပေါ်ခြင်း။

နှာခေါင်း တံခါးပေါက်ကို အကြောင်းပြု၍ ခန္ဓာငါးပါးနှင့် ရုပ်နာမ်သဘောတို့ ဖြစ်ပေါ်ခြင်း။

လျှာ တံခါးပေါက်ကို အကြောင်းပြု၍ ခန္ဓာငါးပါးနှင့် ရုပ်နာမ်သဘောတို့ ဖြစ်ပေါ်ခြင်း။

ကာယတံခါးပေါက်ကိုအကြောင်းပြု၍ ခန္ဓာငါးပါးနှင့် ရုပ်နာမ် သဘောတို့ဖြစ်ပေါ်ခြင်း။

မန တံခါးပေါက်ကို အကြောင်းပြု၍ ခန္ဓာငါးပါးနှင့် ရုပ်နာမ်သဘောတို့ ဖြစ်ပေါ်ကြခြင်း။

ဌင်း ဖြစ်ပေါ်ကြသော ခန္ဓာငါးပါးသဘောနှင့် ရုပ်သဘော နာမ်သဘောတို့သည် ဓာတ်ပစ္စည်းနှစ်ခုတိုက်ခတ်မှုကြောင့်သာလျှင် ဖြစ်ပေါ်၍လာကြသောခန္ဓာငါးပါးနှင့် ရုပ်နာမ်သဘောတို့ ဖြစ်ကြလေကုန်၏။

အကြောင်းခန္ဓာငါးပါးနှင့် အကျိုးရုပ်ဝိညာဉ်ဖြစ်ပုံ

ထိုခန္ဓာငါးပါးနှင့် ရုပ်နာမ်သဘောတို့သည် အဘယ်ကြောင့် အဘယ်ကဲ့သို့ဖြစ်ပေါ်ကြပါသနည်းဟု ဆိုရသော်

အပြင်ဘက်က ထိစရာပေါ်မှာ မှီ၍နေသည့် ဓာတ်နှင့် အတွင်းထဲမှ ကိုယ်အကြည် ပေါ်မှာမှီ၍ နေသောဓာတ် အကြောင်းနှစ်ခု တိုက်ခတ်မှုကြောင့် ၎င်းဓာတ်နှစ်ခု ထိဆဲကိုသာလျှင် ဖောဋ္ဌဗ္ဗဟူ၍ ဆိုအပ်၏။

ထိုဖောဋ္ဌဗ္ဗဟူသော ဓာတ်သဘောတို့ ထိနေမှုကြောင့် ထိုထိနေခိုက်မှာပင် ၎င်းဓာတ်သဘောတို့ စုပေါင်း၍ နေကြပြန်လေ၏။

ထိုဓာတ်သဘောတို့ ပစ္စုပ္ပန် စုပေါင်းဆဲ ကိုသာလျှင် ပရမတ္ထခန္ဓာဟူ၍ဆိုအပ်၏။

ထိုခန္ဓာဟူသော ဓာတ်သဘောတို့စုပေါင်းမှု အတွင်း ထဲမှ မတဲ့တတ်သော ဓာတ်သဘောတို့ တိုက်ခတ်ခြင်း ကြောင့် ဖောက်ပြန်မှု သဘောတို့ ဖြစ်ပေါ်၍ လာကြ ပြန်ပေ၏။

ထိုဖြစ်ပေါ်၍ လာကြသော ပစ္စုပ္ပန် ဖောက်ပြန်ဆဲ သဘောတို့ကိုသာလျှင် ပရမတ္ထရုပ်ဟူ၍ဆိုအပ်၏။

၎င်းထိသဘောထဲမှ ဖြစ်ပေါ်၍လာသော ရုပ်ခန္ဓာတို့ ချုပ်ပျောက်ကြပြန်၏၊ ထိုချုပ်ပျောက်သော၊ ထိသဘော ဓာတ်နှင့် အတွင်းထဲမှ မနောအကြည်ဓာတ် ထပ်မံဖြိုး တိုက်ခတ် မှုကြောင့် ထိုမနောအကြည် ပေါ်မှာ မှီဖြိုး ဖြစ်ပေါ်သော နာမ်ခန္ဓာ လေးပါးနှင့် ရုပ်ခန္ဓာတပါး ပေါင်း ပစ္စုပ္ပန်စုပေါင်းမှု ခန္ဓာငါးပါး ဖြစ်ပေါ်မှုကြောင့်

ဖောက်ပြန်မှုသဘောတခု သိသဘောတခုတို့ ဖြစ်ပေါ်၍ လာကြပြန်၏။

ထိုအခိုက်အတန့်သည် ပြုပြင်ခံစားမှု မှတ်မှုသဘောတို့ မဖြစ်ပေါ်သေးချေ။

ဤဖြစ်ပေါ်၍လာသဲ့ ဓာတ်သဘောတို့ စုပေါင်းမှု ငါးခုကိုသာလျှင် ခန္ဓာငါးပါးဟူ၍ ဆိုအပ်၏၊ ထိုခန္ဓာငါးပါး အပေါ်မှာမှီပြီး ဖောက်ပြန်မှု သဘောကိုသာ ရှပ်ဟူ၍ဆိုရ၏၊ သိကာမျှသဘောတခုကိုသာလျှင် ဝိညာဉ်ဟူ၍- ဆိုအပ် ခြင်းကြောင့် ထိုအခိုက် အတန့်သည် အကြောင်း ခန္ဓာငါးပါးနှင့် အကျိုးရှပ်ဝိညာဉ်တို့သာလျှင် ဖြစ်ပေါ်၍လာသေး၏။

ထိုကြောင့် ပေါင်းစုမှု ငါးခုတည်းဟူသော အကြောင်း ခန္ဓာငါးပါးတို့သည် ဖောက်ပြန်မှုနှင့် သိမှုတည်းဟူသော အကျိုးရှပ်ဝိညာဉ်တို့မဟုတ်ပေ။

အကျိုးရှပ် ဝိညာဉ်တို့သည်လည်း အကြောင်း ခန္ဓာငါးပါးမဟုတ်ပေ၊ သို့သော် အကြောင်းခန္ဓာ ငါးပါးကြောင့်သာလျှင် အကျိုးရှပ်ဝိညာဉ်တို့ ဖြစ်ပေါ်ကြလေကုန်၏။

ထိုအရာ၌ပြုပြင်မှုခံစားမှု မှတ်မှုတို့မဖြစ်ပေါ်သေးသောကြောင့် ရှပ်နာမ်ဟူ၍ မယူအပ် ရှပ်ဝိညာဉ်မျှသာယူအပ်၏။

နာမ်ရုပ်ကိုပြခြင်း

၎င်းဖြစ်ပေါ်ကြသော အကြောင်းခန္ဓာ ငါးပါးနှင့် အကျိုးရုပ်ဝိညာဉ်တို့သည် ပျက်ပြီး ချုပ်ပျောက်ကြပြန်၏၊ ထိုချုပ်ပျောက်ပြီးမှ ဘဝင်လှုပ်၏၊ ထိုလှုပ်သောဘဝင် ပြတ်ပြန်၏၊ ဘဝင်ပြတ်ပြီးမှ မနောအကြည်ပေါ်က အာရုံတခုဖြစ်ပေါ်၍လာ၏၊ ၎င်းအာရုံကို ပြုပြင်တိုက်တွန်းမှုကြောင့် ထိုအာရုံသည် ထိမှုဖြစ်ပေါ်သော ကာယတံခါး ပေါက်နှင့် ဆက်စပ်၏။

ထိုဆက်စပ်မှုကြောင့် ၎င်းအာရုံနှင့် ကာယ တံခါး ပေါက်မှ ထိသဘောတို့ ပေါင်းဆုံမှုကြောင့် ၎င်းအာရုံသည်ပင် ကာယတံခါးပေါက်မှ ထိသဘောနှင့် တွေ့၏၊ ထိထိသဘောနှင့်တွေ့သော အာရုံပေါ်မှာမှီပြီး မနောအကြည်ပေါ်မှ တဖန် ခံစားမှု မှတ်မှု သိမှု သဘောတို့ ဖြစ်ပေါ်၍လာပြန်၏။

ဤသို့ အာရုံကိုပြုပြင်တိုက်တွန်းမှုနှင့် ၎င်းအာရုံပေါ်မှ မှီပြီးခံစားမှု မှတ်မှု သိမှုဟု ဆိုအပ်သော (သင်္ခါရဝေဒနာသညာ ဝိညာဏ) ဟူသော ထိုသဘောအပြားလေးပါး တို့ကိုသာလျှင် နာမ်ဟူ၍ဆိုအပ်၏။

၎င်းနာမ် ပစ္စည်းလေးပါးတို့ကြောင့် မနောအကြည် ပေါ်မှာ ဖောက်ပြန်မှုသဘောတခု ဖြစ်ပေါ်၍လာပြန်၏၊ ထိုဖောက်ပြန်မှုသဘောကိုသာ ရုပ်ဟူ၍ဆိုအပ်၏၊ ထိုရုပ်

သည် နာမ်ကြောင့်ဖြစ်သော ရုပ်ဖြစ်ခြင်းကြောင့် ထိုရုပ်ကို နာမ်ရုပ်ဟူ၍ဆိုအပ်၏။

ဤသို့ ကာယကို အကြောင်းပြု၍ ရေးသား ပြသခဲ့သော်လည်း ကျန်သော မျက်စိ နား နှာ လျှာတို့မှာလည်း ထို့အတူသာဖြစ်၏။

ဆိုလိုသည်မှာ ဒွါရငါးပါး တံခါးငါးပေါက်တို့၌ မှီ၍ဖြစ်ကြသော မြင်ဆဲ ကြားဆဲ နံဆဲ ရသာနှင့်ထိဆဲတို့သည် ရုပ်မဟုတ်သေးချေ၊ ရုပ်ဟူသည်ကား ထိုမြင်ဆဲထဲမှ ဖောက်ပြန်သည့်သဘောကိုမှသာလျှင် ရုပ်ဟူ၍ဆိုအပ်၏။

ထိုကြားထဲမှ ဖောက်ပြန်သည့် သဘောကိုမှသာလျှင် ရုပ်ဟူ၍ဆိုအပ်၏။

ထိုနံဆဲထဲမှ ဖောက်ပြန်သည့် သဘောကို သာလျှင် ရုပ်ဟူ၍ ဆိုအပ်၏။

ထိုရသထဲမှ ဖောက်ပြန်သည့် သဘောကိုမှသာလျှင် ရုပ်ဟူ၍ဆိုအပ်၏။

ထိုထိဆဲသဘောထဲမှ ဖောက်ပြန်သည့် သဘောကိုမှ သာလျှင် ရုပ်ဟူ၍ဆိုအပ်၏။

ထိုကြောင့် မြင်ဆဲ ကြားဆဲ နံဆဲ အရသာနှင့် ထိဆဲတို့ကို ရုပ်ဟူ၍ ယူခြင်းသည် သမုတိ အယူသာ ဖြစ်၏၊ ထိုအထဲမှ ဖောက်ပြန်သော သဘောသက်သက် တို့ကို ရုပ်ဟူ၍ယူမှသာလျှင် ပရမတ္ထအယူဖြစ်၏။

တနည်း ၎င်းရုပ်တို့ကို အဖဘုရား ဟောထားတော်မူခဲ့သော ပါဠိစကားအရ ဒိဋ္ဌရုပ် သုတရုပ် မုတရုပ်စသော အားဖြင့် ဟောကြားတော်မူခဲ့ခြင်းကြောင့် ထိုစကားအရ တကယ်တမ်း အားထုတ်၍ ရှုကြည့်သောအခါ ညာဏ်ဖြင့် ခြားနားပြီး ပညာနှင့် ထိုးဖောက်၍ သိရသည်မှာမြင်ဆဲ သဘောကိုသာ ပါဠိလို ဒိဋ္ဌဟူ၍ဆိုအပ်၏။

ထိုမြင်ဆဲသဘောထဲမှ ဖောက်ပြန်သည့်သဘောကိုသာ ပါဠိလို ရုပ်ဟူ၍ ဆိုအပ်၏၊ ထိုကြောင့် မြင်သောက သတ်သတ်၊ ထိုမြင်သဘောထဲမှ ဖောက်ပြန်သောက သတ်သတ်၊ ထိုမြင်သဘောဟူသော ဒိဋ္ဌနှင့် ဖောက်ပြန် သဘောဟူသော ရုပ်ကို ဒွန်တွဲပြီး ပါဠိလို ဒိဋ္ဌရုပ်ဟူ၍ ဆိုအပ်၏။

သို့မို့ကြောင့် မြင်သဘောဟူသောဒိဋ္ဌသည် ဖောက်ပြန် သဘောဟူသောရုပ်မဟုတ်။

ဖောက်ပြန်သော ဟူသော ရုပ်သည်လည်း မြင် သဘောဟူသော ဒိဋ္ဌမဟုတ်။

ဒိဋ္ဌဟူသော မြင်သဘောနှင့် ထိုအထဲမှ ရုပ်ဟူသော ဖောက်ပြန်သဘောတို့ကို ခြားနား၍ သိအပ်ကြပေကုန်၏။

သုတရုပ်ဟူသည်ကား ကြားဆဲသဘောကိုသာ ပါဠိလို သုတဟူ၍ ဆိုအပ်၏။

ထိုကြားဆဲ သဘောထဲမှ ဖောက်ပြန်သည့် သဘော ကိုသာ ပါဠိလိုရပ်ဟူ၍ဆိုအပ်၏။

ထိုကြောင့် ကြားသဘောက သတ်သတ် ထိုကြား သဘောထဲမှ ဖောက်ပြန်သဘောက သတ်သတ်ကို ကြား သဘောဟူသော သုတနှင့် ဖောက်ပြန်သဘောဟူသော ရပ်ကိုဒွန်တွဲပြီး ပါဠိလိုသုတရပ်ဟူ၍ဆိုအပ်၏။

သို့မို့ကြောင့် ကြားသဘော ဟူသော သုတသည် ဖောက်ပြန်သဘောဟူသော ရပ်မဟုတ်။

ဖောက်ပြန် သဘောဟူသော ရုပ်သည်လည်း ကြား သဘောဟူသော သုတမဟုတ်။

သုဘဟူသော ကြားသဟောနှင့် ထိုအထဲမှ ရုပ်ဟူသော ဖောက်ပြန်သဘောတို့ကို ခြားနား၍သိအပ်ကြပေကုန်၏။

မုတရုပ် ဟူသည်ကား နံသဘော လျက်သဘော ထိသဘောတို့ကိုသာ ပါဠိလို မုတဟူ၍ ဆိုအပ်၏၊ ထို ထိတွေ့ဆဲသဘောထဲမှ ဖောက်ပြန်သည့် သဘောကိုသာ ပါဠိလိုရုပ်ဟူ၍ဆိုအပ်၏။

ထိုကြောင့် ထိတွေ့ဆဲ သဘောကသတ်သတ် ထိုထိ တွေ့ဆဲသဘောထဲမှ ဖောက်ပြန် သဘောက သတ်သတ် ထိုထိတွေ့သဘောဟူသော မုတနှင့် ဖောက်ပြန်သဘော ဟူသောရုပ်ကို ဒွန်တွဲပြီး ပါဠိလို မုတရုပ်ဟူ၍ဆိုအပ်၏။

သို့မို့ကြောင့် ထိသဘောဟူသော မုတသည်ဖောက်ပြန် သဘောဟူသောရုပ်မဟုတ်။

ဖောက်ပြန်သဘောဟူသောရုပ်သည်လည်း ထိသဘောဟူသော မုတမဟုတ်။

မုတဟူသော ထိသဘောနှင့် ထိုအထဲမှ ရုပ်ဟူသော ဖောက်ပြန်သဘောတို့ကို ခြားနား၍ သိအပ်ကြပေကုန်၏။

ဤသို့ပြဆိုခဲ့ပြီးသော ခန္ဓာငါးပါးနှင့် ရုပ်နာမ်သဘောတို့ကို ပိုင်းခြားကန့်သတ်၍ ဉာဏ်ဖြင့် မြင်ပြီးပညာနှင့် သိရှိစေခြင်းငှာ ရှေးဦးစွာ သတိပဋ္ဌာန်အလုပ်ကို အားထုတ်ရမည်ဖြစ်၏။

သတိပဋ္ဌာန်အားထုတ်နည်း

ခြောက်ပေါက် ခြောက်ဒွါရ၌ သတိပဋ္ဌာန်ပွားများရပုံမှာ ၎င်းခြောက်ပေါက် ခြောက်ဒွါရတို့၌ ဖြစ်ပေါ်ကြသော ပစ္စုပ္ပန်မြင်ဆဲ အပေါ်၌ အာရုံကို သတိဖြင့် ကပ်ထားခြင်းသည်သာလျှင် သတိပဋ္ဌာန်မည်၏။

ပစ္စုပ္ပန်ကြားဆဲအပေါ်၌ အာရုံကိုသတိဖြင့် ကပ်ထားခြင်းသည်သာလျှင် သတိပဋ္ဌာန်မည်၏။

ပစ္စုပ္ပန်နံဆဲအပေါ်၌ အာရုံကို သတိဖြင့် ကပ်ထားခြင်းသည်သာလျှင် သတိပဋ္ဌာန်မည်၏။

ပစ္စုပ္ပန်လျက်ဆဲအပေါ်၌ အာရုံကိုသတိဖြင့် ကပ်ထားခြင်းသည်သာလျှင် သထိပဋ္ဌာန်မည်၏။

ပစ္စုပ္ပန်ထိဆဲအပေါ်၌ အာရုံကိုသတိဖြင့် ကပ်ထားခြင်းသည်သာလျှင် သတိပဋ္ဌာန်မည်၏။

ပစ္စုပ္ပန်သိဆဲအပေါ်၌ အာရုံကို သတိဖြင့် ကပ်ထား ခြင်းသည်သာလျှင် သတိပဋ္ဌာန်မည်၏။

ဤသို့ သတိပဋ္ဌာန်အလုပ်တို့ကို ပွားများအားထုတ်ရာ ပစ္စုပ္ပန်ပေါ်ဆဲ အခါတိုင်း၌ အာရုံတို့ကို မြဲမြံခိုင်ခဲ့စွာ သတိဖြင့် ထာဝစဉ် ကပ်ထားနိုင်စွမ်း သတိနှင့်ပြည့်စုံပြီးမှ တဖန်ထိုသတိနှင့် မြဲမြံစွာ ကပ်ထားသော အာရုံတို့သည် ဘယ်ကိုမှမပျံ့လွင့်စေဘဲ ထပ်မံပြီး ထာဝစဉ် စောင့်ထိန်း မှုကိုသာလျှင် သီလဟူ၍ဆိုအပ်၏။

ထိုစောင့်ထိန်းမှု တည်းဟူသော သီလနှင့်ပြည့်စုံသော အခါ အာရုံတို့သည် ငြိဝပ်၍နေလေတော့၏၊ ထိုငြိဝပ်၍ နေသော အာရုံပေါ်မှာမှီပြီး တည်ကြည်မှု အသိတို့သည် ဖြစ်ပေါ်၍ လာကြပြန်ပေ၏၊ ထိုဖြစ်ပေါ်၍ လာသော တည်ကြည်မှုအသိကိုသာလျှင် သမာဓိဟူ၍ဆိုအပ်၏။

ထိုသို့သော ခြောက်ပေါက်ခြောက်တံခါးတို့၌ ပစ္စုပ္ပန် ဖြစ်ပေါ်ဆဲ အခါတိုင်း မြဲမြံသောသတိနှင့် ပြည့်စုံပြီး သည့်နောက် အာရုံတို့ မပျံ့လွင့်အောင် စောင့်ထိန်းမှု သီလနှင့် တည်ကြည်မှုအသိသမာဓိ ၎င်းသီလနှင့် သမာဓိ အကျိုးနှစ်မျိုး ရရှိအောင် အားထုတ်မှုသည် သာလျှင် သမထအလုပ်ဖြစ်၏။

ထိုသမထအလုပ်ကို အားထုတ်၍ အကျိုး သီလနှင့် သမာဓိနှစ်မျိုး ပြည့်စုံပြီးမှသာလျှင် ပညာအသိဖြစ်အောင် အနုပဿနာအလုပ်ကို တဖန်ထပ်မံပြီး အားထုတ်ရမည် ဖြစ်၏။

နုပသနာအားထုတ်နည်း

နုပသနာ အားထုတ်ပုံမှာ ပြဆိုခဲ့ပြီးသော ခြောက်ပေါက် ခြောက်ဒွါရတို့၌ သတိကပ်စရာဖြစ်သော ပစ္စုပ္ပန်မြင်ဆဲအခါတိုင်း သတိကပ်စရာဖြစ်သော ပစ္စုပ္ပန်ကြားဆဲအခါတိုင်း သတိကပ်စရာဖြစ်သော ပစ္စုပ္ပန်နံဆဲအခါတိုင်း သတိကပ်စရာဖြစ်သော ပစ္စုပ္ပန်လျက်ဆဲအခါတိုင်း သတိကပ်စရာဖြစ်သော ပစ္စုပ္ပန်ထိဆဲအခါတိုင်း သတိကပ်စရာဖြစ်သော ပစ္စုပ္ပန်သိဆဲ အခါတိုင်းတို့အထဲမှ စုပေါင်းမှုငါးခုတည်းဟူသော ခန္ဓာငါးပါးနှင့်-

ဖောက်ပြန်မှု
ပြုပြင်မှု
ခံစားမှု
မှတ်မှု

သိမှုတည်းဟူသော ရုပ်နာမ် သဘောတို့ကို ကွဲပြားခြားနားစွာ ညှာဖြင့်မြင်၍ ပညာနှင့်သိအောင် ကြိမ်ဖန်များစွာ သုံးသပ် ပွားများမှသည် သာလျှင် နုပသနာအလုပ်မည်၏။

ထို ကြိမ်ဖန် များစွာ သုံးသပ် ပွားများမှ ဟူသော နုပသနာအလုပ်ကြောင့် သတိကပ်ထားသော မြင်ဆဲ ကြားဆဲ နံဆဲ လျက်ဆဲ ထိဆဲ သိဆဲတို့အထဲမှ သုံးသပ် ပွားများစရာဖြစ်သည့် အရှုခံဖြစ်သော ခန္ဓာငါးပါးနှင့် ရုပ်နာမ်သဘောတို့ကို ကွဲပြား ခြားနားစွာ ထိုးထွင်း၍ မြင်မှုသည် သာလျှင် ဝိပသနာညာဏ် မည်၏၊ အပြား

အားဖြင့် ထိုးဖောက်ပြီး သိမှုသည်သာလျှင် ပညာအသိ မည်၏။

ထို့ကြောင့် အားထုတ်မှုကတော့ သတိပဋ္ဌာန်နှင့် နုပဿနာ၊ တနည်း သမထနှင့်ဝိပဿနာ-

အရှုခံကတော့ ခန္ဓာ ငါးပါးနှင့် ရုပ်နာမ်၊နာမ်သဘော တို့ကား-

အကျိုး ရရှိတာကတော့ သီလ သမာဓိ ပညာ သုံးသိက္ခာဟူ၍ စပ်ဆိုစရာ အလွန်ကောင်းပေတော့၏။

မှတ်ချက်။ ။ယောဂီတို့ နဂိုခန္ဓာ ရုပ်နာမ်တို့နှင့် အဝိခန္ဓာ ရုပ်နာမ်တို့ကိုလည်းခြားနား၍ သိအပ်ကြပြန်ပေ၏၊ နဂိုခန္ဓာ ရုပ်နာမ်တို့ဟူသည်မှာ အမေမွေးသည့် နွေမှစ၍ သေသည့်အထိ ဤကာယကိုယ်အတွင်း၌ အမြဲတစေ ဖြစ်ပျက်နေသော နဂိုခန္ဓာ ရုပ်နာမ်တို့သည် လူတို့သေမှ ချုပ်ပျောက်မည့် နဂိုခန္ဓာ ရုပ်နာမ်တို့ပေတည်း။

ထိုနဂိုခန္ဓာ နဂိုရုပ်နာမ်တို့၌ ကိလေသာတို့မှိ၍ မဖြစ်ခြင်းကြောင့် မရှုရသောခန္ဓာ ရုပ်နာမ်တို့မည်၏၊ ထိုခန္ဓာ ရုပ်နာမ်တို့ကို ရှုကြသော်လည်း နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းမဖြစ်ပေ။

အဝိခန္ဓာနှင့် အဝိရုပ်နာမ်ဆိုသည်မှာ အပြင်ဘက်က အတိုက်ခတ် ခြောက်ပါးနှင့် အတွင်းထဲမှ အခံခတ် ခြောက်ပါးတို့ တိုက်ခတ်တိုင်း ပစ္စုပ္ပန်ဖြစ်ပေါ်သဲ့ခန္ဓာ ရုပ်နာမ်တို့သည်သာလျှင် အဝိခန္ဓာ ရုပ်နာမ်တို့မည်၏။

ထိုအဝိဓန္ဓာ အဝိရုဝ်နာမ်တို့ ဖြစ်ကြဆဲအခါ၌သာလျှင် ကိလေသာတို့မှီ၍ ဖြစ်ကြခြင်းဖကြောင့်မြင်အောင်သိအောင် ရှုရသော ခန္ဓာရုပ်နာမ်တို့ မည်ကုန်၏၊ ထိုအဝိဓန္ဓာနှင့် အဝိရုဝ်နာမ်တို့ကို ရှုကြမှသာလျှင် နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းအစစ်ဖြစ်၏။

ဂင်းပြဆိုခဲ့ပြီးသော ခန္ဓာသတော ရုပ်သတော နာမ်သတောဖြစ်ဆဲများကို ဝိပသနာညာဏ်ဖြင့် မြင်ရသည်မှာ သန္ဓါသီး ဖရုံသီး ဘူးသီးတို့ကို ပကတိမျက်စိနှင့် မြင်ရဘိသကဲ့သို့ မြင်နိုင်သိနိုင်ကြပေကုန်၏။

ထိုသို့သော သတိပဋ္ဌာန်နှင့် နုပသနာ၊ ဇာနည်းသမထနှင့် ဝိပသနာ အလုပ်တို့ကို သုံးသပ် ပွားများအားထုတ်မှုကြောင့် အကျိုးရရှိသော သိလ သမာဓိ ပညာသုံးသိက္ခာဖြင့် ထပ်မံပြီး ရှုပွားပြန်ရာ-

ခြောက်ပေါက် ခြောက်ဒွါရတို့၌ မြင်ဆဲကို အကြောင်းပြု၍ ပစ္စုပ္ပန်ခန္ဓာငါးပါးနှင့် ရုပ်သတော နာမ်သတော။

ကြားဆဲကို အကြောင်းပြု၍ ပစ္စုပ္ပန်ခန္ဓာငါးပါးနှင့် ရုပ်သတော နာမ်သတော။

နံဆဲကို အကြောင်းပြု၍ ပစ္စုပ္ပန် ခန္ဓာငါးပါးနှင့် ရုပ်သတော နာမ်သတော။

လျက်ဆဲကို အကြောင်းပြု၍ ပစ္စုပ္ပန်ခန္ဓာ ငါးပါးနှင့် ရုပ်သတော နာမ်သတော။

ထိဆဲကို အကြောင်းပြု၍ ပစ္စုပ္ပန်ခန္ဓာ ငါးပါးနှင့် ရုပ်သဘော နာမ်သဘော။

သိဆဲကို အကြောင်းပြု၍ ပစ္စုပ္ပန်ခန္ဓာ ငါးပါးနှင့် ရုပ်သဘော နာမ်သဘောတို့သည် တခဏအတွင်း၌ ဖြစ်ရာမှ တည် တည်ရာမှပျက်ပြီး ချုပ်ပျောက်ကုန်ကြ၏။

ထိုချုပ်ပျောက်ကုန်ခန်းကြသော ရုပ်နာမ်ခန္ဓာသဘော သက်သက်တို့သည် မရှိသော နေရာမှ ဖြစ်ပေါ်ကြပြီး မရှိသော နေရာသို့ ချုပ်ပျောက်သွားကြဒါပဲ'ါကလား။

ဩော်-ပျက်ဓဲ့သဘောတွေဖြစ်လို့ ဖြစ်နေတဲ့ သဘောတွေသာလျှင် ပျက်ကုန်ကြပါတကား။

ထိုခြောက်ပေါက် ခြောက်တံခါးမှခဏမစဲ တသဲသဲဖြင့် မပြတ်ဒလစဉ်ဖြစ်လိုက် တည်လိုက်၊ ပျက်လိုက် ချုပ်လိုက်နှင့် ရုပ်တည်လို့မရသော ရုပ်နာမ် ခန္ဓာသဘောတွေပါ့ တကား၊ အမြဲမရှိတဲ့ သဘောတွေပါတကား၊ ဆင်းရဲစရာသဘောတွေပါတကား၊ မည်သူ့ မျက်နှာကိုမှ မထောက်ထားဘဲ အလိုသို့မလိုက် အစိုးမရတဲ့ ရုပ်နာမ် ခန္ဓာသဘောတွေပါတကား။

ဩော်- ယခုပစ္စုပ္ပန်ဖြစ်ဆဲ ရုပ်နာမ်ခန္ဓာသဘောတွေဖြစ် တည် ပျက် ချုပ်ပြီး အမြဲမရှိဆုံးရှုံး အတိတ်ဆိုတဲ့ ဖြစ်ပြီးရုပ်နာမ်ခန္ဓာ သဘောတွေလဲ ဖြစ် တည် ပျက်ပြီး ချုပ်ပျောက် လာခဲ့ပါတကား၊ ဩော်- အနာဂတ်ဆိုတဲ့ နောင်ဖြစ်ဓဲ့ ရုပ်နာမ် ခန္ဓာသဘောတွေလဲ ဒီလိုဘဲ ဖြစ် တည် ပျက်ပြီး၊ ချုပ်ပျောက်ကုန်ဦးမှာဘဲ-ဟု အတိတ်

ပစ္စုပ္ပန် အနာဂတ် ဟူသော ကာလသုံးပါးကို မြင်ရ သိရ၍ ထိုကာလသုံးပါးမှ လွန်မြောက်စေခြင်းငှာ ၎င်း ကာလသုံးပါးနှင့် ဆက်စပ်နေသော အာရုံကို မိမိအား ထုတ်၍ ပြည့်စုံ ထားသော အထွဋ် အထိပ် ဖြစ်သည့် ဝိပဿနာတို့၏ ရင့်သန်သောဉာဏ်နှင့် ယှဉ်တဲ့ ပညာ အသိက တမူဟုတ်ချင်း ပယ်ဖြတ်သည်နှင့် တပြိုင်နက် လောက သုံးပါးမှ လွန်မြောက်ပြီး၊ အတွင်း ဖြစ်ပျက် လောကနှင့် အပြင် ဖြစ်ပျက်လောက နှစ်ဌာနမှလွတ်၍ နဂိုပကတိချုပ်ဖြစ်သော အသင်္ခတသဘောသို့ ဆိုက်ရောက် လေတော့သတည်း။

ဤကား ခြောက်ပေါက် ခြောက်တံခါးဌ သတိပဋ္ဌာန် နုပဿနာရှုနည်းပြီး၏။

အာနာပါနပြဆိုခန်း

အာနာပါန သတိပဋ္ဌာန် နုပဿနာအလုပ်ဖြင့် ဓာတ် သဘော မဟာဘုတ်သဘော ခန္ဓာသဘော ရုပ်သဘော နာမ်သဘောတို့ကို ထိုးဖောက်ပြီး အနိစ္စ ဒုက္ခ အနတ္တ တည်းဟူသော လက္ခဏာဉာဏ်တို့နှင့် မဂ်ဖိုလ် နိဗ္ဗာန်သို့ ဆိုက်ရောက် စေခြင်းငှာ လုံ့လ ဝီရိယတို့ဖြင့် ကျင်ကြို ကြိုးကုတ် အားထုတ်ကြသော် ယောဂီတို့ သမထအလုပ် ကိုပင် ဝိပဿနာအလုပ်ဟူ၍ ထင်မှတ်တတ်ကြ၏။

သို့သော်လည်း သမထအလုပ်သည် ဝိပဿနာအလုပ် မဖြစ်၊ ဝိပဿနာ အလုပ်သည်လည်း သမထအလုပ်မဖြစ် ဟူ၍ခြားနားပြီး ရှေးဦးစွာ သိအပ်ကြပေကုန်၏။

သမထအလုပ် ဟူသည်ကား တရား ထိုင်သည်မှစ၍ ပရိကမ္မ သမာဓိနှင့် ဥပစာရ သမာဓိ သမ္မာ သမာဓိ ကေဝလတာ သမာဓိများဖြစ်အောင် အာရုံကို တည်ငြိမ် စေခြင်းငှာ သိမ်းဆည်းခြင်း စောင့်ထိန်းနေမှု အလုပ်သည် သာလျှင် သမထအလုပ်ဖြစ်၏။

ဝိပဿနာအလုပ် ဟူသည်ကား ထိုကေဝလာသမာဓိ ဖြစ်ပြီးမှ သမထအလုပ်မှ လွန်မြောက်စေခြင်းငှာ ဝိပဿနာ ဉာဏ်၏အစဖြစ်သော ခဏိကသမာဓိဖြစ်အောင် ခွဲခြားပြီး ရှုပွားခြင်း ၎င်းခဏိက သမာဓိ ဖြစ်ပြီးမှသာလျှင် ဓာတ် သဘော ဘုတ်သဘော ခန္ဓာသဘော ရုပ်သဘော နာမ် သဘောတို့ကို ကွဲပြား ခြားနားစွာ ထိုးဖောက်၍ ဝိပဿနာဉာဏ်ဖြင့်မြင်ပြီး ပညာနှင့်ထိုးထွင်း၍ သိရှိစေ ခြင်းငှာ သုံးသပ်ပွားများရမည်ဖြစ်၏။

ထိုသို့ သုံးသပ် ပွားများကြိမ်မှသာလျှင် အရှုခံဖြစ်သော ရုပ်နာမ်ခန္ဓာသဘောတို့ကို ကွဲပြားခြားနား၍ အနိစ္စ ဒုက္ခ အနတ္တ တည်းဟူသော လက္ခဏာဉာဏ်ဖြစ်ပြီး မဂ်ဖိုလ် နိဗ္ဗာန်သို့ ဆိုက်ရောက်သော လမ်းကြောင်းကြီး အစစ် အမှန်ဖြစ်ပေ၏။

ပရိကံယူနည်း

တရားအားမထုတ်မီ ရှေးဦးစွာ သဒ္ဓါစိတ်ဖြင့် ဘုရားကို ကန်တော့ကြပြီး ငါးပါးသီလ ရှစ်ပါးသီလ အစရှိသည် တို့ကို ဆောက်တည်၍ မိမိတို့၏နှုတ်ဖြင့် ဤသို့ ဆိုပါလေ။

မြတ်စွာဘုရား ဘုရားတပည့်တော်၏ သီသေ-ဥက္ကောင်း ထက်၌ ကျောင်းတော်အမှတ်ဖြင့် သီတင်းသုံး၍ ကိန်းဝပ် တည်နေတော်မူပါ အရှင်မြတ်ကြီးဘုရား။

မြတ်စွာဘုရား ဘုရားတပည့်တော်သည် အနန္တော အနန္တငါးပါးတို့နှင့်တကွ အရိယာ သူတော်ကောင်းတို့၏ အပေါ်၌ ကာယကံမှု ဝစီကံမှု မနောကံမှုများ ပြစ်မှား လွန်ကြူးမိသည်ရှိသော် ထိုအပြစ်တို့ကို ဘုရားတပည့် တော်အား ခွင့်လွှတ်တော်မူပါအရှင်ဘုရား။

ဘုရားတပည့်တော်၏ အပေါ်၌ အခြားသော ပုဂ္ဂိုလ် တို့က ကာယကံမှု ဝစီကံမှု မနောကံမှုများ ပြစ်မှား လွန်ကြူးမိခဲ့သော် ထိုအပြစ်တို့ကိုလည်း ဘုရားတပည့် တော်ကတဖန် ခွင့်လွှတ်ပါတယ် အရှင်ဘုရား။

မြတ်စွာဘုရား ဘုရားတပည့်တော်သည် ယခု တရား အားထုတ်ဆဲအခါမှစ၍ နိဗ္ဗာန်သို့ရောက်သည့်တိုင်အောင် နိဗ္ဗာန်ကိုရည်မှန်း၍ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို မြတ်စွာဘုရားအား လျှဒါန်းပါတယ် အရှင်ဘုရား။

ကမ္မဋ္ဌာန်းဆရာ ဖြစ်တော်မူသော (ဘဲဥအမည်ကို ထည့် ဆိုပါ) အရှင်သူမြတ်ကြီးဘုရား၊ ဘုရားတပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို အရှင်ဘုရားအား လျှဒါန်းပါတယ်အရှင်ဘုရား၊ ခန္ဓာငါးပါးနှင့် ရုပ်နာမ် တရားတို့ကို လျှဒါန်းရသော အကြောင်းကြောင့် အရှင် ဘုရားတို့သိတော်မူအပ်သော တရားထူး တရားမြတ်များကို

ဘုရား တပည့်တော်အား ချီးမြှင့် ပေးသနားတော်မူပါ အရှင်ဘုရား။

ဘုရား၏အလိုတော်ကျ တရား၏အလိုတော်ကျ သံဃာတော်၏ အလိုတော်ကျ ဆရာသမား၏ အလိုတော်ကျ ယခုအချိန်မှစ၍ ယုံကြည်လေးစားစွာ ကျင့်ကြံ ကြိုးကုတ်အားထုတ်ပါမည် အရှင်သူမြတ်ကြီးတို့ ဘုရား။

တရားထိုင်နည်း

ယောဂီတို့ တရားထိုင်သည့်အခါ ဒါယကာကြီးတွေဘဲဖြစ်စေ၊ ဒါယိကာမကြီးတွေဘဲဖြစ်စေ၊ တင်ပလ္လင်ခွေ၍ ထိုင်ထိုင် ခြေထောက်နှစ်ခုကို ခွေ၍ဘဲထိုင်ထိုင် ကြွဲ့ကြွဲ့ဘဲ ထိုင်ထိုင် ထိုင်တတ်သလိုထိုင်ပါ၊ သို့သော် ထိုင်သည့်အခါ ပျံ့လွင့်နေသောအာရုံကို သတိဖြင့်သိမ်း၍ မိမိ၏ တင်ပါးအောက်သို့ ကပ်ထားပါ၊ ထိုအခါ အာရုံသည် တင်ပါးအောက်၌ ရောက်ရှိနေပါသည်၊ ၎င်းတင်ပါးကိုလည်း မတိမ်းမစောင်းစေဘဲ ချိန်ကိုက်ပြီး ညှိမျှစွာ ပဋိပဒါကျအောင်ထားပါ၊ တင်ပါး၏ပြဘွယ်ကိစ္စ ပြီး၏။

၎င်းတင်ပါး၏ ပြဘွယ်ကိစ္စ ပြီးပြန်သော် တဖန် ထို တင်ပါးပေါ်မှ အာရုံကို သတိဖြင့်သိမ်း၍ လက်ပေါ်သို့ ကပ်ထားပါ၊ ထိုအာရုံသည် လက်ပေါ်၌ ရောက်ရှိနေပါသည်၊ ၎င်းလက်နှစ်ဘက်တို့ကိုလည်း ထားတတ်သလို ချိန်ကိုက်ပြီး ညှိမျှစွာ ပဋိပဒါကျအောင်ထားပါ၊ လက်နှစ်ဘက်၏ပြဘွယ်ကိစ္စပြီး၏။

ဂင်းလက်နှစ်ဘက်၏ ပြုဘွယ်ကိစ္စ ပြီးပြန်သော် တဖန် ထိုလက်ပေါ်မှ အာရုံကို သတိဖြင့်သိမ်း၍ ခါးပေါ်သို့ ကပ်ထားပါ။ ထိုအခါအာရုံသည် ခါးပေါ်၌ ရောက်ရှိနေပါသည်၊ ဂင်းခါး၏ အနေ အထားကိုလည်း မတိမ်း မစောင်းစေဘဲ ဖြောင့်ဖြောင့်မတ်မတ်ချိန်ကိုက်ပြီး ညီမျှစွာ ပဋိပဒါကျအောင်ထားပါ၊ ခါး၏ပြုဘွယ်ကိစ္စပြီး၏။

ဂင်းခါး၏ပြုဘွယ်ကိစ္စ ပြီးပြန်သော် တဖန်ထိုခါးပေါ်မှ အာရုံကို သတိဖြင့် သိမ်း၍ ကျောကုန်းပေါ်သို့ ကပ်ထားပါ၊ ထိုအခါ အာရုံသည် ကျောကုန်း ပေါ်၌ ရောက်ရှိနေပါသည်၊ ဂင်းကျောကုန်း၏ အနေအထား ကိုလည်း မတိမ်း မစောင်းစေဘဲ ဖြောင့်ဖြောင့်မတ်မတ် ချိန်ကိုက်ပြီး ညီမျှစွာ ပဋိပဒါကျအောင်ထားပါ၊ ကျောကုန်း၏ပြုဘွယ်ကိစ္စပြီး၏။

ဂင်း ကျောကုန်း၏ ပြုဘွယ်ကိစ္စ ပြီးပြန်သော် တဖန် ထိုကျောကုန်းပေါ်မှအာရုံကို သတိဖြင့် သိမ်း၍ ဦးခေါင်း ပေါ်သို့ကပ်ထားပါ၊ ထိုအခါအာရုံသည် ဦးခေါင်းပေါ်၌ ရောက်ရှိ နေပါသည်၊ ဂင်း ဦးခေါင်း၏ အနေအထား ကိုလည်း မတိမ်းမစောင်းစေဘဲ ဖြောင့်ဖြောင့်မတ်မတ် ချိန်ကိုက်ပြီး ညီမျှစွာပဋိပဒါကျအောင်ထားပါ၊ဦးခေါင်း၏ ပြုဘွယ်ကိစ္စပြီး၏။

ဂင်းဦးခေါင်း၏ ပြုဘွယ်ကိစ္စ ပြီးပြန်သော် တဖန်ထို ဦးခေါင်းပေါ်မှအာရုံကို သတိဖြင့်သိမ်း၍ မျက်စိပေါ်သို့ ကပ်ထားပါ၊ ထိုအာရုံသည် မျက်စိပေါ်၌ ရောက်ရှိနေ

ပါဒသည်၊ ၎င်းမျက်စိ၏ အနေအထားကိုလည်း ရှေ့မှာ တခုခုကို မြင်နိုင်စေခြင်းငှာ မျက်စိကို ဖွင့်မထားပါနှင့်၊ ထိုမျက်စိထဲ၌မှောင်ပြီးမဲနေအောင် မျက်စိကိုတအားလည်း ပိတ်မထားပါနှင့်၊ အိပ်နေသည့်အခါမှာ မိမိ၏ လုံ့လ စိုက်ထုတ်ခြင်း မပါရှိဘဲ အသာကလေး ဝိတ်ထားသလို ချိန်ကိုက်ပြီးညီမျှစွာ ပဋိပဒါကျအောင် မျက်စိကို ဝိတ်ထားပါ၊ မျက်စိ၏ပြုဘွယ်ကိစ္စပြီး၏။

၎င်းမျက်စိ၏ပြုဘွယ်ကိစ္စပြီးပြန်သော်တဖန်မျက်စိပေါ်မှ အာရုံကို သတိဖြင့် သိမ်း၍ နာသီးဝသို့ ကပ်ထားပါ၊ ထိုအခါ အာရုံသည် နာသီးဝ၌ ရောက်ရှိ နေပါသည်၊ နာသီးဝ၌အာရုံကို သတိနှင့်ကပ်ထားသော ပြုဘွယ်ကိစ္စ ပြီး၏။

၎င်းနာသီးဝ၏ ပြုဘွယ်ကိစ္စ ပြီးပြန်သော် တဖန် ထို နာသီးဝပေါ်မှ အာရုံကို သတိဖြင့် ပစ္စုပ္ပန်ဝင်သော ထွက်သောတို့အပေါ် သတိဖြင့်ကပ်ထားပါ၊ ထိုအခါ အာရုံသည် ပစ္စုပ္ပန်ဝင်သော ထွက်သောတို့အပေါ်၌ ရောက်ရှိ နေပါသည်၊ ၎င်း ပစ္စုပ္ပန်ဝင်ဆဲ သဘောနှင့် ထွက်ဆဲ သဘောတို့ကိုလည်း အတ္တကိလမထဖြစ်အောင် မိမိ၏အလိုဆိုးဖြင့် လုံ့လ ပယောဂအားစိုက်ပြီး လူမြင်၍ မကောင်းအောင် ဝင်သောနှင့် ထွက်သောတို့ကို ကြမ်းထန်းစွာ တအားဝင်၍ ကြမ်းထမ်းစွာ တအား ထွက်အောင်မပြုလုပ်ပါနှင့်။

၎င်း အတ္တကိလမထ ဖြစ်အောင် မိမိ၏ အလိုဆိုးဖြင့် လုံ့လ ပယောဂအားစိုက်ပြီး ထိုဝင်သောနှင့် ထွက်

သဘောတို့ကို ဖြည်းညှင်းစွာဝင်၍ ဖြည်းညှင်းစွာ ထွက်အောင်လည်း မပြုလုပ်ပါနှင့်၊ (ယောဂီတို့ စဉ်းစားပါ) မိမိတို့ အိပ်ပျော်နေသည့်အခါမှာ မိမိ၏ ကိုယ်ကောင်ကြီး ယိမ်းယိုင်စေခြင်းငှာ စိတ်နှင့်လည်းဝင်အောင် ထွက်အောင် မပြုမလုပ်၊ ထိုစိတ်ထဲမှ အလိုဆိုးနှင့်တကွ လုံ့လပယောဂ အားစိုက်ခြင်း ဝင်အောင်ထွက်အောင်လည်း မပြုမလုပ်ပါ၊ အတ္တသဘော မပါဘဲ အနတ္တ သဘော သက်သက်မျှ သာလျှင် ထိုအိပ်ပျော်နေသည့်အခါမှာ ဝင်နေကြသည် ထွက်နေကြသည်မဟုတ်ပါလား။

ဂုဏ်း အနတ္တသဘောအတိုင်း ပစ္စုပ္ပန်ဝင်ဆဲ ထွက်ဆဲတို့ အပေါ်၌ အာရုံကိုသတိဖြင့် ကပ်ထားသော ပြုဘွယ်ကိစ္စ ပြီးဆုံး၏၊

ထိုသို့ပြဆိုခဲ့ပြီးသည်အားဖြင့်လျှင် စွာ ထိုင်မှုဇာရီယာပုထ်မှ စ၍ ဝင်သဘော ထွက်သဘော သတိအာရုံတို့ကို သိမ်းဆည်း၍ လာခဲ့သော ပြုဘွယ်ကိစ္စ အကြောင်းဟူသမျှ ကိုတေ့(ပရိကံ)ဟုဆိုရ၏။

ဂုဏ်းပြုဘွယ်ကိစ္စပြီးဆုံးသော ဝင်သဘောထွက်သဘော အကြောင်းအာရုံပေါ်မှာမှီ၍ အကျိုးတည်ပြီး သိနေမှု ကိုတော့ (သမာဓိ)ဟုဆိုရ၏၊ ထိုအကြောင်း ပရိကံနှင့် အကျိုးသမာဓိကိုတွဲဖက်၍ ပရိကမ္မသမာဓိ ရရှိသည်ဟု၍ ဆိုရ၏။

မှတ်ချက်။ ။ယောဂီတို့ ဂုဏ်း ပြဆိုထားသော ပရိကမ္မ သမာဓိကိုစတင်၍ ရရှိအောင် မပြုလုပ်တတ်ပါက

ကျန်ရှိသော ဥပစာရ သမာဓိ ဆမ္မာ သမာဓိ ကေဝဋဘာသမာဓိအစရှိသည်တို့ကို ရရှိဘို့ရာမလွယ်ကူချေ။

ဤသို့ ပျံ့ကျယ်နေသောအာရုံတို့ကို မပျံ့ကျယ်စေဘဲ အာရုံတွေကျဉ်းမြောင်အောင် သိမ်းဆည်း စောင့်ထိန်းပြီး ထိုင်မှုဇရုယာပုထ်မှစ၍ ဝင်ဆင်ဘော ထွက်သဘောအထိ ပြုဘွယ်ကိစ္စပြီးဆုံးသော ၎င်း ကျဉ်းမြောင်းသည့် အာရုံပေါ်၌မှီ၍တည်ပြီး သိသောအသိတည်းဟူသော ပရိကမ္မသမာဓိ ရရှိပြီးသည့်နောက် ထပ်မံပြီး ၎င်း အာရုံတို့အတွင်းနှင့်အပြင်သို့ မပျံ့မလွင့်ရလေအောင် တဖန် စောင့်ထိန်း၍ ကြိုးစား အားထုတ်သည်ရှိသော် ထိုစောင့်ထိန်း၍ ကြိုးစား အားထုတ်မှုကြောင့် နှာသီးဝ၏ အဝန်းအဝိုင်းမှာပင် အာရုံတို့သည် ငြိမ်ဝပ်၍ နေလေတော့၏၊ ၎င်း နှာသီးဝ၏ အဝန်းအဝိုင်း၌ ငြိမ်ဝပ်၍ နေသော အာရုံပေါ်မှာ မှီငြိးအားကျိ.သိမ့်ကိုတော့ သမာဓိဟု ဆိုရ၏၊ ထို့ကြောင့် အကြောင်း ဥပစာရနှင့် အကျိုးသမာဓိကိုတွဲဖက်၍ ဥပစာရသမာဓိ ရရှိသည်ဟူ၍ ဆိုရပြန်၏။

ထို ဥပစာရ သမာဓိကို ရရှိပြီးသည့်နောက် တဖန်-အာရုံတို့ မတိမ်းမစောင်း မပျံ့မလွင့်ရလေအောင် ထပ်မံပြီး

သိမ်းဆည်း၍ စောင့်ထိန်းရပြန်၏၊ ဤသို့အာရုံကို မပျံ့လွင့်အောင် စောင့်ထိန်းနေဆဲ အခါမှာပင် ဝင်လေကာ ဓာတ်နှင့် နှာခေါင်းအကြည်ထဲမှဓာတ် တိုက်ခတ်မှုကြောင့် ထိသဘောတခု ဖြစ်ပေါ်၍လာခြင်း။

ထွက်လေထဲကဓာတ်နှင့် နှာခေါင်း အကြည်ထဲမှဓာတ် တိုက်ခတ်မှုကြောင့် ထိသဘောတခု ဖြစ်ပေါ်၍ လာခြင်း၊ ထိသို့ ဖြစ်ပေါ်၍လာသော နှာသီးဝအတွင်း ထိ-ထိနေဆဲ သဘောပေါ်သို့ အာရုံကို သတိဖြင့် မြဲမြံစွာ ကပ်၍ ၎င်း အမှန်ထိ ထိနေဆဲ သဘောပေါ်မှာ အာရုံတို့ တခြားသို့ မတိမ်းမစောင်း မပျံ့မလွင့်စေခြင်းငှာ ထပ်မံဖြိုး စောင့်ထိန်းထားရပြန်ပေ၏။

၎င်း စောင့်ထိန်းမှုကြောင့် ထိထိနေဆဲ သဘောပေါ်၌ အာရုံတို့သည် ညိမ့်၍ ကောင်းစွာ ငြိမဝပ်ပြီး နေလေ၏၊ ၎င်းငြိမဝပ်ပြီးနေသော အာရုံပေါ်မှာလည်း အသိသဘော သည် မှိ၍ တည်ပြီးသိနေပြန်ပေ၏။

ထိုသို့ ထိထိနေဆဲသဘောပေါ်၌အာရုံတို့သည် ညိမ့်၍ ကောင်းစွာငြိမဝပ်ပြီး နေသည့်အကြောင်းကိုတော့ သမ္မာဟု ဆိုရ၏၊ ၎င်းအကြောင်း အာရုံပေါ်မှာမှိပြီး အကျိုးသိနေမှုကိုတော့ သမာဓိဟု ဆိုရ၏၊ ထိုအကြောင်း သမ္မာနှင့် အကျိုးသမာဓိကိုတွဲဖက်၍ သမ္မာသမာဓိ ရရှိပြီးသည်ဟူ၍ ဆိုရပြန်ပေ၏။

ထိုသမ္မာသမာဓိကို ရရှိပြီးသည့်နောက် တခုစီ ထိထိနေဆဲသဘောပေါ်မှ အာရုံတို့ကို နဲနဲကလေးမျှ ရွှေ့လျော

တိမ်းစောင်းမှု မရှိဖြစ်ခြင်းငှာ တဖန် ထပ်မံပြီး အလွန့်အလွန် ကြပ်မတ်စွာစောင့်ထိန်း၍ ထားရပြန်ပေ၏။

အာရုံကို အလွန့်အလွန် ကြပ်ကြပ်မတ်မတ် စောင့်ထိန်းနိုင်မှုကြောင့် စောင့်ထိန်းမှုတို့သည် ပြည့်စုံ၍ လာပြန်၏၊ ထိုစောင့်ထိန်းမှုတို့ ပြည့်စုံခြင်းကြောင့် တခုစီ တခုစီ ထိထိနေဆဲ သဘောပေါ်၌ အာရုံတို့သည် တန်းတန်း မတ်မတ် ကျရောက်၍နေပြန်၏၊ ၎င်းတန်းတန်း မတ်မတ် ကျရောက်၍နေသော အာရုံမပေါ်မှာလည်း အသိ သဘောသည် မှီ၍တည်ပြီး သိနေပြန်ပေ၏။

ထိသို့ ထိထိနေဆဲသဘောကို တခုစီ တခုစီ ကိုတော့ ကေဟု ဆိုရ၏၊ ၎င်း ကေတည်းဟူသော တခုစီ တခုစီ ထိဆဲသဘောပေါ်၌ အာရုံတို့ တန်းတန်း မတ်မတ် ကျရောက်နေမှုကိုတော့ ဂတာဟု ဆိုရ၏၊ ထိုတခုတည်းဟူသော ကေနှင့် အာရုံကျရောက်မှု ဂတာတို့ကိုတွဲ၍ ကေဂတာ ဟူ၍ ဆိုရပြန်၏။

၎င်းကေဂတာ တည်းဟူသော ထိဆဲသဘော တခုစီ တခုစီအပေါ်၌ အာရုံ ကျရောက်၍ ထိကျရောက်သော အကြောင်းအာရုံပေါ်မှာ မှီ၍ အကျိုး တည်ပြီး သိနေမှုကိုတော့ သမာဓိဟု ဆိုရ၏။

ထို့ကြောင့် တခုတည်းသော သဘောပေါ်မှာ အာရုံကျရောက်မှု အကြောင်း ကေဂတာနှင့် ၎င်းကျရောက်သည့် အာရုံပေါ်မှာမှီ၍ သိမှုအကျိုး သမာဓိ နှစ်ခုကို တွဲဖက်၍ ကေဂတာ သမာဓိကိုရရှိသည်ဟူ၍ ဆိုရပြန်ပေ၏။

ဤသို့ ပြဆိုခဲ့ပြီးသော ပရိကမ္မသမာဓိကို ရရှိစေခြင်းငှာ အာရုံတို့ မပျံ့လွင့်အောင် စောင့်ထိန်းမှုကို သာလျှင် သီလဟူ၍ ဆိုရ၏။

ဥပစာရ သမာဓိကို ရရှိစေခြင်းငှာ အာရုံတို့ မပျံ့လွင့်အောင် စောင့်ထိန်းမှုကိုသာလျှင် သီလ-ဟူ၍ ဆိုရ၏။

သမ္မာသမာဓိကို ရရှိစေခြင်းငှာ အာရုံတို့ မပျံ့လွင့်အောင် စောင့်ထိန်းမှုကိုသာလျှင် သီလဟူ၍ ဆိုရ၏။

ကေဋ္ဌတာသမာဓိကို ရရှိစေခြင်းငှာ အာရုံတို့ ရွှေ့လျော်တိမ်းစောင်းခြင်းမရှိအောင် အလွန်အလွန် ကြပ်ကြပ် မတ်မတ် စောင့်ထိန်းနိုင်မှုကိုသာလျှင် အဓိသီလ ဟူ၍ ခေါ်ဆိုရခြင်းကြောင့်-

ပရိကမ္မသမာဓိနှင့် ယှဉ်၍ဖြစ်သော သီလကတမျိုး။
ဥပစာရသမာဓိနှင့် ယှဉ်၍ဖြစ်သော သီလကတမျိုး။
သမ္မာသမာဓိနှင့် ယှဉ်၍ဖြစ်သော သီလကတမျိုး။
ကေဋ္ဌတာ သမာဓိနှင့် ယှဉ်၍ဖြစ်သော အဓိသီလကတမျိုး-

ဟူ၍ သီလနှင့် သမာဓိအကျိုး အမျိုးမျိုးတို့ကို ရရှိ၍ ချမ်းသာအဘိညာဏ်တို့အထိ ရရှိအောင် ပြုလုပ်အားထုတ်မှုတို့သည် သမထအလုပ်သာလျှင်ဖြစ်၏။

မှတ်ချက်။ ။ဃောဂိတို့-ဌင်း သမထအလုပ်ကို အားထုတ်မှုကြောင့် သီလနှင့် သမာဓိအကျိုး အမျိုးမျိုးတို့ကို ရရှိ၍ အဓိသီလနှင့် ကေဋ္ဌတာ သမာဓိကို ရရှိပြီး

ဖြစ်သော ယောဂီတို့သည် ဝိပဿနာပညာကို ရရှိစေခြင်းငှာ ဗျာန်အာဘိညာဏ် စခန်းတို့ကို မတက်မလှမ်းဘဲ သမထကေဝ်တာ သမာဓိမှ လမ်းခွဲ၍ ပြောင်းပြီး ဝိပဿနာညာဏ်၏အစဖြစ်သော ခဏိကသမာဓိတို့ကို ရရှိအောင် တဖန်ထပ်မံ၍ အားထုတ်ပွားများရခြင်းမည်ပြစ်၏။

ခဏိကသမာဓိရှုနည်း

ဂုင်းဝိပဿနာညာဏ်၏ အစဖြစ်သော ခဏိကသမာဓိကို ရရှိအောင် အဘယ်ကဲ့သို့ ထပ်မံပြီး ရှုပွားရမည်နည်းဟု ဆိုရသော် ဂုင်းထိထိနေသော သဘောပေါ်မှာ အာရုံကျရောက်၍ တည်ငြိမ်ပြီး သိသိနေရာမှ ထိုသိစရာရှိသော အာရုံကျရောက်သည့် ထိသဘော၏အစ အလယ် အဆုံးတို့ကိုတဖန်ထပ်မံပြီး သုံးသပ်ပွားများရမည်ပြစ်၏။

ထိုသို့သုံးသပ်ပွားများ၍ ထိသဘောတို့အထဲမှ ထိမှု၏အစ ထိမှု၏အလယ် ထိမှု၏အဆုံး ဂုင်းအစ အလယ်အဆုံး သဘောသုံးခုတို့ကိုသာလျှင် ခဏငယ်သုံးချက်ဟုခေါ်ဆိုရ၏။

ထိုခဏငယ် သုံးချက်ပေါ်မှာ အာရုံကို သတိ်ဖြင့် ကပ်ထားခြင်းကြောင့် ခဏငယ် သုံးချက်ပေါ်မှာ အာရုံတို့သည် ငြိမ်ဝပ်၍နေလေ၏။

ထိုငြိဝပ်၍ နေသော အာရုံပေါ်မှာလည်း အသိသဘောသည် တည်ငြိုး သိနေလေ၏၊ ဤသို့ အကြောင်း

ခဏငယ်သုံးချက်နှင့်ယှဉ်သော အာရုံပေါ်မှာမှီ၍ အကျိုးသိနေမှုကိုတော့ သမာဓိဟုဆိုရ၏။

ဌင်းအကျိုးသမာဓိ၏ အာရုံယှဉ်နေသော အခြောင်းခဏငယ်သုံးချက်ကိုတော့ ခဏိကဟုခေါ်ဆိုရခြင်းကြောင့် ထိုအခြောင်း ခဏိကနှင့် အကျိုးသမာဓိကိုသာတွဲဖက်၍ ခဏိကသမာဓိကို ရရှိသည်ဟူ၍ ခေါ်ဆိုရပြန်၏၊ သို့မှသာလျှင် သမထနယ်မှ လွန်မြောက်၍ ဝိပဿနာနယ်၏ လမ်းစဖြစ်သော ခဏိကသမာဓိမည်၏။

ထိုသမထမှလွန်မြောက်၍ ဝိပဿနာဉာဏ်၏လမ်းအစဖြစ်သော ခဏိက သမာဓိကို ရရှိပြီးသည့်နောက် တဖန်ထပ်မံပြီး သတိကပ်၍သုံးသပ် ပွားများရမည်မှာ မိမိ၏အတွင်းထဲမှလေသည် ထွက်၍သွား၏၊ အဘယ့်ကြောင့် ထိုလေသည်ထွက်၍ သွားပါသနည်း၊ မိမိ၏အတွင်းထဲမှ (ကန်)သဘောကြောင့်သာလျှင် လေသည်ထွက်၍သွား၏။

ထိုထွက်လေထဲမှာလည်း နွေးသဘောပါရှိ၏၊ ထိုထွက်လေထဲမှာ ပါရှိသော နွေးသဘောဓာတ်နှင့် နှာခေါင်းအကြည်ဓာတ် တိုက်ခတ်မှုကြောင့် နူးနူးညံ့ညံ့ ထိ၏၊ ထိပြီးလျှင် ဌင်းထိသဘောနှင့် နူးညံ့သဘောတို့သာလျှင် ချုပ်ပျောက်ကြပြန်၏။

တဖန် အပြင်ဘက်က လေသည် ဝင်၍ လာလေ၏၊ အဘယ့်ကြောင့် ထိုလေသည်ဝင်၍လာပါသနည်း၊ မိမိ၏အပြင်ဘက်က(တွန်း) သဘောကြောင့်သာလျှင် လေသည် ဝင်၍လာ၏။

ထိုဝင်လေထဲမှာလည်း အေးသဘော ပါရှိ၏၊ ထိုဝင်လေထဲမှာပါရှိသော အေးသဘောဓာတ်နှင့် နှာခေါင်းအကြည်ဓာတ် တိုက်ခတ်မှုကြောင့် ကြမ်းထမ်းစွာထိ၏၊ ထိပြီးလျှင် ၎င်းထိသဘောနှင့် ကြမ်းထမ်းသောသဘောတို့ သာလျှင် ချုပ်ပျောက်ကြပြန်၏။

သတိပဋ္ဌာန်နှင့် နုပဿနာတွဲ၍ရှုနည်း

ထိုမှတဖန် ထွက်လေ၏နောက်သို့ သတိဖြင့်ကပ်မှုကိုတော့ သတိပဋ္ဌာန်ဟူ၍ဆိုရ၏၊ သတိဖြင့်ကပ်ထားသော ထွက်လေ၏နောက်မှ ကန်သဘောကိုပညာနှင့် ထိုးထွင်း၍ သိအောင် သုံးသပ်ပွားများမှုကိုသာလျှင် နုပဿနာဟူ၍ဆိုရ၏။

ထွက်ဆဲလေကို သတိဖြင့်ကပ်မှုကိုတော့ သတိပဋ္ဌာန်ဟုဆိုရ၏၊ သတိဖြင့် ကပ်ထားသော ထွက်ဆဲထဲမှ နွေးသဘောကို ပညာနှင့် ထိုးထွင်း၍ သိအောင် သုံးသပ်ပွားများမှသာလျှင် နုပဿနာဟူ၍ဆိုရ၏။

ထွက်ဆဲ လေထဲမှ နွေးသဘော ဓာတ်နှင့် ထိဆဲသဘောကို သတိဖြင့်ကပ်မှုကိုတော့ သတိပဋ္ဌာန်ဟုဆိုရ၏။ သတိဖြင့် ကပ်ထားသော ထိဆဲထဲမှ နူးညံ့မှုကိုပညာနှင့် ထိုးထွင်း၍ သိအောင် သုံးသပ် ပွားများမှုကို သာလျှင် နုပဿနာဟူ၍ဆိုရ၏။

ထို့အတူပင် လေ၏နောက်သို့ သတိဖြင့်ကပ်မှုကိုတော့ သတိပဋ္ဌာန်ဟုဆိုရ၏၊ သတိဖြင့်ကပ်ထားသော ဝင်လေ၏

နောက်မှ တွန်းသဘောကို ပညာနှင့်ထိုးထွင်းရှုသိအောင် သုံးသပ်ပွားများမှုကိုသာလျှင် နုပသနာဟူ၍ဆိုရ၏။

ဝင်ဆဲလေကို သတိနှင့်ကပ်မှုကိုတော့ သတိပဋ္ဌာန်ဟု ဆိုရ၏၊သတိဖြင့်ကပ်ထားသော ဝင်ဆဲထဲမှအေးသဘောကို ပညာနှင့် ထိုးထွင်းရှုသိအောင် သုံးသပ်ပွားများမှုသာလျှင် နုပသနာဟုဆိုရ၏။

ဝင်ဆဲလေထဲမှ အေးသဘောစောတ်နှင့် ထိဆဲသဘောကို သတိဖြင့်ကပ်မှုကိုတော့ သတိပဋ္ဌာန်ဟုဆိုရ၏၊ သတိဖြင့်ကပ်ထားသော ထိဆဲထဲမှ ကြမ်းထမ်းမှုကို ပညာနှင့် ထိုးထွင်းရှု သိအောင် သုံးသပ် ပွားများမှုကို သာလျှင် နုပသနာဟူ၍ဆိုရ၏။

မဟာဘုတ်လေးပါးကိုပိုင်းခြားရှုနည်း

ရှင်းသတိဖြင့် ကပ်ထားသော သတိပဋ္ဌာန်အလုပ်နှင့် သုံးသပ် ပွားများမှု နုပသနာအလုပ်တို့ကို အားထုတ်မှုကြောင့် ဉာဏ်ဖြင့်မြင်၍ ပညာနှင့်ထိုးဖောက်ပြီး သိအပ်သော ဝင်လေကြောင့် ထိမှုထဲမှ ကြမ်းထမ်း ခက်မာမှုသဘောနှင့် ထွက်လေကြောင့် ထိမှုထဲမှ နူးညံ့ပျော့ပျောင်းသော သဘောနှစ်ခုကိုသာလျှင် ပထဝီဟူ၍ဆိုရ၏၊

ဝင်လေထဲမှ အေးသဘောနှင့် ထွက်လေထဲမှ နွေး-သဘောကိုသာလျှင် တေဇောဟူ၍ ဆိုရ၏။

ဝင်လေနောက်မှ တွန်းသဘောနှင့် ထွက်လေ နောက်မှ ကန်သဘောနှစ်ခုကိုသာလျှင် ဝါယောဟူ၍ ဆိုရ၏။

ထိုပထဝီ တေဇော ဝါယော-ဟူသော မဟာဘုတ်ကြီး သုံးပါးကိုတော့ အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ထင်ရှားစွာ အာရုံနှင့်တွေ့လို့ ဉာဏ်ဖြင့် မြင်၍ ပညာနှင့် ထိုးဖောက်ပြီး အပြားအားဖြင့် သိအပ်၏။

ဖွဲ့ပတ်မှုသဘောနှင့် ယိုစိမ်းမှုသဘော အာပေါ်တည်းဟူသော မဟာဘုတ်တပါးကိုတော့ အလွန် အလွန် သိမ်မွေ့သောအရာဖြစ်ခြင်းကြောင့် ကောင်းစွာ မထင်ရှားနိုင်ပေ၊ သို့သော် အာပေါမဟာဘုတ် မည်သည်မှာ အေးသဘောကြောင့် ဖွဲ့ပတ်မှု သဘောနှင့် ပူသဘောကြောင့် ယိုစိမ်းမှု သဘော။

တဖန် အေးသဘောကြောင့် ယိုစိမ်းမှု သဘောနှင့် ပူသဘောကြောင့် ပတ်ဖွဲ့မှုသဘောတို့ဖြစ်ကြ၏၊ ၎င်းဖွဲ့ပတ်မှုသဘောနှင့် ယိုစိမ်းမှုသဘော လက္ခဏာနှစ်ခု ကိုသာ အာပေါမဟာဘုတ်ဟူ၍ ယူအပ်ခြင်းကြောင့် ပထဝီ အာပေါ တေဇော ဝါယောတို့ကို မဟာဘုတ်ကြီး လေးပါးဟူ၍ ယူအပ်၏၊ (မဟာဘုတ်ရှုနည်းပြီး၏)။

ဓာတ်ကြီးလေးပါးကို ပိုင်းခြား၍ ရှုနည်း

၎င်းပြဆိုခဲ့သော အကျိုး မဟာဘုတ်ကြီး လေးပါးတို့သည် အကြောင်းဖြစ်သော ဓာတ်ကြီး လေးပါးတို့ကြောင့် သာလျှင် ဖြစ်ပေါ်ကြလေ၏၊ အဘယ်ကဲ့သို့ ဖြစ်ပေါ်ကြပါသနည်းဟု ဆိုရသော် ပျော့အောင်ဆောင်သော ဓာတ်နှင့် မာအောင် ဆောင်သော ဓာတ်အကြောင်း တို့ကြောင့်

ဓာတ်ကြီးလေးပါးကို ဝိုင်းခြားရှုနည်း ၁၁၉

သာလျင် ပျော့မှုနှင့် မာမှုအကျိုး ပထဝီဟု၍ ဖြစ်ပေါ်လာကြ၏။

ဖွဲ့ပတ်အောင် ဆောင်သောဘောနှင့် ယိုစီးအောင် ဆောင်သော ဓာတ်အကြောင်းတို့ကြောင့် သာလျင် ဖွဲ့ပတ်မှုနှင့် ယိုစီးမှု အကျိုးအာပေါဟူ၍ ဖြစ်ပေါ်လာကြ၏။

ပူအောင် ဆောင်သော ဓာတ်နှင့် အေးအောင် ဆောင်သောဓာတ်အကြောင်းတို့ကြောင့် သာလျင် ပူမှုနှင့် အေးမှုအကျိုး တေဇောဟူ၍ ဖြစ်ပေါ်လာကြ၏။

တွန်းအောင်ဆောင်သောဓာတ်နှင့် ကန်အောင်ဆောင်သော ဓာတ်အကြောင်း တို့ကြောင့် သာလျင် တွန်းမှုနှင့် ကန်မှုအကျိုး ဝါယောဖြစ်ပေါ်လာကြ၏။

ထိုကြောင့်-ပထဝီနှင့်ယှဉ်သောဓာတ်က တခြား။
အာပေါနှင့်ယှဉ်သောဓာတ်က တခြား။
တေဇောနှင့်ယှဉ်သောဓာတ်က တခြား။
ဝါယောနှင့်ယှဉ်သော ဓာတ်က တခြား။

ဟူ၍-အကျိုးဖြစ်သော ပထဝီ အာပေါ တေဇော ဝါယော ဟူသော မဟာဘုတ်ကြီး လေးပါးတို့နှင့် အကြောင်း ဖြစ်သည့် ဓာတ်ကြီး လေးပါးတို့ကို အကြောင်းကဓာတ် အကျိုးက ဘုတ်ဟူ၍ ဝိုင်းခြားပြီး ယူအပ်၏၊ (ဓာတ်ကြီး လေးပါးကို ဝိုင်းခြား၍ ရှုနည်းပြီး၏)။

ခန္ဓာကိုရှုနည်း

ပြဆိုခဲ့သော အာနာပါနကို အကြောင်းပြု၍ သတိပဋ္ဌာန်နှင့် နုပဿနာ အလုပ် တို့ကြောင့် မဟာဘုတ်ကြီး လေးပါးတို့နှင့် ဓာတ်ကြီးလေးပါးတို့ကို ဝိုင်းခြား၍ ရှုပွားပြီးသည့်နောက် ဝင်လေထဲကဓာတ်ကြီး လေးပါး တို့နှင့် နာခေါင်းအကြည်ထဲမှ ဓာတ်ကြီး လေးပါးတို့ တိုက်ခတ်သည့်အခါမှာ ချက်ချင်း ထိကြပြန်လေ၏။

ထိုထိဆဲခဏမှာပင် ဝင်လေထဲက ဓာတ်ကြီး လေးပါးနှင့် နာခေါင်းအကြည်ထဲမှ ဓာတ်ကြီးလေးပါးတို့ စုပေါင်းဆဲကိုသာ ခန္ဓာဟုဆိုရ၏။

ထိုစုပေါင်းမှုခန္ဓာတပါး ဖြစ်ပေါ်သည်နှင့်အမျှ မနောအကြည်ပေါ်မှလည်း စုပေါင်းမှုလေးခု ခန္ဓာလေးပါး ဖြစ်ပေါ်၍ လာမလေ၏၊ ထို ခန္ဓာငါးပါးတို့ သည်လည်း ပရမတ္ထခန္ဓာဟူ၍ ယူအပ်၏။

သို့သော် မနောအကြည်ထဲမှ စုပေါင်းမှုလေးခု ခန္ဓာလေးပါးကိုတော့ မြင်နိုင် သိနိုင်ဘို့ရန် မလွယ်ကူချေ၊ နာခေါင်းဝအတွင်း ထိမှုထဲက စုပေါင်းမှုတခု ခန္ဓာတပါး ကိုသာလျှင် မြင်ရသိရဦးမည်ဖြစ်၏။

ဂုဏ်ပြုဆိုထားသော စုပေါင်းမှု ခန္ဓာတို့ကို ဉာဏ်ဖြင့် ဝိုင်းခြား၍ ပညာနှင့်ထိုးဖောက်ပြီး သိရှိစေခြင်းငှာ အားထုတ်ရမည်မှာ နှာသီးဝ၏ အတွင်းမှာ ပစ္စုပ္ပန် ထိဆဲသဘောကို သတိဖြင့် ကပ်၍ သတိဖြင့် ကပ်ထားသော

ပစ္စုပ္ပန် ထိုထိဆဲသဘောထဲမှ တင်းကနဲ တင်းကနဲဟူသော ဓာတ်သဘောတို့ စုပေါင်းဆဲသဘောကို ဉာဏ်နှင့် နှိုက်၍ သုံးသပ် ပွားများရမည် ဖြစ်၏။ (ခန္ဓာကိုပိုင်းခြား၍ ရှုနည်း ပြီး၏)။

ထိုသို့ပစ္စုပ္ပန် ထိဆဲထဲမှစုပေါင်းမှုခန္ဓာတို့ကို ပိုင်းခြား၍ မြင်ရသိရပြီးသည့်နောက် ထိုစုပေါင်းမှု ခန္ဓာထဲမှ တဖန် ဖောက်ပြန်မှုသဘောဟူသော ရုပ်တို့ကို ဉာဏ်ဖြင့်ပိုင်းခြား မြင်၍ ပညာနှင့် ထိုးဖောက်ပြီး သိနိုင်စေခြင်းငှာ သတိကပ်၍ သုံးသပ်ပွားများရဦးမည်ဖြစ်၏။

အဘယ်ကဲ့သို့ သတိဖြင့်ကပ်၍ သုံးသပ် ပွားများရမည်နည်းဆိုရသော် ပြဆိုထားသော ခန္ဓာတည်းဟူသော စုပေါင်းမှု တခုကို သတိဖြင့်ကပ်၍ ထိုစုပေါင်းမှုထဲမှ ဖောက်ပြန်မှုတို့ကိုသာ သုံးသပ်ပွားများရမည်ဖြစ်၏။

ရုပ်တို့ကိုပိုင်းခြား၍ရှုနည်း

ရုပ်ဟူသည်မှာ ဖောက်ပြန်မှုသဘောမျှကိုသာ ရုပ်ဟူ၍ ယူအပ်၏၊ ထိုရုပ်ဟူသော ဖောက်ပြန်မှု သဘောတို့သည် အဘယ်ကြောင့် ဖောက်ပြန်ကြပါသနည်းဟု ဆိုရသော် ၎င်းခန္ဓာ တည်းဟူသော ဓာတ်သဘောတို့ စုပေါင်း၍ နေကြသော်လည်း ထိုစုပေါင်းမှုအထဲမှ မတဲ့တတ်သော ဓာတ်တို့တိုက်ခတ်ခြင်းကြောင့်သာလျှင် ဖျင်းဖျင်း ဖျင်းဖျင်း စိစိစ် စိစိစ်ဟူသော ဖောက်ပြန်မှုသဘောတို့ ဖြစ်ပေါ်၍ လာကြလေ၏။

ထိုပစ္စုပ္ပန်ဖြစ်ပေါ်၍လာသော ဖောက်ပြန်ဆဲသဘော တို့ကိုသာလျှင် ပရမတ္ထရုပ်ဟူ၍ ယူအပ်၏။

ထို့ကြောင့် ထွက်လေကြောင့် ထိမှုအကျိုး ထိမှု အကြောင်းထဲမှ စုပေါင်းမှုခန္ဓာ အကြောင်းထဲမှ ဖောက် ပြန်မှု ရုပ်အကျိုးတို့နှင့်-

ဝင်လေကြောင့် ထိမှုအကျိုး ထိမှု အကြောင်းထဲမှ စုပေါင်းမှုခန္ဓာ အကျိုး စုပေါင်းမှုခန္ဓာ အကြောင်းထဲမှ ဖောက်ပြန်မှုရုပ် အကျိုးတို့ကို ခြားနားစွာ သတိဖြင့်ကပ်၍ သုံးသပ်ပွားများမှ သတိပဋ္ဌာန်နုပဿနာအလုပ်တို့ကြောင့် ဉာဏ်ဖြင့် ပိုင်းခြားပြီး ပညာနှင့် ထိုးဖောက်၍ သိပြီး သည့်နောက်-

ထိုရုပ်တည်းဟူသော ဖောက်ပြန်မှုကို အကြောင်းပြု၍ မနောအကြည်ပေါ်မှ စုပေါင်းမှု လေးခုတို့အပေါ်၌မှီပြီး ဖြစ်ကြသော နာမ်ပစ္စည်းလေးပါးတို့ကို ဉာဏ်ဖြင့်ဝိုင်းခြား မြင်၍ ပညာနှင့် ထိုးဖောက်ပြီး သိရှိနေခြင်းငှာ တဖန် ထပ်မံ၍ သတိဖြင့်ကပ်ပြီး သုံးသပ်ပွားများရဦးမည်ဖြစ်၏။ (ရုပ်ရှုနည်းပြီး၏)။

အဘယ်ကဲ့သို့ သတိဖြင့်ကပ်၍ သုံးသပ်ပွားများရပါသနည်းဟု ဆိုရသော် ပြဆိုထားသော မနောအကြည်ပေါ်မှစုပေါင်းမှုလေးခုတို့ကို သတိဖြင့်ကပ်၍ထိုစုပေါင်းမှုလေးခုတို့အပေါ်မှီပြီး ဖြစ်ကြသော နာမ်ပစ္စည်းလေးပါးတည်းဟူသော ပြုပြင် ခံစားမှု သိသဘောလေးပါး တို့ကိုသာလျှင် တဖန်သုံးသပ်ရမည်ဖြစ်၏။

နာမ်ကို ပိုင်းခြား၍ ရှုနည်း

ထိုသို့ မနောအကြည်ပေါ်မှ စုပေါင်းမှု လေးခု တို့၌ သတိဖြင့် ကပ်၍ နာမ်ပစ္စည်း လေးပါးတို့ကို ညှာ်ဖြင့် ပိုင်းခြားမြင်၍ ပညာနှင့် ထိုးဖောက်ပြီးသိအောင် သုံးသပ်ပွားများသောအခါ ပြဆိုခဲ့ပြီးသော နှာခေါင်းဝ အတွင်း ထိခန္ဓာတခုထဲက ဖောက်ပြန်မှုတို့ ဖြစ်ပေါ်သည်နှင့် အမျှ မနောအကြည်ပေါ်မှ စုပေါင်းမှု လေးခု အပေါ်မှာလည်း ပြုပြင်မှု၊ ခံစားမှု မှတ်မှု သိမှု သဘောလေးပါး တို့သည် မရွေးမနှောင်း ဖြစ်ပေါ်ကြပြန်၏။

ဖြစ်ပေါ်ဆဲဖြစ်သော နာမ်ပစ္စည်း လေးပါးတို့ကိုလည်း ပိုင်းခြားပြီး မြင်နိုင် သိနိုင် စေခြင်းငှာ သင်္ခါရ တည်းဟူသော ပြုပြင်မှုသဘောကိုလည်း၊ ဝေဒနာ တည်းဟူသော ခံစားမှု သဘောကိုလည်း၊ သညာ တည်းဟူသော မှတ်မှု သဘောကိုလည်း၊ ဝိညာဏ်တည်းဟူသော သိမှုသဘောကိုလည်း တခုခုကိုစွဲမြဲ၍ သုံးသပ်ပြီးမှ သာလျှင် ကျန်ရှိသော သဘောတို့ကို ပြည့်စုံစွာ မြင်အောင် သိအောင် သတိကပ် သုံးသပ်ရမည်ဖြစ်၏။

ထိုသို့ ပြုပြင်မှု ခံစားမှု မှတ်မှု သိမှုဟူသော နာမ်ပစ္စည်း လေးပါးတို့ကို ပိုင်းခြား ထင်ထင် ညှာ်မြင်၍ ပညာနှင့် ထိုးဖောက်ပြီး မြင်မှ သိမှသာလျှင် နာမ်ပစ္စည်း လေးပါးတို့ကို မြင်ရာ သိရာမည်ပေ၏။ (နာမ်ကိုပိုင်းခြား၍ ရှုနည်းပြီး၏)။

ဂုဏ်နာဓ်ပစ္စည်းလေးပါးတို့ကို ဝိုင်းခြားပြီး မြင်ရသိရပြီး သည့်နောက် ပြဆိုခဲ့ပြီးသော နာဓေါင်းအတွင်း ထိခန္ဓာတခုထဲမှ ဖောက်ပြန်မှု သဘောနှင့်မနော အကြည်ပေါ်မှ စုပေါင်းမှုလေးခု ခန္ဓာလေးပါးပေါ်၌မှီ၍ ဖြစ်ဆဲဖြစ်သော ပြုပြင်မှု ခံစားမှု မှတ်မှု သိမှု သဘောတို့ကို တွဲဖက်ပြီး သတိဖြင့်ကပ်၍ သုံးသပ်ပွားများရမည်ဖြစ်၏။

ဤသို့ သတိဖြင့် ကပ်၍ သုံးသပ် ပွားများမှ သာလျှင် ထို ဖောက်ပြန်မှု သဘော၊ ခံစားမှု သဘော၊ မှတ်မှု သဘော၊ တိုက်တွန်းမှု သဘော၊ သိမှု သဘော တည်းဟူသော သဘောအပြား ငါးပါးတို့ကို ဝိုင်းခြား ကန့်သတ်၍ မြင်ရသိရခြင်းကြောင့် ရုပ်နှင့်နာမ်ကို ဝိုင်းခြားပြီး မြင်သည်၊ သိသည်ဟူ၍ ဆိုရ၏။

မှတ်ချက်။ ။ယောဂိတို့-ပုံပန်း သဏ္ဌာန် ဃန အဆိုင်အခဲ တွေ့လည်းမပါ အဖြူ အနီ အကြောက် အကျား အရောင်အဆင်း အလင်း အရိပ် နိမိတ်တွေ သုဉ်းဆိတ်ပြီး နေမှသာ ပရမတ္ထ ရုပ်သဘောနှင့် နာမ် သဘောတို့ကို မြင်သော ဝိပဿနာဉာဏ် အစစ် ဖြစ်၏။

ဂုဏ် ရရှိထားသော ဝိပဿနာ ဉာဏ်ဖြင့် တဖန် ရှုပြန်သော် အာနာပါနကိုအကြောင်းပြု၍ နာဓေါင်းဝ အတွင်းဝင်မှု ထွက်မှုတို့ကြောင့် အရှုခံဖြစ်သည့် ပစ္စုပ္ပန် ပေါ်ဆဲ ဖောက်ပြန်မှုသဘော ပြုပြင်မှုသဘော ခံစားမှု သဘော မှတ်မှုသဘော သိမှုသဘော အပြားငါးပါး

တို့သည် မရှိတဲ့နေရာမှ မပြတ်ဒလစပ်ဖြစ်ပေါ်ကြပြီး မရှိတဲ့နေရာသို့သာလျှင် မပြတ်ဒလစပ် ပျက်ကုန်ကြလေ၏။

ထိုသို့ ရုပ်နာမ်တို့၏ ဖြစ်သဘောနှင့် ပျက်သဘောတို့ကို ရှုကြည့်၍နေရာမှ ပျက်မဲ့ပစ္စုပ္ပန် ရုပ်နာမ်သဘောတွေသာ ဖြစ်လို့ ဖြစ်နေဆဲ ပစ္စုပ္ပန် ရုပ်နာမ် သဘောတွေသာလျှင် ပျက်ပျက်ကုန်ကြပါကလား။

၎င်းပစ္စုပ္ပန်ပေါ်ဆဲ ရုပ်နာမ်တို့၏ ပျက်ပျက်နေသော သဘောတို့ကို ရှုကြည့်၍ မြင်ရ သိရဖန်များသောကြောင့် စိတ်ထဲ၌ တုန်လှုပ်ချောက်ချားပြီး ကြောက်သလိုလို လန့်သလိုလို ဘေးထင်၍နေပြန်၏။

ဤသို့ပစ္စုပ္ပန်ပေါ်ဆဲ ရုပ်ပျက် နာမ်ပျက်တို့ကိုရှုကြည့်၍ စိတ်ထဲ၌ ဘေးထင်၍ နေသည်ကို မြင်ရ သိရ၍ ပထမစိတ်ထဲ၌ ဘေးထင်၍ နေမှကြောင့် ဖြစ်ပျက်တခုခုကိုရရှိနေတိုင်းသကဲ့သို့ ဒုတိယစိတ်ထဲ၌ အပြစ်ဟူ၍ ထင်လာပြန်လေ၏။

မှတ်ချက်။ ။ယောဂီတို့ ရုပ်ပျက်နှင့် နာမ်ပျက် တို့ကို အပြစ်ဟူ၍မရှုအပ်။

ထိုဒုတိယစိတ်ထဲမှ အပြစ်တင်၍ နေသည်ကိုရှုကြည့်၍ မြင်ရသိရခြင်းကြောင့် လောက၌ မည်သူမည်ဝါတို့နှင့်မှ မနေချင်တော့ဘဲ မပျော်ဝိုက်တိုင်းသကဲ့သို့ တတိယစိတ်ထဲ၌ ငြီးငွေ့မှုဖြစ်ပေါ်၍လာပြန်၏။

ထိုတတိယစိတ်ထဲမှ ငြီးငွေ့မှုကို ရှုကြည့်၍ မြင်ရ သိရခြင်းကြောင့် ရုန်သူတို့၏ လက်တွင်း၌ ခြေ လက်တို့ကို

တုပ်နှောင်ပြီး အသေသတ်မည်ပြုရာတွင် သေရမည့်ဘေးမှ လွတ်မြောက်ချင်ဘိသကဲ့သို့ စတုဏ္ဍစိတ်ဆဲ၌ လွတ်လိုမှု ဖြစ်ပေါ်၍လာပြန်၏။

ထိုစတုဏ္ဍစိတ်မှ လွတ်လိုမှုသဘောကို ရှုကြည့်၍မြင်ရသိရသောအခါ ၎င်းစတုဏ္ဍ စိတ်ထဲမှ လွတ်လိုချင်ပါလျက်နှင့် အဘယ်အကြောင်းကြောင့် မလွတ်မြောက်ပါသနည်းဟူ၍ အကြောင်းနှင့်အကျိုးတို့ကို ဆင်ခြင်သုံးသပ်ပြန်လေ၏။

အဘယ်ကဲ့သို့ ဆင်ခြင်သုံးသပ်ပါသနည်းဟု ဆိုရသော် ဥပမာပြုရမည်ဆိုလျှင် ရန်သူတို့က ပုဂ္ဂိုလ်တယောက်အား အသေသတ်မည်ဟု ခြေလက်တို့ကို ကြိုးဖြင့် တုပ်နှောင်ထားသောအခါ ထိုရန်သူတို့၏လက်တွင်းမှ လွတ်မြောက်လို၍ သခါနိုးဌ် ကြိစည်တွေးတောပုံမှာ သေမည့်ဘေးမှ မလွတ်မြောက်ခြင်းသည် ရန်သူတွေကြောင့် မလွတ်မြောက်ထာလား၊ သို့တည်းမဟုတ် ရန်သူတို့ကသေရမည့်ပုဂ္ဂိုလ်၏ ခြေလက်တို့ကို တုပ်နှောင်ထားသည့် ကြိုးကြောင့် မလွတ်မြောက်ထာလားဟူ၍ ကြိစည်တွေးတောရာ-

ရန်သူ တို့ကြောင့် မလွတ် မြောက်ခြင်း မဟုတ်ဘဲ ထိုရန်သူတို့က သေရမည့်ပုဂ္ဂိုလ်၏ ခြေလက်တို့ကို တုပ်နှောင်ထားသည့် ကြိုးကြောင့် သေမည့်ဘေးမှ မလွတ်မြောက်နိုင်တဲ့ တုပ်နှောင်ထားသော ကြိုးတည်းဟူသော အကြောင်းကြောင့်ပါတကား-ဟူ၍ မြင်ရသိရခြင်းကြောင့် သေမည့်ဘေးမှလွတ်မြောက်ရန် ၎င်းတုပ်နှောင်ထားသော

ကြိုးကိုရှုန်းကန် ဖြတ်ခတောက်မည်ဟု စိတ်ကူးကြံစည်တိ
သကဲ့သို့-

ထို့အတူ သေရမည့် ပုဂ္ဂိုလ်နှင့် တူလှသောစိတ်၏ မလွတ်မြောက်ခြင်းသည် ရန်သူတို့နှင့်တူသော ရုပ်နာမ်တို့၏ဖြစ်ပျက်ကြောင့် မလွတ်မြောက်ထာလား၊ သို့တည်းမဟုတ် တုပ်နှောင်ထားသည့် ကြိုးနှင့် တူသော ရုပ်နာမ်ဖြစ်ပျက်တို့နှင့် ဆက်စပ်သောအာရုံကြောင့် မလွတ်မြောက်ထာလား-ဟု ဆင်ခြင်သုံးသပ်သောအခါ-

သြော်-သေရမည့် ပုဂ္ဂိုလ်နှင့် တူလှစွာသော စိတ်၏ မလွတ်မြောက်ခြင်းသည်ကား၊ ဆိုလျှင် ရန်သူတို့နှင့်တူသော ရုပ်ဖြစ်ပျက် နာမ်ဖြစ်ပျက်တို့ကြောင့် မဟုတ်ပါဘဲ တုပ်နှောင်ထားသော ကြိုးနှင့်တူသည့် ၎င်းရုပ်ပျက် နာမ်ပျက်တို့နှင့်ကျရောက်ဆက်စပ်သောအာရုံ အကြောင်းကြောင့်ပါတကား၊ ၎င်းအကြောင်းအာရုံကိုသာလျှင် လျစ်လျူရှု၍ပယ်ဖြတ်မည်ဟု ပဋ္ဌမ စိတ်ထဲ၌ ဆုံးဖြတ်ချက် ချလိုက်လေ၏။

ထိုသို့ပဋ္ဌမစိတ်ထဲမှ ဆုံးဖြတ်ချက်ချသည်အားလျော်စွာ ၎င်းအရှုခံအာရုံနှင့် ဆက်စပ်သောရုပ်ပျက် နာမ်ပျက်တို့ကို တဖန် ရှုကြည့်၍ ဆင်ခြင်ပြန်သော် ထိုရုပ်ပျက် နာမ်ပျက်ကိုသည် ယခုပစ္စုပ္ပန်၌ ဖြစ်ပျက်ပြီး ကုန်ဆုံးချုပ်ပျောက်သလို လွန်ခဲ့သော အတိတ်တုန်းကလည်း ဖြစ်ပျက်၍ ကုန်ဆုံးချုပ်ပျောက်ခဲ့ကြပြီ၊ နောင် အနာဂတ်ကျတော့လဲ ဒီလိုဘဲ ဖြစ်ပျက်ပြီး ကုန်ဆုံး ချုပ်ပျောက်ဦးမှာဘဲ-ဟု

အတိတ် ပစ္စုပ္ပန် အနာဂတ် တည်းဟူသော ကာလ သုံးပါးဌ ဖြစ်ပျက်တို့၏အမြဲမရှိခြင်း၊ ထိုဖြစ်ပျက်တို့၏ အမြဲမရှိခြင်းကြောင့် ဆင်းရဲခြင်း ထိုဆင်းရဲစရာ အမြဲမရှိသော ဖြစ်ပျက်တို့သည် အလိုသို့မလိုက် အစိုးမရခြင်းဟူသော သဘောမျှ သက်သက်ပါကလား- ဟူ၍ ကာလသုံးပါး ဖြစ်ပျက်လောကနှင့် ဆက်စပ်သော အာရုံကို ဝိပဿနာတို့၏ ရင့်သန်သောဉာဏ်နှင့်ယှဉ်တဲ့ ပညာအသိက ၎င်း အာရုံကိုလျစ်လျူရှု၍ ပယ်ဖြတ်သည်နှင့်တပြိုင်နက် ချိုင့်ကနဲ တနည်း ဒင်းကနဲ ဘဝင်ပြုတ်၍ ခန္ဓာငါးပါး ရုပ်နာမ် ဖြစ်ပျက်တို့ ချုပ်ပျောက်ပြီး ကာလသုံးပါးမှ လွန်မြောက်၍ လွှစ်ခနဲဖြစ်ပြီး အတွင်းဖြစ်ပျက်နှင့် အပြင်ဖြစ်ပျက် နှစ်ဌာန အကြား လွတ်နေသည့် နဂိုပကတိ အချုပ်ဖြစ်သော (အသင်္ခတ) သဘောသို့ ဆိုက်ရောက်လေတော့သတည်း။

နိဒါန်း

ထို့ကြောင့် ယခုအခါ သာသနာတော် မြတ်ကြီးကို သက်ဝင်ယုံကြည်ပြီး နေထိုင်ကြကုန်သော ဒကာ-ဒကာမ တို့သည် ငါသေလျှင် ဘယ်ဘုံ ဘယ်ဘဝကို ရောက်မည်ဟူ၍ ရိပ်စားမိကြရဲလား၊ ရိပ်စားမိကြသော်လည်း မိမိတို့ရဲ့ စိတ် ကလေးတွေထဲမှ ကုသိုလ်ဖြစ်ဆဲနှင့် အကုသိုလ် ဖြစ်ဆဲတို့ကို ကုသိုလ်တွေ များများဖြစ်နေတဲ့ စိတ်တွေလား၊ သို့မဟုတ် အကုသိုလ်တွေသာ များများကြီးဖြစ်နေတဲ့ စိတ်တွေလား ဟူ၍ ကိုယ့်စိတ်ကလေးတွေကို စစ်ဆေးပြီး ကြည့်နိုင်ကြ ပြီလား။

ဒီလိုစစ်ဆေးပြီး ကြည့်နိုင်တို့ကလည်း တရားအားထုတ် သော ယောဂီတို့မှသာလျှင် စစ်ဆေးကြည့်လို့ သိနိုင်ပါ တယ်၊ ဒီတော့ ကုသိုလ်စိတ်တွေနှင့် နေထိုင်ပြီး သေမှာ လား၊ အကုသိုလ်စိတ်တွေနှင့် နေထိုင်ပြီး သေကြမှာလား၊ ဒါမှမဟုတ်လျှင် ကုသိုလ် အကုသိုလ်မကင်ငြိတဲ့ စိတ်တို့နှင့် နေထိုင်ပြီး သေကြမှာလား။

ယောဂီတို့-အကယ်၍ အကုသိုလ်စိတ်တွေနှင့်နေထိုင်ပြီး သေကြမယ်ဆိုလျှင် အပါယ် လေးဘုံစာတွေ ဖြစ်ကုန်ကြ လိမ့်မယ်၊ ကုသိုလ်စိတ်တွေနှင့် နေထိုင်ပြီး သေကြမယ် ဆိုလျှင်တော့ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆင်းရဲမှု မလွတ်တဲ့ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံ လောကသာ ရောက်ကြမှာဘဲ။

ဇနဆာသယ ၁၄၄-၉



၁၃ နိုဂုံး

ကုလိုလ် အကျဉ်းတော် မဖြစ်တဲ့ စိတ်တို့နှင့် နေထိုင်ပြီး သေကြမှသာလျှင် သုံးဆယ့်တဘုံမှလွန်မြောက်ပြီး နိဗ္ဗာန်သို့ ရောက်ကြမည်ဖြစ်ပါတယ်။

အဲဒီတော့ ယောဂီတို့-အိုဒုက္ခနှင့် နာဒုက္ခတို့ ကိုတော့ ယောဂီတိုင်းလိုလို တွေ့ကြုံခံစားပြီး နေရတယ် မဟုတ်ပါလား၊ ဒီလို အိုဒုက္ခနှင့် နာဒုက္ခတို့ကို တွေ့ကြုံခံစားပြီး နေရပါလျှင် ရွှေမှာသေရမဲ့ ဒုက္ခကြီးကတော့ မြေကြီးကို လက်ပါးနှင့်ပုတ်လိုက်လျှင် လွဲချင်လွဲလိမ့်မယ်၊ ဒီသေရမဲ့ ဒုက္ခကြီးကတော့ ဇကန်မလွဲ အမှန်သေရမှာဘဲ။

သေရမယ်လို့ဆိုတော့ ယောဂီတို့ စဉ်းစားကြည့်လိုက်ကြစမ်းပါ၊ အော်-ငါသည် အမှန် စင်စစ်တော့ သေရအောင် လာတာပါလား၊ သေရအောင် လာတာကြောင့် အမှန်ပင် ငါသေရဦးမှာပါကလား။

အော်-ရွှေမှာ ဆိုလျှင် သေဘို့ တချက်သာလျှင် ရှိပါတော့တကား၊ မသေခင် တခဏမှာပင် ရင်ဝလုံစူး ထိပ်ဦးမီးလောင် ဒါတောင်မှ မဖယ်ရှားအားဘဲ လောကီ ဥစ္စာရတနာတွေထက် အရေးကြီးလှစွာသော လောကုတ္တရာရတနာဖြစ်သည့် နိဗ္ဗာန်မြတ်ကို မရောက် ရောက်အောင် သမထနှင့် ဝိပဿနာ အလုပ်တို့ကို အားထုတ် မဟဲ့လို ယောဂီ တို့သည် ဆုံးဖြတ်ချက် ချကြပြီး ထိုသမထနှင့် ဝိပဿနာအလုပ်တို့ကိုသာလျှင် မလစ်လပ်သော သတိဖြင့် သေသည့် တိုင်အောင်အထိ ကျင့်ကြံ ကြိုးကုတ် အားထုတ် နိုင်ကြပါစေကုန်သတည်း။

ဆုဖေပေး

ဤဝိပဿနာ ဓမ္မတက္ကသိုလ်ကျမ်းစာကို ဖတ်ရှု၍ အား ထုတ်ကြကုန်သော ယောဂီ အပေါင်း တို့သည် အပါယ် လေးဘုံမှလွတ်မြောက်ကြပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာ ခြင်းနှင့် တကွ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ၍ ချမ်းသာကြပြီးလျှင် ကပ်ကြီးသုံးပါး ကျော်နိုင် နင်းနိုင်၍ ကိုးဆယ့် ခြောက်ပါးသော ရောဂါ အဖြာဖြာ တို့သည် ပိန်းကြောဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင် လျှောကျပြီး မိမိတို့ လိုအင်ကြောင့်ကြ ဇောင့်တကြ ကုန်သော နှစ်လိုသော လောကီ လောကုတ် အကျိုးစီးပွား တို့နှင့် တလုံး တဝတည်း ပြည့်စုံကြကုန်သည်ဖြစ်၍ မအိုရ, မနာရ, မသေရသော အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်သို့ ယခုအချိန် ယခုဘဝမှစ၍ လွယ်သောအကျင့် လျင်သောအသိ ဉာဏ် ပညာဖြင့် ပြည့်စုံ၍ သာသနာတော် မြတ်ကြီး၏ အတွင်း အထိပ်မှ ပြုစုပျိုးထောင်နိုင်ကြကုန်သော အရိယာသာဝကပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးများ ဖြစ်ကြပါစေကုန်သတည်း။

မိုးညိုဆရာတော်
ရန်ကုန်။

မြန်မာနိုင်ငံစာပေဖွံ့ဖြိုးရေးအဖွဲ့
စာကြည့်တိုက်

-၁၅၉၃-

ရန်ကုန်မြို့၊ ဥက္ကဋ္ဌမြို့ မြောက်ဝိုင်း

ကျောက်ရေတွင်းရပ်ကွက်

မိုးညီဆရာတော်ဘုရား၏

ဝိပဿနာစမ္မတက္ကသိုလ်ကျမ်း

စာကြည့်တိုက်
မီဒီကာသာပြန်စာပေ
ပြန်ချီရေးတာရှိ

စတုဆုတွဲ